# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် ‘ဒေါသ’ ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက် | ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၃ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၇၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**အောင်ဆန်းအားကစားပြိုင်ဝင်းကြီးသည် အမည်အရသော်လည်းကောင်း၊ အစဉ်အလာအရသော်လည်းကောင်း၊ သက်တမ်းအားဖြင့်သော်လည်းကောင်း သမိုင်းရှိသည့်အားကစားကွင်းကြီးဖြစ်သကဲ့သို့ မြန်မာ့အားကစားအောင်မြင်မှု စတင်ခဲ့သည့် နေရာတစ်ခုလည်းဖြစ်**

# အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်၍ နောင်တွင် အိုလံပစ်အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်တည်ဆောက်ရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇူလိုင် ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁*❇


## ယနေ့ ဖတ် စ ရာ


**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၇) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ ရောက်ရှိ**
ပြည်တွင်းသတင်း | စာ - ၂

**ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေဖို့ လက်ဆင့်ကမ်း သွန်သင် ဆုံးမပေးကြစို့ ...**
ဆောင်းပါး | စာ - ၁၀

**ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် စွမ်းအင်ကဏ္ဍတို့အတွက် မီးစတစ်ဖက် ရေမှုတ်တစ်ဖက် ဖြစ်နေသည့် ဥရောပနိုင်ငံများ**
နိုင်ငံတကာရေးရာ | စာ - ၁၄

**ကော်ဖီမြို့တော် ပြင်ဦးလွင်ဖြစ်စေရန် အထောက်အပံ့ပြုမည့် ပြင်ဦးလွင်ကော်ဖီဥယျာဉ်ပွေးတောင်**
ဆောင်းပါး | စာ - ၁၈

# ယဉ်ကျေးမှုအမွေအနှစ်များသည် တစ်မျိုးသားလုံး၏ဂုဏ်သိက္ခာ

ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)က မြန်မာနိုင်ငံတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် အသိအမှတ်ပြုထားသည့် ရှေးမြို့ဟောင်း လေးမြို့ရှိသည်။ ၎င်းတို့မှာ ၂၀၁၄ ခုနှစ် ဇွန်လတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့နှင့် ၂၀၁၉ ခုနှစ် ဇူလိုင်လတွင် ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ကြေညာခဲ့သည့် ပုဂံမြို့တို့ဖြစ်သည်။

ယူနက်စကိုသည် ကမ္ဘာ့နိုင်ငံများက အဆိုပြုတင်သွင်းသည့် မြို့ဟောင်းများ၊ နေရာဒေသများ စသည်တို့ကို ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်(Outstanding Universal Value– OUV)များဖြင့် တိုင်းတာပြီး ကိုက်ညီမှုရှိမှသာ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအတွင်း ဒေသကွဲပြားစွာတည်ရှိနေသည့် ပျူမြို့ဟောင်းသုံးမြို့သည် အရှေ့တောင်အာရှဒေသ၏ ပထမဆုံးသော မြို့ပြယဉ်ကျေးမှုဖြစ်ပြီး ဗုဒ္ဓဘာသာကိုအခြေပြုသည့် ပထမဆုံးသော လူ့အဖွဲ့အစည်းလည်း ဖြစ်သည်။ ရေအရင်းအမြစ်များကို ကောင်းစွာစီမံခန့်ခွဲခြင်းနှင့် မြို့ပြအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများကို ကိုယ်ပိုင်ဟန်ဖြင့် ဖန်တီးတည်ဆောက်ခဲ့ခြင်း စသည်တို့အပါအဝင် ပျူမြို့ဟောင်းများတွင် တွေ့ရှိရသည့် ယဉ်ကျေးမှုအမွေအနှစ်သမိုင်းသက်သေအထောက်အထားများက ယူနက်စကို၏ ကမ္ဘာ့အမွေအနှစ် စံတန်ဖိုးသတ်မှတ်ချက်များနှင့် ကိုက်ညီ၍သာ ကမ္ဘာ့အမွေအနှစ်များအဖြစ် သတ်မှတ်ကြေညာခံရခြင်း ဖြစ်သည်။ ပျူမြို့ဟောင်းများကို ဇုန်နယ်နိမိတ်များ တိုင်းတာသတ်မှတ်ထားပြီး ရှေးဟောင်းအဆောက်အအုံတည်ရှိရာဇုန် (Ancient Monument Zone)၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် (Ancient Site Zone)၊ ကြားခံဇုန် (Buffer Zone)၊ ကာကွယ်ထိန်းသိမ်းရေးဇုန် (Protected and Preserved Zone) များ ပိုင်းခြားသတ်မှတ်ထားသည်။ ဥပဒေအရလည်း ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြဋ္ဌာန်းထားရာ နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ အားလုံးကို ကာကွယ်ထားခြင်းဖြစ်သည်။

ကိုဗစ်–၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားမှုတို့ကို အကြောင်းပြု၍ မိမိတို့နိုင်ငံအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များတည်ရှိရာ ဒေသအချို့တို့တွင် ဥပဒေမဲ့ပြုလုပ်နေမှုများရှိကြောင်း သိရှိရသည်။ လူသူရှင်းလင်းကင်းမဲ့နေမှုနှင့် တားဆီးကာကွယ်ထိန်းသိမ်းနိုင်မှု လျော့ရဲနေသည့် အခြေအနေကို အခွင့်ကောင်းယူကာ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ခိုးယူခြင်း၊ တူးဖော်ရှာဖွေခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများကို ပုံမှန်ကာလထက် ပိုမိုကျူးလွန်လာကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ဟောင်းများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသနှင့် မြန်မာနိုင်ငံ၏ တတိယမြောက် ကမ္ဘာ့အမွေအနှစ်ဖြစ်လာစေရန် ကြိုးပမ်းနေသည့် ရခိုင်ပြည်နယ်မှ မြောက်ဦးဒေသတို့အပါအဝင် ယဉ်ကျေးမှုအမွေအနှစ်များအားလုံးကို ဒေသခံပြည်သူများနှင့်တကွ တစ်မျိုးသားလုံးက ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် တာဝန်ရှိသည်။ မှောင်ခိုလမ်းကြောင်းမှတစ်ဆင့် အိမ်နီးချင်းနိုင်ငံအချို့၏ ဈေးကွက်များသို့ရောက်ရှိသွားသည့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များမှာ တန်ဖိုးကြီးမားလှသည့် အမျိုးသားရေးဂုဏ်သိက္ခာများပင် ဖြစ်ပါကြောင်း။ ။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ (၇)ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန် မြန်မာနိုင်ငံသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

မြန်မာနိုင်ငံက ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူလျက် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၇) ကြိမ်မြောက် မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် အထူးလေယာဉ်ဖြင့် ညောင်ဦး လေဆိပ်သို့ ရောက်ရှိလာခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်၊ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးအောင်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏာဟန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က လေဆိပ်၌ ကြိုဆိုခဲ့ကြသည်။ **(အပေါ်ယာပုံ)**



နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi နှင့်အတူ (၇)ကြိမ်မြောက် မဲခေါင် – လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **“ပန်းခင်း”**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃–၅–၂၀၂၁)မှ(၃–၁၁–၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်) ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁–၄–၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးရွာ ၃၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ဟိုပုံး ဇူလိုင် ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးရွာ ၃၁ ရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဟိုပုံးမြို့နယ်မှ ကျေးရွာ ၁၀ ရွာ၊ ဆီဆိုင်မြို့နယ်မှ ကျေးရွာ ၁၀ ရွာ၊ ပင်လောင်းမြို့နယ်မှ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပအိုဝ်းဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါစီမံကိန်းဆောင်ရွက်မည့် ကျေးရွာ ၃၁ ရွာမှာ ဟိုပုံးမြို့နယ် ကျောက်စု(လုံးထိန်)၊ ကုန်းတလေး၊ အုံယွန်း၊ ထီဆင်း၊ ခူးဟန်၊ ငိုချီး၊ နောင်ကွင်၊ ဟိုနမ့်၊ ထီလင်း၊ ကုန်းလိန်း(ပူးဝိန်း)၊ ကောင်းမှုဗွာ(ဘုရားဖြူ)၊ လုံမြင့်၊ စမ်းစုတ်၊ လုံမီ၊ ဘုရားဖြူ၊ မြို့ဦး၊ ကွန်နား၊ ဟန်လွဲ၊ ကောင်တယံ၊ ဟိုင်းနွဲ့၊ ဆီဆိုင်မြို့နယ် ပင်ငို၊ စလောင်းထောင်၊ ဟော်(တောင်)၊ ဘုရားဖြူမြေနီ၊ ကောင်းမှုဗွာ၊ မန်းဦး၊ ထီလျော့၊ ပြင်သာယာ၊ ထီလုံးဟီ၊ ထမ့်ဆိုင်း၊ နောင်ခုံး၊ နားလွယ်၊ ဖက်နံ၊ ကုန်းကျောင်း၊ တန့်ဆန်း၊ လွယ်မွန်း၊ ဟိုတင့်၊ ထမ့်ယမ်း(လယ်)၊ နားဆီးဆောက်၊ ပင်လောင်းမြို့နယ် ရှားဒိန်၊ စင်းတောင်း(လယ်)၊ ဆောင်းပြောင်း(နောက်)၊ ဇောင်းကျောင်းနား၊ ရေချို၊ ထီရိုးရွာမ၊ ထီးရိုးရှေ့၊ ပင်စိမ်းစု၊ ကံကော်ပင်၊ ခေါ်ပူး၊ ဝါးတာ၊ ဇောင်းပြူးလောင်း၊ ဇောင်းပြုံး၊ ဘုရားဖြူ တောင်လေး(တောင်)၊ တောင်ပေါ်၊ လူဖဲခြမ်း၊ ဆောင်းပြောင်း(တောင်)၊ တောင်လွယ်မောင်း(တောင်)၊ တောင်လွယ်မောင်း(မြောက်)၊ ခနွဲကောင်ထို၊ ကောင်ကျော်တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာများ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာတစ်ရွာ၏ လိုအပ်ချက်နှင့် အခွင့်အလမ်းများအပေါ် အခြေခံရေးဆွဲထားသည့်လုပ်ငန်းများ၊ ကျေးရွာပြည်သူလူထုကိုယ်တိုင် ကျေးရွာ၏ ပကတိလိုအပ်ချက်များဖော်ထုတ်ပြီး ကဏ္ဍအလိုက်ဖွံ့ဖြိုးရေးအစီအစဉ်များကို စနစ်တကျ စုပေါင်းပြီး ကဏ္ဍပေါင်းစုံပါဝင်သည့် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ရပ် ဖြစ်ပေါ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပအိုဝ်းဒေသကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရန်အတွက် မြို့နယ်အဆင့် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ ကျေးရွာများ ရွေးချယ်ဆောင်ရွက်ပြီးဖြစ်ရာ ယခုအခါ ကျေးရွာအတည်ပြုချက်ရရှိပြီးဖြစ်သောကြောင့် ကျေးရွာစီမံကိန်းကော်မတီများ ဖွဲ့စည်းခြင်း၊ သင်တန်းပေးခြင်း၊ စီမံချက်များ ရေးဆွဲခြင်း၊ ဦးစားပေးလုပ်ငန်းများ သတ်မှတ်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား အောင်ဆန်းအားကစားပြိုင်ဝင်း အဆင့်မြှင့်တင်တည်ဆောက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က ရှင်းလင်းတင်ပြစဉ်။

## ■ အားကစားကွင်းကြီးအတွင်း အားကစားနည်း ၈ မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျ ထည့်သွင်းတည်ဆောက်ရမည်ဖြစ်၊ ယာဉ်ရပ်နားရန်နေရာများနှင့် Public Area များ စနစ်တကျဖော်ဆောင်ပေးနိုင်ရန်လည်း တွက်ချက်စဉ်းစားဆောင်ရွက်ရန်လို

*❄ရှေ့ဖုံးမှ*

**ရှင်းလင်းတင်ပြ**

ဦးစွာ အစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် မျိုးသန့်နှင့် တာဝန်ရှိသူများက အားကစားဝင်းဆိုင်ရာ အချက်အလက်များနှင့် သမိုင်းအကျဉ်း၊ ၂၀၂၀ ခုနှစ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ အားကစားကွင်း အဆင့်မြှင့်တင်ရေးအတွက် ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု၊ အားကစားကွင်း အဆင့်မြှင့်တင်ရာတွင် အားကစားပရိသတ်များ အားကစားကွင်းအတွင်း ဝင်၊ ထွက်သွားလာမှု အဆင်ပြေစေရန်အတွက် Under Pass နှင့် Over Pass များ လျာထားဆောင်ရွက်ထားရှိမှု၊ ပရိသတ် ၃၀၀၀ ဆံ့ မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ရန် လျာထားမှုအခြေအနေ၊ လျာထားအားကစားဝင်းပုံစံများကို powerpoint presentation များ၊ အထူးပြုလုပ်ချက် Video Clip များဖြင့် ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း တိုင်ပင်ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အောင်ဆန်းအားကစားပြိုင်ဝင်းကြီးသည် အမည်အရသော်လည်းကောင်း၊ အစဉ်အလာအရသော်လည်းကောင်း၊ သက်တမ်းအားဖြင့် သော်လည်းကောင်း သမိုင်းရှိသည့် အားကစားကွင်းကြီးဖြစ်သကဲ့သို့ မြန်မာ့အားကစားအောင်မြင်မှု စတင်ခဲ့သည့် နေရာတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် ရှိပြီး အစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်ဆောင်ရွက်၍ နောင်တွင် အိုလံပစ်အားကစားပြိုင်ပွဲများ လက်ခံကျင်းပနိုင်သည်အထိ ရည်ရွယ်တည်ဆောက်ရန်လိုကြောင်း၊ အဓိက အားကစားကွင်းကြီးအတွင်း အားကစားနည်း ၈ မျိုးကို နိုင်ငံတကာအဆင့်မီ ယှဉ်ပြိုင်ကျင်းပပေးနိုင်ရေး စနစ်တကျထည့်သွင်းတည်ဆောက်ရမည်ဖြစ်ကြောင်း၊ ယာဉ်ရပ်နားရန်နေရာများနှင့် Public Area များ စနစ်တကျ ဖော်ဆောင်ပေးနိုင်ရန်လည်း တွက်ချက်စဉ်းစား ဆောင်ရွက်ရန်လိုကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်မှုများမရှိစေရေးနှင့် ရေရှည်တည်တံ့မှုရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသည့် ဝန်ကြီးဌာနအသီးသီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့ ပေါင်းစပ်ညှိနှိုင်း တိုင်ပင်ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အားကစားကွင်းပုံစံငယ်ပြုလုပ်ထားရှိမှုကို ကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောင်ဆန်းအားကစားဝင်းအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ မိုးလုံလေလုံ အားကစားရုံကို ကြည့်ရှုစစ်ဆေးသည်။

**နိုင်ငံတကာအဆင့်မီ အဆင့်မြှင့်တင်**

အဆိုပါ အောင်ဆန်းအားကစားဝင်းအား ၁၉၀၆ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မူလအမည်မှာ BAA (Burma Athletic Association Ground) ဖြစ် ကြောင်း၊ လူစည်ကားသော ပြည်တွင်းအားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာဆိုင်ရာ အားကစားပြိုင်ပွဲများအပြင် အထူးတလည် အမှတ်တရဖြစ်စေသော ပြပွဲဖြစ်သည့် ရေခဲပေါ်မှ အားလပ်ရက်နေ့(Holiday on Ice) ခေါ် ရေခဲပြင်ပြပွဲကြီး ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ၁၉၅၃ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်တွင် မူလအမည် BAA (Burma Athletic Association Ground) အမည်မှ အောင်ဆန်းအားကစားပြိုင်ဝင်းအဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းအစဉ်အလာရှိသည့် အားကစားကွင်းကြီးဖြစ်သည့်အတွက် ယခင်ကကဲ့သို့ နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများနှင့် နိုင်ငံတကာအဆင့် အားကစားပြိုင်ပွဲများကို အဆင့်အတန်းမီစွာဖြင့် လက်ခံကျင်းပပြုလုပ်နိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ အားကစားပြိုင်ကွင်းကြီးအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက အဓိကအားကစားကွင်းကြီးတွင် ပရိသတ်ဦးရေ ၃ သောင်းကျော်ခန့်အထိ နှင့် မိုးလုံလေလုံအားကစားရုံမှာလည်း ပရိသတ် ၃၀၀၀ ဝင်ဆံ့နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းအတွင်းရှိ မိုးလုံလေလုံ အားကစားရုံကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒလသင်္ဘောကျင်းသည် သမိုင်းရှိသည့် သင်္ဘောကျင်းတစ်ခုဖြစ်သည့်အတွက် သင်္ဘောကျင်းအတွက်လိုအပ်သည့် အင်ဂျင်နီယာများ ဖြည့်ဆည်းဆောင်ရွက်

## သင်္ဘောများကို ခေတ်နှင့် လျော်ညီစွာ တည်ဆောက်နိုင်ရန်လို






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ဒလသင်္ဘောကျင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒလသင်္ဘောကျင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန သမိုင်းအကျဉ်း၊ ဌာန၏ရည်မှန်းချက်များ၊ ဌာနများအလိုက် ဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှု အခြေအနေ၊ ဌာနခွဲများ အလိုက် ရေယာဉ်များထားရှိမှုနှင့် ရေယာဉ်များ ထိန်းသိမ်းထားရှိမှု အခြေအနေ၊ သင်္ဘောကျင်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရေယာဉ်များ လွန်းတင်၍ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ ဘဏ္ဍာရေးနှစ်အလိုက် ရေယာဉ်များ တည်ဆောက်နိုင်မှု၊ ပြင်ပပုဂ္ဂလိကရေယာဉ်များ ပြုပြင်မှုမှ ဝင်ငွေရရှိမှု၊ နိုင်ငံတစ်ဝန်းရှိ ဌာနခွဲများ အလိုက် ရေယာဉ်များပြေးဆွဲနိုင်မှု အခြေအနေများကို လည်းကောင်း။

### ရှင်းလင်းတင်ပြ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးဋ္ဌေးအောင်က မြန်မာနိုင်ငံရှိ သင်္ဘောကျင်းများအနက် ရှေးအကျဆုံးဖြစ်သည့် ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ ခေတ်အဆက်ဆက်သင်္ဘောများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ခဲ့မှု၊ ဒလသင်္ဘောကျင်းမှ တာဝန်ယူဆောင်ရွက်ထားသည့် လုပ်ငန်းတာဝန်များ၊ ဌာနများ ဖွဲ့စည်းထားရှိမှုနှင့် ဝန်ထမ်းများခန့်အပ်ထားရှိမှု၊ လွန်းကျင်းများအလိုက် သင်္ဘောများပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ရေယာဉ်များ အသစ်တည်ဆောက်ခဲ့မှုနှင့် လာမည့်ဘဏ္ဍာနှစ်များတွင် ရေယာဉ်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေ၊ ရည်မှန်းချက်တာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အတွက် ပို့ဆောင်ရေးကဏ္ဍတွင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး ဒလသင်္ဘောကျင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

- ❖ **နိုင်ငံတော်အတွက် ပို့ဆောင်ရေးကဏ္ဍတွင် ရေကြောင်းပို့ဆောင်ရေးသည် ငွေကုန်ကြေးကျမှု အသက်သာဆုံးနှင့် ကုန်စည်များစွာကို အမြန်ဆုံး ရွှေ့ပြောင်းပေးနိုင်သည့် ပို့ဆောင်ရေးလမ်းကြောင်းတစ်ခုပင်ဖြစ်**
- ❖ **ပြည်သူများမှ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအပေါ် ယုံကြည်မှုများ ရှိလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်သက်သာသည့် ရေကြောင်းပို့ဆောင်ရေးစနစ်ကို ကောင်းမွန်တိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဒလသင်္ဘောကျင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

- နှစ်ပေါင်း ၁၅၀ ခန့်သက်တမ်းရှိ သမိုင်းဝင်သင်္ဘောကျင်း တစ်ခုဖြစ်သဖြင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများကို များစွာအတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ဦးဆောင်မှု ပြုနိုင်ရန်လို
- ပြည်သူများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးကို ယုံကြည်စွာဖြင့် အသုံးပြုလာမည်ဆိုပါက တစ်နိုင်ငံလုံး ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်သဖြင့် တစ်နိုင်ငံလုံး ဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခု ဖြစ်လာမည်ဖြစ်

*စာမျက်နှာ ၄ မှ*

ရေကြောင်းပို့ဆောင်ရေးသည် ငွေကုန်ကြေးကျမှု အသက်သာဆုံးနှင့် ကုန်စည်များစွာကို အမြန်ဆုံး ရွှေ့ပြောင်းပေးနိုင်သည့် ပို့ဆောင်ရေးလမ်းကြောင်း တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ မြစ်ချောင်းများ များစွာသွယ်တန်းလျက်ရှိနေသည့်အတွက် သွားလာမှုနှင့် ပို့ဆောင်ရေးပိုင်းတွင် ရေကြောင်းပို့ဆောင်ရေးသည် အကောင်းဆုံးလမ်းကြောင်းအဖြစ် ရှိသော်လည်း စနစ်တကျဆောင်ရွက်ခဲ့ခြင်း မရှိသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုအားနည်းခဲ့ကြောင်း၊ ထို့ကြောင့် ရေကြောင်းပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရန် အတွက် အစိုးရမှ ဆောင်ရွက်ရန်လိုသကဲ့သို့ ပုဂ္ဂလိက လုပ်ငန်းများကိုလည်း အားပေးရန်လိုကြောင်း၊ ရေလမ်းကြောင်းများကောင်းမွန်ရန်၊ ဆိပ်ကမ်းများ ကောင်းမွန်ရန်နှင့် သင်္ဘောများ ကောင်းမွန်ရန် လိုကြောင်း၊ ဆိပ်ကမ်းများတွင် ခရီးသည်များ ခေတ္တနားနေရန်၊ ကုန်စည်များပို့ဆောင်ရေးအတွက် လိုအပ်သည့် ယာဉ်ရပ်နားရန်နေရာများနှင့် ကုန်ပစ္စည်းများ ထားရှိနိုင်သည့် နေရာများလည်း လိုအပ်ကြောင်း၊ ပြည်သူများမှ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများ အပေါ် ယုံကြည်မှုများရှိလာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ကျစရိတ်သက်သာသည့် ရေကြောင်းပို့ဆောင်ရေးစနစ်ကို ကောင်းမွန်တိုးတက်အောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း၊ အရေးမကြီးသည့် ကုန်ကြမ်းပစ္စည်းများကို ရေလမ်းကြောင်းများမှ ပို့ဆောင်နိုင်ရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ရန်လိုကြောင်း။

### ပြုပြင်ထိန်းသိမ်းမွမ်းမံရမည်

ပြည်တွင်းပို့ဆောင်ရေး လုပ်ငန်းများသည် ယခင်က အောင်မြင်မှုရှိခဲ့သော်လည်း ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများနှင့် မှောင်ခိုလုပ်ငန်းများ ဆောင်ရွက်မှုများကြောင့် နိုင်ငံပိုင်ပို့ဆောင်ရေး လုပ်ငန်းကို များစွာထိခိုက်စေခဲ့ကြောင်း၊ သက်တမ်းကြာသည့် ယန္တရားများ၊ သင်္ဘောများကို ပြုပြင်ထိန်းသိမ်းနိုင်မှု အားနည်းခြင်းများကြောင့် နိုင်ငံပိုင်ပြည်တွင်းပို့ဆောင်ရေးလုပ်ငန်းများကို ထိခိုက်စေနိုင်သဖြင့် သက်တမ်းအလိုက်၊ နှစ်အလိုက် ပြုပြင်ထိန်းသိမ်းမွမ်းမံရမည်များကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံပိုင်လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လုပ်ငန်းများအောင်မြင်တိုးတက်မှုရှိစေရေးအတွက် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အတတ်နိုင်ဆုံး ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို မှန်မှန်ကန်ကန်ဖြင့် တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအလိုက် ချီးမြှင့်ထိုက်သူကို ဆုချီးမြှင့်ရန် လိုအပ်သကဲ့သို့ လုပ်ငန်းအားနည်းချက်ရှိသူများကိုလည်း အားနည်းချက်များအလိုက် အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ လုပ်ငန်းများအလိုက် ကျွမ်းကျင်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ လုပ်ငန်းများအတွက် လိုအပ်သည့် စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်စေရေး အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

### အကျိုးရှိအောင် အသုံးချရန်လို

မိမိတို့နိုင်ငံ၏ ရေကြောင်းပို့ဆောင်ရေးတွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုအနေဖြင့် ရပ်တည်နိုင်ရန် လိုကြောင်း၊ တစ်ဖက်မှလည်းပုဂ္ဂလိက ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများကိုလည်း အားပေးဆောင်ရွက် ရန်လိုကြောင်း၊ ရေကြောင်းပို့ဆောင်ရေးအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရန်လိုကြောင်း၊ မော်တော်ယာဉ်များဖြင့် ကုန်ပစ္စည်းများကိုတင်ဆောင်၍ ၎င်းမှတစ်ဆင့် ရေကြောင်းပို့ဆောင်ရေးကိုအသုံးပြု၍ ဆောင်ရွက်သည့် ကမ်းရိုးတန်းပို့ဆောင်ရေးစနစ်ကိုလည်း အကျိုးရှိစွာ အသုံးချရန် လိုအပ်ကြောင်း၊ မြစ်ဝကျွန်းပေါ်၊ ဧရာဝတီ၊ ချင်းတွင်း၊ သံလွင် စသည့်မြစ်ကြီးများကို ရေကြောင်းပို့ဆောင်ရေးတွင် အကျိုးရှိအောင် အသုံးချရန်လိုကြောင်း။

### သင်္ဘောကျင်း အဆင့်မြှင့်တင်ရေး

ဒလသင်္ဘောကျင်းသည် သမိုင်းရှိသည့် သင်္ဘောကျင်းတစ်ခုဖြစ်သည့်အတွက် သင်္ဘောကျင်းအတွက် လိုအပ်သည့် အင်ဂျင်နီယာများ ဖြည့်ဆည်းဆောင်ရွက်ရန်လိုကြောင်း၊ သင်္ဘောများကို ခေတ်နှင့် လျော်ညီစွာ တည်ဆောက်နိုင်ရန်လိုကြောင်း၊ သင်္ဘောတည်ဆောက်ရေးနှင့် ပတ်သက်၍ မိတ်ဖက်သင်္ဘောကျင်းများတွင်လည်း လေ့လာဆောင်ရွက်၍ ရကြောင်း၊ သင်္ဘောကျင်း အဆင့်မြှင့်တင်ရေးအတွက် ခေတ်မီတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ နှစ်ပေါင်း ၁၅၀ ခန့်သက်တမ်းရှိ သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဖြစ်သဖြင့် သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများကို များစွာအတွေ့အကြုံရှိပြီးဖြစ်သဖြင့် မိမိတို့နိုင်ငံ၏ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းများတွင် ဦးဆောင်မှုပြုနိုင်ရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် ရေကြောင်းပို့ဆောင်ရေးကို ယုံကြည်စွာဖြင့် အသုံးပြုလာမည်ဆိုပါက တစ်နိုင်ငံလုံး ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုကောင်းမွန်လာနိုင်မည်ဖြစ်သဖြင့် တစ်နိုင်ငံလုံး ဆောင်ရွက်နိုင်သည့် စီးပွားရေးစနစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပို့ဆောင်ရေးကဏ္ဍမှ ဦးဆောင်၍ ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။



ဒလသင်္ဘောကျင်းအတွင်းရှိ အဆောက်အအုံများကို တွေ့ရစဉ်။

### ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းရန်၊ သင်္ဘောတည်ဆောက်ရေးအတွက် လိုအပ်သည့် စက်ပစ္စည်းများ ပြန်လည်ဖြည့်တင်းဆောင်ရွက်ရန်၊ စက်ယန္တရားများ အပြည့်အဝ ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ရန်တို့အား မှာကြားပြီး လက်ဆောင်ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန်(ခနိတော)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

# ရာသီဥတုကြောင့် ခနိတောဆိပ်ခံတံတား ပျက်စီးခဲ့ရမှုကို ပြန်လည်ပြင်ဆင်ဆောင်ရွက်နေ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန်(ခနိတော)၏ သမိုင်းအကျဉ်းနှင့် သိုလှောင်နိုင်မှု အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

**နေပြည်တော် ဇူလိုင် ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန်(ခနိတော)သို့ သွားရောက်စစ်ဆေးသည်။

**လိုအပ်သည်များ မှာကြား**

ဦးစွာ အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် တာဝန်ရှိသူတို့က ပင်မသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ရန်ကုန် (ခနိတော)၏ သမိုင်းအကျဉ်း၊ သိုလှောင်နိုင်မှု အခြေအနေ၊ ရာသီဥတုကြောင့်ခနိတောဆိပ်ခံတံတား ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ မြန်မာ့မီးရထားမှ သိုလှောင်ကန်များနှင့် ဆိပ်ခံ ဘောတံတား ငှားရမ်းသုံးစွဲခဲ့မှုအခြေအနေ၊ မြန်မာ့ မီးရထားမှ ဒီဇယ်ဆီဝယ်ယူရရှိမှု အခြေအနေ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆိပ်ကမ်းနယ်မြေဖြစ်၍ စနစ်တကျရှိစေရေးနှင့် လိုအပ်သည်များကို မှာကြား သည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီသိုလှောင်ကန်များနှင့် ဆိပ်ခံတံတားတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆိပ်ခံတံတားအား ကြည့်ရှုစစ်ဆေးစဉ်။

## ခရမ်းရေထိန်းတံခါးကြောင့် စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည်



**သန်လျင် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံး ချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တည် ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့် သန်လျင်မြို့နယ် ချောင်းဝရွာဟောင်းအနီးရှိ ခရမ်း ရေထိန်းတံခါးကြီးသည် သန်လျင်၊ သုံးခွ နှင့် ခရမ်းမြို့နယ် ရေကြီးရေလျှံမ်း ကွင်းများအတွင်းရှိ စိုက်ပျိုးသီးနှံများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မည့် အပြင် နွေရာသီတွင် နွေစပါးနှင့် အခြား စိုက်ပျိုးသီးနှံများအတွက် ရေချို ထိန်းသိမ်းနိုင်မည်ဖြစ်ပြီး စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုဖြစ်ထွန်း လာကာ ဒေသခံတောင်သူတို့အတွက် အကျိုးပြုလျက်ရှိသည့် ရေထိန်းတံခါး ကြီးတစ်ခုလည်း ဖြစ်သည်။

ခရမ်းရေထိန်းတံခါးကြီးသည် သံကူ ကွန်ကရစ် ရေထိန်းတံခါးဖြစ်ပြီး ရေတံခါးအရွယ်အစားမှာ အကျယ် ခြောက်ပေ၊ အမြင့် ၁၆ ပေ၊ ရေဝင် ရေထွက်အပေါက် ၄၀ ပါရှိပြီး ရေဆင်းဧရိယာ ၁၄၂ စတုရန်းမိုင်၊ ရေဝင်မြောင်းကြီးမှာ အလျား ပေ ၂၀၀၀၊ ရေထွက်မြောင်းကြီးမှာ အလျား ပေ ၁၆၀၀ ရှိပြီး အကျိုးပြု ရေထုတ်နုတ်နိုင်သည့် ဧရိယာမှာ ၂၃၇၆ ဧကရှိကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက် အရ သိရသည်။

**သန်းဝင်း**
**(သန်လျင်)**

# ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

မိုးရာသီပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ အခွန်အယူခံခုံအဖွဲ့ရုံး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနောင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အခွန်အယူခံခုံအဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံး ဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။




အဆိုပါသစ်ပင်စိုက်ပျိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် ဝန်ထမ်းများက နှစ်ရှည်ပင်၊ အရိပ်ရပင်၊ အလှပန်းပင်နှင့် ပျိုးပင် စုစုပေါင်း ၂၄၀ တို့ကို စိုက်ပျိုးပေးကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ဝန်ထမ်းများ သစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များကို အမှတ်တရလက်ဆောင်အဖြစ် Indoor Plant များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဦးချစ်နိုင်တို့ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင်များ စိုက်ပျိုးပေးကြစဉ်။

# နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၂**

နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆) ၌ ကျင်းပရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဗဟိုသမဝါယမအသင်းလီမိတက် ဥက္ကဋ္ဌ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့မှ ပါမောက္ခချုပ်များ၊ သမဝါယမကောလိပ် (မန္တလေး၊ ဖောင်ကြီး)တို့မှ ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာနများမှ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ် သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌများ၊ သမဝါယမအသင်းသားများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




### အသိပညာပေးမှု တိုးမြှင့်လုပ်ဆောင်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (International Co-operative Alliance–ICA) ကို ၁၈၉၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၂၃ ခုနှစ်မှစတင်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ်ပွဲများ ကျင်းပလာခဲ့သည်မှာ နှစ် (၁၀၀) တိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဗဟိုသမဝါယမအသင်းသည် ၁၉၉၃ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ်၏ အဖွဲ့ဝင်အဖြစ် စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ ၁၉၉၅ ခုနှစ်မှာ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက နှစ်စဉ် ဇူလိုင်လ ပထမပတ် စနေနေ့ကို အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အဖြစ် သတ်မှတ်ခဲ့ပြီး နှစ်စဉ်အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို သမဝါယမများအကြောင်း အသိပညာပေးမှုကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် နိုင်ငံတကာစည်းလုံးညီညွတ်ရေး ရည်မှန်းလှုပ်ရှားဆောင်ရွက်မှု၊ အချိန်တိုအတွင်း စီးပွားရေးအကျိုးဖြစ်ထွန်းမှု၊ တန်းတူညီမျှမှုနှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာဝပြောမှုများကို အားပေးမြှင့်တင်ရန် ရည်ရွယ်ပြီး ကမ္ဘာတစ်ဝန်း ကျင်းပခြင်းဖြစ်ကြောင်း။

### အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေး

ကမ္ဘာ့လူဦးရေ၏ ၁၂ ရာခိုင်နှုန်းကျော်၊ တစ်နည်းအားဖြင့် ကမ္ဘာ့လူဦးရေ သန်း ၂၈၀ ကျော်ကို ကမ္ဘာ့သမဝါယမအသင်းများက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ သမဝါယမများသည် စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲခြင်းတို့ကို ထိန်းသိမ်းကာကွယ်ပေးခြင်း၊ အလုပ်အကိုင်ကောင်းများ ဖော်ဆောင်ပေးခြင်း၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် ဖူလုံစေရေးအတွက် အကူအညီအထောက်အပံ့ပေးခြင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအတွင်း ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးခြင်း၊ လူ့ကျင့်ဝတ် စံတန်ဖိုးများကို ပျိုးထောင်ပေးခြင်း၊ အများပြည်သူများ၏ ရပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များနှင့် ဘေးကင်းလုံခြုံမှု တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် စစ်မှန်သည့် ငြိမ်းချမ်းမှုကို အထောက်အကူပြုနိုင်ခြင်း စသည်တို့ကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမဦးစီးဌာနသည် ပြည်သူတို့၏ လူမှုစီးပွားအတွက် ထိရောက်အကျိုးရှိမည့် မျှော်မှန်းချက်၊ ရည်မှန်းချက်၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ Action Plan (၈)ရပ် ချမှတ်ပြီး ယနေ့ထိ သမဝါယမအသင်းပေါင်း ၃၉၃၉၉ သင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် အမှန်တကယ် အလုပ်လုပ်လိုသူများ၊ လုပ်ငန်းတူရာအလိုက် စိတ်ဝင်စားသူများကို စည်းရုံးဖွဲ့စည်း ဆောင်ရွက်လျက်ရှိကြောင်း။

သမဝါယမလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးဌာနအချင်းချင်းသော် လည်းကောင်း၊ သမဝါယမဦးစီးဌာနနှင့် အသင်းများအချင်းချင်းသော်လည်းကောင်း ပေါင်းစပ်ညှိနှိုင်းကာ လုပ်ငန်းများ အောင်မြင်မှုရှိစေရန် သမဝါယမအခြေခံမူများ၊ ကျင့်ဝတ်နှင့် အနှစ်သာရများကို လိုက်နာကျင့်သုံး ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း။

### သမဝါယမပုံရိပ်ကို ပြန်လည်မြှင့်တင်

၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ ဆောင်ပုဒ်ဖြစ်သည့် "Cooperatives Build a Better World" (ကမ္ဘာ့လောက ပိုမိုကောင်းမွန်ရေး သမဝါယမများက တည်ဆောက်ပေး)ဆိုသည့်အတိုင်း နိုင်ငံတကာသမဝါယမများက မျှဝေခံစားတတ်သည့် လူ့ကျင့်ဝတ် ဂုဏ်သိက္ခာ စံတန်ဖိုးများအပေါ် အခြေတည်ထားသည့် အခြေခံမူများအတိုင်း လိုက်နာကျင့်သုံး ကြိုးစားအားထုတ်လုပ်ကိုင်နေချိန်တွင် မြန်မာ့သမဝါယမများကလည်း သမဝါယမပုံရိပ်ကို ပြန်လည်မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဗဟိုသမဝါယမအသင်းဥက္ကဋ္ဌ ဦးအောင်ဖြူက ဗဟိုသမဝါယမအသင်းမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် သမဝါယမလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာသမဝါယမအဖွဲ့ချုပ်မှ ပေးပို့သောသဝဏ်လွှာကို ဗဟိုသမဝါယမအသင်းလီမိတက်၊ ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတိုးနန္ဒာတင်က ဖတ်ကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ဂုဏ်ပြုမှတ်တမ်းတင် Video Clip ကို ပြသသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီးနှင့်တကွ ဧည့်ပရိသတ်အပေါင်းတို့က အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးမောက်မြို့၌ မိုးရာသီ တိရစ္ဆာန် အစာပင်စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ် ဆောင်ရွက်လျက်ရှိ

**မိုးမောက် ဇူလိုင် ၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါက်တာဇော်မျိုးအောင် ဦးဆောင်၍ ၂၀၂၂ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်း ရက်သတ္တပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ထားသော မံပုံကျေးရွာ တောင်သူ ဦးဆိုင်းဆန့်ထွန်း စိုက်ပျိုးထားသည့် ဖူးစားပြောင်း ၁ ဒသမ ၅ ဧကကို ယမန်နေ့က သွားရောက်ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

မိုးမောက်မြို့နယ်တွင် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးလာစေရန်၊ ကျွဲ၊ နွားမွေးမြူရေးလုပ်ငန်းများအတွက် အာဟာရဓာတ်မြင့်မားပြီး အထွက်နှုန်းကောင်းစေသော တိရစ္ဆာန်အစာများ ဖူလုံစွာသုံးစွဲနိုင်ရန်၊ အစာရှားပါးချိန်တွင် အာဟာရပြည့်ဝသော အစားအစာဖြင့် ကျွေးမွေးနိုင်ရန်ရည်ရွယ်၍ ဖူးစားပြောင်းကို စိုက်ပျိုးထားကြောင်းနှင့် ဖူးစားပြောင်းစိုက်ပျိုးခြင်း၊ မွေးမြူရေးအစာပင် အကြောင်းများကို အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**လွန်းနန်းထွေး(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း အဆင့်မြင့်နည်းပညာပေး စံပြစိုက်ကွင်းများ ထူထောင်ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေအတွင်း အဆင့်မြင့်နည်းပညာပေး စံပြစိုက်ကွင်းများ ထူထောင်ဆောင်ရွက်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာတွင် ပိုက်ဆံလျှော်ကို သစ်စိမ်းမြေဩဇာအဖြစ် အသုံးပြုစိုက်ပျိုးထားသော မိုးစပါးဧက (၁၀၀) နှင့် လယ်ဝေးမြို့နယ်ရှိ သီးနှံစိုက်ကွင်းများသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက နေပြည်တော်ကောင်စီနယ်မြေအတွင်း ရာသီအလိုက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ရေရရှိရေး နည်းလမ်းမျိုးစုံ အသုံးပြု၍ သီးထပ်ရေိယာ တိုးတက်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်



ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးမြေတစ်ဧကချင်း၏ ထုတ်လုပ်နိုင်စွမ်း တိုးတက်ရေးကိုလည်း မျက်ခြည်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေမြေအခြေအနေပေးသည့် စိုက်ပျိုးမြေများအားလုံး တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ သီးနှံထွက်ရှိမှု ပမာဏနှင့် အရည်အသွေး ကောင်းမွန်ရေးအတွက် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများနှင့်အတူ စိုက်ပျိုးရေ ခြွေတာနိုင်ရန်နှင့် သွင်းအားစုများ စနစ်တကျသုံးစွဲရန်တို့ကိုပါ အသိပညာပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ၌ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း မိုးစပါးဧက ၁၇၀၀၀၀ ကျော်၊ နွေစပါးဧက ၂၈၀၀၀ ခန့်နှင့် သီးနှံစုံဧက ၃၂၀၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်ခဲ့ကြောင်း၊ မြေဆီမြေနှစ်ကောင်းမွန်ပြီး ရာသီဥတုသင့်တင့်မျှတသည့် ဒေသတစ်ခုဖြစ်၍ တစ်နှစ်သုံးသီး စိုက်ပျိုးရန် အလားအလာကောင်း များစွာရှိနေသကဲ့သို့ ဦးစီးဌာန ရုံးချုပ်များ၊ သုတေသနဌာနများရှိနေသဖြင့် ပညာရှင်အရင်းအမြစ်များလည်း ပြည့်စုံလျက်ရှိနေရာ အဆင့်မြင့်နည်းပညာပေး စံပြစိုက်ကွင်းများ ထူထောင်ပြီး ဒေသခံတောင်သူများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တောင်သူလယ်သမားများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များ လေ့လာနိုင်ကြရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဆေးဝါးတက္ကသိုလ်(မန္တလေး) ကျောင်းသားကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၂**

ဆေးဝါးတက္ကသိုလ်(မန္တလေး)တွင် တက်ရောက်နေသော ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို အမရပူရမြို့နယ်ရှိ အဆိုပါတက္ကသိုလ်ခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးများဖြစ်သည့် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေး၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး)များနှင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို ကျောင်းသားကျောင်းသူလေးများက မင်္ဂလာပါဂုဏ်ပြုသီချင်း သီဆို၍ ဖွင့်လှစ်ကာ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် ဆေးဝါးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာ သိန်းမေစောက ပညာသင်ကြားနေသော ဆေးဝါးတက္ကသိုလ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးများနှင့် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုငွေများကို ချီးမြှင့်ပေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်သီချင်းများဖြင့် ဖျော်ဖြေညှော်ခံပြီးနောက် စီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်ငွေ ကျပ်သိန်း ၂၀၊ လူမှုရေးရာဝန်ကြီးက အားကစားပစ္စည်းများကို ပေးအပ်သည်။

အဆိုပါတက္ကသိုလ်မှာ ယခင်က ဆေးဝါးကျွမ်းကျင်မှုတက္ကသိုလ်(မန္တလေး)အနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာမှ ၂၀၀၆ ပြည့်နှစ်တွင် ဆေးဝါးတက္ကသိုလ် (မန္တလေး) အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပြီး ဆေးဝါးသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့နှင့် ဆေးဝါးသိပ္ပံပါရဂူဘွဲ့ရ ကျောင်းသား ကျောင်းသူများကို မွေးထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**







# စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း သင်ကြားနေသော တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ အခြေခံကျောင်းများ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဖွင့်လှစ်သင်ကြားရာတွင် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေပျော်၍ စိတ်ဓာတ်မြင့်မားတက်ကြွစေရေး၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရေးအတွက် ကျောင်းများသို့ သွားရောက်ဆောင်ရွက်ပေးလျက်ရှိရာ စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး) ရတနာပုံခန်းမ၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သော စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး)တွင် တက်ရောက်နေသော မန္တလေး လုံပီး(ဖလမ်းမြို့နယ်)နှင့် ရွှေဘိုမြို့နယ်တို့မှ ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက အခမ်းအနားကို ဂုဏ်ပြုသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ စိုက်ပျိုးရေးနှင့် မွေးမြူရေး အခြေခံသည့် ကုန်ထုတ်လုပ်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များ အကြောင်းအမျိုးမျိုးကြောင့် အဆင့်မြင့်ပညာသင်ယူခွင့် မရရှိသူများအနေဖြင့် အသက်မွေးဝမ်းကျောင်းပညာများကို သင်ယူတတ်မြောက်ခြင်းဖြင့် လူငယ်များ၏ဘဝတိုးတက်လာပြီး တိုင်းပြည်လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း စိုက်ပျိုးရေး၊ မွေးမြူရေးပညာရှင်များ မွေးထုတ်ပေးသည့် စိုက်ပျိုးရေးသိပ္ပံကျောင်း ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူသားတို့၏ လိုအပ်ချက်ဖြစ်သော နေ့စဉ်စားသုံးမှုအာဟာရများကို ထုတ်လုပ်ဆောင်ရွက်ပေးရသော ပညာရပ်ဖြစ်သည့်အတွက် တန်ဖိုးထားဂုဏ်ယူကြရမည် ဖြစ်ကြောင်း၊ တစ်နှစ်ချမ်းသာ ကြွယ်ဝချင်လျှင် သီးနှံစိုက်ပျိုးပါ၊ ဆယ်နှစ် ချမ်းသာကြွယ်ဝချင်လျှင် သစ်ပင်များစိုက်ပျိုးပါ၊ နှစ်ရာချီပြီး ချမ်းသာကြွယ်ဝချင်လျှင် ပညာသင်ကြားပြီး ပညာတတ်ဖြစ်အောင် လုပ်ပြီးမှ လူတွေကို ပြုစုပျိုးထောင်ပါဆိုသည့်စကားအတိုင်း စာပေကိုလေ့လာပြီး စာတွေ့လက်တွေ့ ပညာရပ်များကို အသုံးချ၍ မှန်ကန်သော အလုပ်ဖြင့် ပြည်သူ့အကျိုးကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်သီချင်းများဖြင့် ညှော်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ဂုဏ်ပြုငွေကျပ် ၅၄၁၀၀၀၀ ကို ချီးမြှင့်ကြောင်း သိရသည်။ **သတင်းစဉ်**

# မိုးအသင့်အတင့် ထစ်ချုန်းရွာမည်


**နေပြည်တော် ဇူလိုင် ၂**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

# ဥကရစ်ထစခန်း ရန်သူ့လက်သို့ဆုံးရှုံးမှုမရှိအောင် စွမ်းစွမ်းတမံဖြင့် ခုခံကာကွယ်နိုင်ခဲ့သည့် တပ်မတော်သားများအား MWD က မှတ်တမ်းတင်ဂုဏ်ပြု

နေပြည်တော်  ဇူလိုင်  ၂

**တရားမဝင်မီဒီယာများအနေဖြင့် လူမှုကွန်ရက်စာမျက်နှာများနှင့် Online ပေါ်တွင် ဥကရစ်ထစခန်းအား PDF အမည်ခံအကြမ်းဖက်သမားများနှင့် KNLA ပူးပေါင်းအဖွဲ့ လက်အောက်သို့ကျရောက်သွားကြောင်း၊ အရာရှိ၊ စစ်သည်များစွာကျဆုံးပြီး လက်နက်ခဲယမ်းများ သိမ်းဆည်းခံရကြောင်း သတင်းမှားများ အမျိုးမျိုး ထုတ်လွှင့်ဖော်ပြ၍ ဝါဒဖြန့်မှုများဆောင်ရွက်ခဲ့သည်။**




ရန်သူမှ သာလွန်အင်အား အလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့သော်လည်း ဥကရစ်ထ စခန်းရှိ တပ်မတော်သားများ၏ ရှုပ်ရှုပ်ချွံချွံ မဆုတ်မနစ် ကြံ့ကြံ့ခိုင်သော လှေခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်တို့ဖြင့် KNLA နှင့် ပြည်ပအားကိုးသည့် အကြမ်းဖက်သမားများ၊ PDF အမည်ခံအကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့၏ ဇွန် ၂၆ ရက်မှ ဇွန် ၃၀ ရက်အထိ အကြိမ်ကြိမ်ထိုးစစ်ဆင်တိုက်ခိုက်မှုအပေါ် မြေပြင်ပစ်ကူနှင့် လေကြောင်းပစ်ကူ ထိထိရောက်ရောက်ရယူကာ အောင်မြင်စွာ ခုခံတွန်းလှန်နိုင်ခဲ့ပြီး ယနေ့ညနေပိုင်းတွင်လည်း ရာသီဥတုနှင့် အခြားသော မြေအနေအထား ကန့်သတ်ချက်ရှိသည့် အကြားမှ စခန်းအရောက် စစ်ကူ၊ ပစ်ကူ လာရန် ချီတက်ကြသည့် စစ်ကြောင်းများနှင့် တပ်ချင်းဆက်၍ ပူးပေါင်းမိကာ ဥကရစ်ထစခန်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဥကရစ်ထနယ်မြေ ထိတွေ့တိုက်ပွဲဖြစ်စဉ်များ တစ်လျှောက် ပြည်ပလက်ဝေခံ KNLA အုပ်စုအချို့နှင့် အကြမ်းဖက်အုပ်စုတို့၏ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုများကိုလည်း တရားမဝင်မီဒီယာများတွင် သနားစဖွယ်နှင့် အလှူငွေများ ပိုမိုရရှိ ကောက်ခံနိုင်ရေး နေ့စဉ် ဖော်ပြမှုများကိုလည်း တွေ့ရှိနိုင်မည်ဖြစ်သည်။

ဥကရစ်ထစခန်း ရန်သူ့လက်သို့ ဆုံးရှုံးမှုမရှိအောင် ရှုပ်ရှုပ်ချွံချွံ လှေခွက်ချည်းကျန် အလံမလှဲသည့် စိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ ခုခံတိုက်ခိုက်ခဲ့သော တပ်မတော်သားများ၊ မြေပြင်ပစ်ကူအပါအဝင် လေကြောင်းပစ်ကူ အဆက်မပြတ်ပေးခဲ့သော တပ်မတော်သားများနှင့် ရဲဘော်၊ ရဲဘက်စိတ်ဖြင့် တပ်ချင်းဆက်၍ အချိန်မီ စစ်ကူသွားရောက်နိုင်ခဲ့သော တပ်မတော်သားများ၏ စခန်းအတွင်းရှိ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အလံ ပြိုလဲမှုမရှိအောင်၊ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ရဲသော်မသေ၊ သေသော်ငရဲမလား မြင့်မြတ်သည့် စိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ် ဆောင်ရွက်နိုင်ခဲ့မှုအတွက် မြဝတီ ရုပ်မြင်သံကြား အဖွဲ့သူ၊ အဖွဲ့သားများက လှိုက်လှိုက်လှဲလှဲဖြင့် ဂုဏ်ပြု မှတ်တမ်းတင်ထိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နေပြည်တော်  ဇူလိုင်  ၂

**NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့်နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။**

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ကျီကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ပင်မအဆောင်၏ အနောက်ဘက် ပေ ၅၀ ခန့်အကွာရှိ အသုံးပြုခြင်းမရှိသည့် သွပ်မိုး၊ ထရံကာ ကျောင်းဆောင်အဟောင်းအတွင်း၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးထောင်ကာ ဖောက်ခွဲခဲ့သဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ပေါက်ကွဲမှုကြောင့် အဆိုပါကျောင်းဆောင်အဟောင်းရှိ အမိုးသွပ်သုံးချပ် ပျက်စီးခဲ့ကြောင်း သိရှိရသည်။

အလားတူ ဇူလိုင် ၁ ရက် ညနေ ၃ နာရီတွင် ဖောင်းပြင်မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဓားဒဏ်ရာများဖြင့် သေဆုံးနေသည့် အမျိုးသားတစ်ဦး ရောက်ရှိနေကြောင်းသတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ဖောင်းပြင်မြို့နယ် သရောင်းကျေးရွာနေ အဆိုပါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြကျောင်းဆရာဖြစ်သူ ဦးနေစိုး (၃၈) နှစ် (ဘ) ဦးရန်ထွန်းအား လည်ပင်းထိုးသွင်း၊ ပြတ်ရှဒဏ်ရာသုံးချက်ဖြင့် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဖြစ်စဉ်အား စိစစ်ခဲ့ရာ ၎င်းသည် ဇွန် ၃၀ ရက် နံနက်ပိုင်းက ဖောင်းပြင်မြို့ ပညာရေးမှူးရုံးသို့ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာသွားရာမှ ကျေးရွာသို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လိုက်လံရှာဖွေခဲ့ရာ အင်ဝိုင်းကျေးရွာ သုသာန်အနီး၌ အကြမ်းဖက်သမားများ၏ ရက်စက်စွာ သတ်ဖြတ်ခြင်းခံထားရသည်ကို တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  ဇူလိုင်  ၂

**အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိရပ်ကွက် မြို့မဈေးပွဲရုံတန်းနေ ချမ်းငြိမ်းထူးသည် ၎င်းအသုံးပြုသည့် “Chan Htoo” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကျောက်ဆောက်ကျေးရွာနေ ကျော်သက်ခိုင်သည် ၎င်းအသုံးပြုသည့် “Kyaw Thet Khaing” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ အမှတ်(၁) ရပ်ကွက်နေ ဇော်ကိုကိုသည် ၎င်းအသုံးပြုသည့် “Zaw Ko Ko” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် စံပြရပ်ကွက်နေ ခိုင်သရဖီလင်း (ခ) မော်လီ (ခ) သဲဗိုလ် (ခ) နန်းခမ်းမိုးဟွမ်သည် ၎င်းအသုံးပြုသည့် “Thae Bo” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ (၃)ရပ်ကွက်နေ မိုးမိုးသည် ၎င်းအသုံးပြုသည့် “Moe Moe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရင်သွေးငယ်များ ယဉ်ကျေးလိမ္မာစေဖို့ လက်ဆင့်ကမ်း သွန်သင်ဆုံးမပေးကြစို့ ...

ခင်သန်းမြင့်

"လူကြီးတွေရှေ့ကသွားရင် ခေါင်းငုံ့သွား"

"ပစ္စည်းပေးရင် လက်နှစ်ဖက်နဲ့ ရိုရိုသေသေပေး"

သမီးဖြစ်သူက မြေးမလေးကို သွန်သင်ဆုံးမနေတဲ့ စကားသံတွေကြားရတော့ စိတ်ထဲမှာ ကျေနပ်ပီတိဖြစ်ရတယ်။ မြေးမလေးက ဒီနှစ်မှ KG တန်းကို ကျောင်းစတက်ရတာ။ မြေးငယ်လေးတို့လို နုနယ်တဲ့အရွယ်ဆိုတာ အလွန်ဖြူစင်သန့်ရှင်းတဲ့ ပိတ်စနဲ့တူပါတယ်။ ပထမဆုံးတွေ့ထိတဲ့အရောင်ကြောင့် အစွန်းအကွက်စွဲသွားနိုင်တယ်။ အရောင်စွဲထားပြီးပြီဆိုရင် ဖွပ်လို့လျှော်လို့ မပျက်ချင်တော့ဘူး။ လွယ်လွယ်နဲ့အခါခါ ချွတ်မရတိုင်း ရိုက်နှက်ဖွပ်လျှော်ရင်လည်း အထည်သား စုတ်ပြတ်ပျက်စီးတာသာ အဖတ်တင်မယ်။ ဒါကြောင့် ဘာအရောင်မှ မစွန်းထင်းခင်မှာ လူကြီးမိဘတွေက သတိထားပြီး ဆုံးမပဲ့ပြင်ပေးကြရတာ ဖြစ်ပါတယ်။

ကျွန်မတို့ငယ်ငယ်ကလည်း မိဘမောင်ဖွား၊ ဒေါ်ကြီး၊ ဒေါ်လေးတို့က ဒီလိုပဲ ဆုံးမသွန်သင်ပေးခဲ့တာပါပဲ။ အသက်အားဖြင့်၊ ဂုဏ်အားဖြင့် ကြီးတဲ့သူတွေနဲ့ လမ်းမှာတည့်တည့်ဆုံရင် လမ်းရှောင်ပေးဖို့၊ ကား၊ ရထားတွေပေါ်မှာဆိုရင် နေရာဖယ်ပေးဖို့၊ လူကြီးတွေအနီးကဖြတ်သွားရင် ခပ်ယို့ယို့လေးသွားဖို့၊ တစ်စုံတစ်ခုပေးစရာရှိရင် လက်နှစ်ဖက်နဲ့ လေးလေးစားစားပေးဖို့၊ ယူဖို့၊ ရိုရိုသေသေခေါ်ပြောဆက်ဆံဖို့၊ စားတာသောက်တာ၊ သွားတာလာတာ၊ နေတာထိုင်တာ၊ ပြောတာဆိုတာက အစပေါ့။

**ရှေးခေတ်လူကြီးသူမတွေရဲ့ ပဲ့ပြင်ဆုံးမပေးမှု**

ဒီလိုမျိုး ဆုံးမသွန်သင်ပေးကြတာကလည်း ကျွန်မတို့မိဘတွေမှမဟုတ်ပါဘူး။ မြန်မာမိသားစုတိုင်းလိုလို ဘိုးစဉ်ဘောင်ဆက် ဒီလိုပဲ လက်ဆင့်ကမ်း ဆုံးမသွန်သင်ပေးခဲ့ကြတာပါ။ တစ်နေ့က ဖတ်လိုက်ရတဲ့ ဆရာမကြီးလူထုဒေါ်အမာရဲ့ "ကျွန်မတို့ငယ်ငယ်တုန်းက"စာအုပ်မှာလည်း ရှေးခေတ်လူကြီးသူမတွေရဲ့ ပဲ့ပြင်ဆုံးမပေးမှုတွေကို တွေ့မြင်ခဲ့ရတယ်။

ကောက်နုတ်ဖော်ပြရရင် ...

"မန္တလေးရဲ့ဓလေ့က ထီးနဲ့နန်းနဲ့နေခဲ့တဲ့အရပ်မို့ အပြောအဆိုယဉ်ကျေးသိမ်မွေ့ရမယ်၊ ဒါ မန္တလေးရဲ့ ဝိသေသလက္ခဏာလို့ လက်ခံတယ်။ မန္တလေးသူ မန္တလေးသားဆိုပြီး စကားပြောမယဉ်ကျေးရင် မိဘတွေက သည်းမခံနိုင်ဘူး။ သူတို့သားသမီးကို စကားသင်ပေးကတည်းက ယဉ်ကျေးတဲ့အသုံးအနှုန်းကို သာသင်ပေးတာ၊ ကြီးလာတော့လည်း ကြီးတဲ့အလျောက် သင်နေတာပဲ။

ကျွန်မတို့ငယ်ငယ်ကများ လူကြီးပြောတဲ့စကားကို ကျွန်မတို့က အင်းလိုက်မိရင်၊ ဒါမှမဟုတ် ခေါင်းညိတ်ပြမိရင် အမေက "အမယ် လူကြီးပြောတာကို အင်းမလိုက်ပါနဲ့ ခေါင်းမညိတ်ပါနဲ့၊ ရိုင်းလိုက်တာ၊ ဟုတ်ကဲ့လို့ ပြောပါ"လို့ ချက်ချင်းပြင်ပြီး သင်တာပါ။ သည်းခံပြီးကြည့်နေ နားထောင်နေတာမျိုးမဟုတ်ပါဘူး။ အခုခေတ်မှာ လူငယ်တော်တော်များများက "ဘုန်းကြီးနဲ့စကားမပြောတတ်ဘူး"ဆိုတဲ့ အသုံးအနှုန်းကို သုံးနေကြပါတယ်။ ရှက်ကိုးရှက်ကန်းနဲ့ပြောတာများ မထင်ပါနဲ့၊ ခပ်ဝင့်ဝင့်လေး ပြောချလိုက်တဲ့စကားမျိုးပါ။ ကျွန်မတို့ငယ်ငယ်က ဒီစကားမျိုးပြောရင် ဘယ်မိဘကမှ နားထောင်နေမှာ မဟုတ်ဘူး။ ဘုန်းကြီးနဲ့ လျှောက်တတ်၊ တင်တတ်အောင် တစ်ခါတည်းသင်ပေးလိုက်မယ်။ သီလရှင်နဲ့ စကားပြောတတ်အောင် တစ်ခါတည်း သင်ပေးလိုက်မယ်လေ။ ဂါရဝတရား၊ နိဝါတတရားနဲ့ ဘယ်လိုပြောဆိုရမယ်၊ ကိုယ့်ထက်ငယ်တဲ့ လူနဲ့ စကားပြောရင် မောက်မာမှုကင်းကင်းနဲ့ ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ဘယ်လိုဆက်ဆံရတယ်ဆိုတာကို သင်ပေးပါတယ်။

ပြန်ခါနီးရင် "ကျွန်မတို့ ဦးတင်ပါသေးရဲ့လို့ ပြောနော်၊ ခွင့်ပြုပါဦး၊ ပြန်ပါဦးမယ်လို့ နှုတ်ဆက်နော်"လို့ အိမ်ကတည်းက သင်လွှတ်လိုက်တာပါ။ သွားတော့မယ်အန်တီ ဆိုတာမျိုးကို အမေတို့က မကြိုက်ပါဘူး၊ လက်မခံပါဘူး။ ဒီလိုမပြောနဲ့လို့ ချက်ချင်းပြင်ပေးပါတယ်။ ဒါစစ်မဖြစ်ခင် မန္တလေးရဲ့ စရိုက်ပါပဲ။

တချို့က မန္တလေးသူတွေ စကားပြောတာ ချွဲတယ်လို့ ဝေဖန်ပါတယ်။ ကျွန်မတို့ အသင်အကြားခံခဲ့ရတာက "နှုတ်ချို သျှိုတစ်ပါး သမီးရဲ့၊ လူဆိုတာ ချိုချိုလိုလို ပြောတတ်မှပေါ့။ ပြီးတော့ လူ့အောက်ကြို့လို့ လူပိမသေပါဘူး။ ကိုယ်ကမောက်မာရိုင်းစိုင်းတယ်ဆိုတာ ဘယ်ကောင်းမလဲ၊ ရှက်စရာကြီး၊ မိဘက မဆုံးမဘူးထင်ပါရဲ့လို့ သူတထူး မေးငေါ့တော့မယ်ပေါ့" လို့လည်း ဆုံးမတတ်ပါသေးတယ်။ "ကိုယ်မိကောင်း ဖခင်သားသမီးပဲ၊ ဆုံးမပဲ့ပြင်မှုနဲ့ကြီးပြင်းလာခဲ့တာပဲဆိုတာ ကိုယ့်စကားနားထောင်တာနဲ့ သူများသိပါစေ။ စကားစကား ပြောဖန်များ စကားထဲကဇာတိပြဆိုတာမျိုး မဖြစ်စေနဲ့၊ သိပ်ရှက်စရာကောင်းတယ်"လို့လည်း ဆုံးမပါတယ် စသဖြင့် ဆရာမကြီးရဲ့ မြန်မာဆန်တဲ့စာရေးဟန်နဲ့ ရှေးခါ မိဘဘိုးဘွားတွေရဲ့ တန်ဖိုးရှိလှတဲ့ ဆုံးမဩဝါဒအချို့ကို အခုခေတ် သားသည်မိခင်တွေ အတုယူဖွယ် တွေ့မြင်ရမှာ ဖြစ်ပါတယ်။

**ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေ**

ဆရာမကြီး လူထုဒေါ်အမာက "ကျွန်မတို့ကို ဆုံးမပဲ့ပြင်တာ၊ ကျွန်မတို့ကို စကားပြောတာက တော့ အမေပါပဲ။ ဒါကြောင့် အသက်ကြီးလာတဲ့အခါ အမေပြောတဲ့စကားတွေကို ကြားယောင်လို့ချည်း နေပါတယ်"လို့ ဆိုသလိုပါပဲ။ ကျွန်မတို့လည်း လူကြီးမိဘတွေရဲ့ ဆိုဆုံးမမှုတွေကို အသက်ကြီးမှပိုသိမြင်လာရပါတယ်။ ငယ်တုန်းကတော့ ချုပ်ချယ်တယ်၊ မလွတ်လပ်ဘူးလို့ထင်ခဲ့တာပေါ့။ အခုပြန်စဉ်းစားကြည့်တော့ တစ်ချိန်က လူကြီးမိဘတွေရဲ့ဆိုဆုံးမမှုတွေဟာ မြန်မာလူမျိုးတိုင်း သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေပဲလို့ တွေးမြင်လာမိတယ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူနေမှုစနစ်ဆိုတာကလည်း များသောဖြင့် မြတ်စွာဘုရားဟောကြားခဲ့တဲ့ (၃၈)ဖြာ မင်္ဂလာတရားတော်က အခြေခံလာခဲ့တာပါပဲ။

**မင်္ဂလသုတ်**

မင်္ဂလသုတ်နဲ့ပတ်သက်ပြီး ဆရာကြီးမင်းယုဝေက "မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့လူနေမှုစနစ်တွင် မင်္ဂလသုတ်သည် အဓိကအခန်းမှ ပါဝင်သည်။ မြန်မာတို့သည် မွေးဖွားသည်မှစ၍ ကွယ်လွန်သည်အထိ မင်္ဂလသုတ်တရားတော်ကို ဦးထိပ်ပန်ကာ ပြုမူကျင့်ကြံဆက်ဆံနေထိုင်သွားကြပေသည်။ စင်စစ် မင်္ဂလသုတ်သည် ဗုဒ္ဓ၏လူမှုရေးတရားတော်တို့တွင် အရေးပါအရာရောက်ဆုံးဖြစ်ပေသည်။ ယင်းသည် လူကြီး၊ လူရွယ်၊ လူငယ် အရွယ်သုံးပါးနှင့် သက်ဆိုင်သည်။ မည်သည့်ခေတ်၊ မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်၊ မည်သည့်လူတန်းစားကိုမဆို အကျိုးကျေးဇူးပြုနိုင်ပေသည်။

ထို့ကြောင့် မင်္ဂလသုတ်ကို မူလပါဠိဘာသာမှ ဟိန္ဒီ၊ သီဟိုဠ်၊ မြန်မာ၊ တရုတ်၊ ဂျပန်၊ ထိုင်း၊ အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ် စသည့် ကမ္ဘာ့ဘာသာပေါင်းများစွာဖြင့် ပြန်ဆိုကြသည်။ သက်ဆိုင်ရာ ပညာရှင်အသီးသီးကလည်း အမျိုးမျိုးဖွင့်ဆိုကြသည်" စသဖြင့် သုံးသပ်ရေးသားခဲ့ပါတယ်။

ဆရာကြီး ဦးသုခက "မင်္ဂလာဝါဒကို ပြောဆိုငြင်းခုံကြတာက လူတွေကစတင်ကြတာဆိုတော့ လူ့ကျင့်ဝတ်တွေကိုအဓိကထားပြီး ဟောတော်မူတာ သိနိုင်ပါတယ်"လို့ မင်္ဂလသုတ်စာအုပ်မှာ ဖော်ပြထားပါတယ်။

"ဗုဒ္ဓက (၃၈) ပါး မင်္ဂလာတရားကို (၁)ကစပြီး (၃၈)ပါးအထိ တောက်လျှောက် ဆက်တိုက်မဟုတ်ဘဲ (၃)ပါးစီ၊ (၄)ပါးစီ (တေံမင်္ဂလမုတ္တမံ) ဟောကြားခဲ့တယ်။ လူငယ်တွေအတွက် ကဏ္ဍတစ်ပိုင်း၊ လူလတ်အတွက် ကဏ္ဍတစ်ပိုင်း၊ လူကြီးအတွက် ကဏ္ဍတစ်ပိုင်းခွဲခြားဟောကြားတော်မူ (သကဲ့သို့) သောအစီအစဉ်ကို နားလည်ကြည်ညိုစရာကောင်းတယ်" လို့လည်း ဆရာကြီးက ဆိုပါတယ်။

> **"လူကြီး မိဘတွေရဲ့ ဆိုဆုံးမမှုတွေကို အသက်ကြီးမှ ပိုသိမြင်လာရပါတယ်။ ငယ်တုန်းကတော့ ချုပ်ချယ်တယ်၊ မလွတ်လပ်ဘူးလို့ ထင်ခဲ့တာပေါ့။ အခုပြန်စဉ်းစားကြည့်တော့ တစ်ချိန်က လူကြီးမိဘတွေရဲ့ ဆိုဆုံးမမှုတွေဟာ မြန်မာလူမျိုးတိုင်း သားစဉ်မြေးဆက် လက်ဆင့်ကမ်းပေးခဲ့တဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေပဲလို့ တွေးမြင်လာမိတယ်။ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူနေမှုစနစ်ဆိုတာကလည်း များသောဖြင့် မြတ်စွာဘုရားဟောကြားခဲ့တဲ့ (၃၈)ဖြာ မင်္ဂလာတရားတော်က အခြေခံလာခဲ့တာပါပဲ "**

"ကလေးသူငယ်အရွယ်မှာ သိသင့်သိထိုက်တဲ့ တရားသုံးပါးဖြစ်တဲ့ လူမိုက်ကို မပေါင်းရဘူး၊ ပညာရှိတဲ့ လူလိမ္မာနဲ့ ပေါင်းရမယ်၊ ပူဇော်ထိုက်သူကို ပူဇော်ရမယ်ဆိုတဲ့ လူ့လောကကြီးအတွက် အခြေခံသုံးပါးကို အရင်ဦးဆုံး ကလေးဦးနှောက်ထဲ ရိုက်သွင်းပေးလိုက်တာဖြစ်တယ်။ လူမိုက်၊ လူလိမ္မာ ခွဲခြားမသိသေးတဲ့ကလေးအရွယ်ဆိုရင် မိဘက ခွဲခြားညွှန်ပြဆိုဆုံးမပေးရတယ်"လို့ ဆရာကြီးက ရှင်းလင်းရေးသားခဲ့ပါတယ်။

ကျွန်မတို့ငယ်ငယ်ကတော့ မိဘတွေက မင်္ဂလသုတ်ကို ပါဠိလိုအလွတ်ကျက်မှတ်ခိုင်းပြီး ညစဉ်ဘုရားဝတ်တက်တိုင်း ရွတ်ဖတ်ပူဇော်ကြရတယ်။ ကျောင်းရောက်ရင်လည်း ဆရာကြီး ဒဂုန်ဦးထွန်းမြင့်ရဲ့ မင်္ဂလာကဗျာတွေကို ရွတ်ဆိုကြရတဲ့အတွက် (၃၈)ဖြာမင်္ဂလာနဲ့ ရင်းနှီးကျွမ်းဝင်ခဲ့ရပါတယ်။ ဒီလိုရင်းနှီးကျွမ်းဝင်လာတဲ့အခါ ကိုယ်ပြုတဲ့ အမှုဟာ မင်္ဂလာလား၊ အမင်္ဂလာလားဆိုတာကို ကွဲကွဲပြားပြား သိလာရတာပေါ့။

မင်္ဂလာဖြစ်ရင် ကိုယ်ပြုတဲ့အမှုဟာ မင်္ဂလာပါလားလို့ ဝမ်းမြောက်ပီတိဖြစ်ရသလို အမင်္ဂလာဆိုလည်း ချက်ချင်းရပ်တန့်ပြီး နောင်မဖြစ်အောင် ရှောင်ကြဉ်နိုင်တာပေါ့။ အဲဒီလို မိဘဘိုးဘွားတွေရဲ့ သွန်သင်ဆုံးမပဲ့ပြင်ပေးခဲ့တဲ့ ကျေးဇူးကြောင့်လည်း ကျွန်မတို့က တစ်ဖန် သားသမီး မြေးမြစ်တွေကို ပြန်လည်လက်ဆင့်ကမ်း ပဲ့ပြင်ဆုံးမနိုင်ခဲ့တာပေါ့။

**မိဘနဲ့ သားသမီး ဆက်ဆံရေး**

ဒီဘက်ခေတ်များမှာတော့ မိဘနဲ့ သားသမီး ဆက်ဆံရေးဟာ ကျွန်မတို့ငယ်စဉ်ကခေတ်လို နွေးထွေးမှု အားနည်းတယ်လို့ ကျွန်မထင်တယ်။ မိဘတွေဘက်ကလည်း စားဝတ်နေရေး၊ စီးပွားရေးဘက်ကို အာရုံစိုက်လုံးပန်းနေကြရတော့ အရင်ခေတ်တွေကလောက် သားသမီးတွေအပေါ် အချိန်သိပ်မပေးနိုင်ကြတော့ဘူး။ အချို့မိသားစုတွေဆို မိဘနဲ့သားသမီးမျက်နှာချင်းဆိုင် စကားစမြည်ပြောဆိုဖို့တောင် အချိန်မရှိသလောက်ပါပဲ။ ကိုယ့်သားသမီးက အခန်းထဲမှာ ဖုန်းတစ်လုံးနဲ့ ဘာလုပ်လို့ ဘာလုပ်နေမှန်း၊ ဘယ်သွားလို့ ဘယ်လာနေကြမှန်းတောင် မသိကြရတော့ဘူး။ ဒါကြောင့်လည်း လူငယ်လူရွယ် သားသမီးအချို့ဆို မူးယစ်ဆေးဝါးသုံးစွဲမှုကအစ လမ်းမှားကို မရောက်သင့်ဘဲ ရောက်သွားခဲ့ကြရတယ်။

သားသမီးတွေဘက်ကလည်း ခေတ်ကာလအရ လွတ်လပ်မှုကို ရှေ့တန်းတင်လာကြတော့ မိဘတွေရဲ့ ပဲ့ပြင်ဆုံးမမှုကို တန်ဖိုးထား လေးစားလိုက်နာကြရမှန်းမသိတတ်ကြတော့ဘူး။ သူတို့ရဲ့လွတ်လပ်ခွင့်ကို ကန့်သတ်ချုပ်ချယ်တယ်လို့ပဲ ထင်မြင်ယူဆလာကြတယ်။ ဒါကလည်း သဘာဝပါပဲ။ အထူးသဖြင့် ဆယ်ကျော်သက်အရွယ်ဆိုတာ မိဘရဲ့ ရင်ခွင်အောက်က ထွက်စပြုပြီး ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းတတ်ကြတယ်။ မိဘကို အားကိုးလိုစိတ် လျော့နည်းလာပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်ကိုးစားမှု ပိုများလာတတ်ကြတယ်။ ကိုယ့်စိတ်နဲ့ကိုယ် လုပ်ကြည့်ချင်လာတတ်ကြတယ်။ အပေါင်းအသင်းကို ပိုပြီး ခုံမင်လာကြတယ်။

ဒါကြောင့်မို့ ကျွန်မတို့ခေတ်က မိဘတွေဟာ "နောင်ကို လူဆိုးလူမိုက် လူသာမည ဖြစ်လာနိုင်တဲ့ အခြေခံကာလဟာ ဒီအရွယ်ပဲ။ ပညာရှိသူတော်ကောင်း လူမွန်လူချွန်ဖြစ်လာနိုင်တာလည်း ဒီအရွယ် ဒီကာလပဲ"လို့သတ်မှတ်ပြီး ဂရုတစိုက်နဲ့ ပဲ့ပြင်ဆုံးမသွန်သင်ပြသပေးခဲ့ကြတာ ဖြစ်ပါတယ်။

**လက်ဦးဆရာ မည်ထိုက်စွာ**

ဒါကြောင့်လည်း မိဘတွေကို လက်ဦးဆရာတွေလို့ မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ရာကနေ "လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ၊ မိနှင့်ဘ" လို့ ရှေးကဆိုခဲ့ကြခြင်းဖြစ်ပါတယ်။ နိုင်ငံတကာက ပညာရှင်တွေကလည်း မိခင်ကောင်းတစ်ယောက်၏ စွမ်းရည်သည် ဆရာပေါင်းမြောက်မြားစွာ၏ စွမ်းရည်နှင့်ညီမျှ၏၊ ကြီးကျယ်မြင့်မြတ်သော အမွေကို သူတို့၏ မိခင်များထံမှ ရရှိခဲ့ကြသည်၊ လူ့လောက၏အနာဂတ်သည် မိခင်တို့၏လက်တွင်း၌သာ တည်ရှိသည် စတဲ့အဆိုအမိန့်ပေါင်းများစွာနဲ့ မိဘတွေရဲ့ အခန်းကဏ္ဍကို ပုံဖော် ဖော်ကျူးခဲ့ကြတာပေါ့။

ဒီဘက်ခေတ် မိဘဘိုးဘွား ဆရာသမားတွေအနေနဲ့လည်း ကိုယ့်သားသမီး မြေးမြစ်တွေရဲ့ဘဝ တင့်တောင့်တင့်တယ် သာယာလှပစေဖို့၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို သားစဉ်မြေးဆက် အမွေခံထိုက်စေတည်တံ့စေဖို့ ကျွန်မတို့ဘိုးဘွားမိဘတွေခေတ်ကလို သားသမီးတွေကို ကြက်ကောင်းကြိုးမကွာ ပဲ့ပြင်ဆုံးမပေးကြရဦးမှာ ဖြစ်ပါတယ်။

သားသမီးတွေဘက်ကလည်း "ယနေ့ ဘုရားရှင်နှင့်တကွ ဥပဇ္ဈာယ်ဆရာတို့ထံမှ ဤသဲလုံးနှင့်အမျှသော ဆုံးမစကားများ ကြားနာရပါလို၏" ဆိုပြီး နံနက်စောစောမှာ သဲတွေကို လက်ခုပ်နဲ့ ကျုံးယူမြွက်ဆိုလေ့ရှိသူ၊ ဆရာသမားတို့ရဲ့ အဆုံးအမကို ချက်ချင်းလက်ငင်း လိုက်နာကျင့်သုံးခဲ့တဲ့အတွက် အကျင့်သိက္ခာ ချစ်မြတ်နိုးသောအရာမှာ တော်ဂုဏ်ထူးရသူ အရှင်ရာဟုလာထုံး နှလုံးမူပြီး မိဘဘိုးဘွားဆရာသမားတို့ရဲ့ ပဲ့ပြင်ဆုံးမ သွန်သင်ပြသမှုကို တန်ဖိုးထားလေးစားလိုက်နာကြဖို့ လိုပါတယ်။

ပေးဝေသူနဲ့ လက်ခံသူ၊ လက်ဆင့်ကမ်းသူတွေနဲ့ ကမ်းလင့်သူတွေရှိနေသရွေ့၊ တာဝန်ကိုယ်စီ ကျေပွန်နေသရွေ့ မြန်မာ့ဓလေ့၊ မြန်မာ့စရိုက်၊ မြန်မာစာ၊ မြန်မာစကား၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာတွေဟာ မြန်မာ့မြေက ပျောက်ကွယ်သွားမှာမဟုတ်သလို ငြိမ်းချမ်းသာယာတဲ့ မြန်မာ့လူ့ဘောင်ကိုလည်း စဉ်ဆက်မပြတ်တည်ဆောက်နိုင်လိမ့်မယ်လို့ ကျွန်မကတော့ ဒီလိုပဲ ယုံကြည်နေမိပါတယ်။ ။

❍ ကျောဖုံးမှ

ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ပြည်ထောင်စုအတွင်းရှိ ဒေသအသီးသီးတွင် တိုင်းရင်းသား ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး အတွက်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး လုပ်ငန်းများကို ထမ်းဆောင်လျက်ရှိသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို တည်ဆောက်သွားရန် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေးရရှိစေရန် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုအပ်ဘဲ ဆုံးရှုံးမှု မရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံ ပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ခြင်း၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်နေသူများ အနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများကို ပြန်လည်ဖိတ်ခေါ်ခြင်းတို့အား အသိပေးထုတ်ပြန်ခဲ့ရာ ပြန်လည် ဝင်ရောက်လာသူများကိုလည်း စနစ်တကျလက်ခံပေးလျက်ရှိသည်။

နိုင်ငံတော်အားအလုံးစုံပျက်သုဉ်းစေလိုသည့် CRPH နှင့် NUG အကြမ်းဖက်အုပ်စုများက ဆွဲဆောင်စည်းရုံးမှု၊ သွေးထိုးလှုံ့ဆော်မှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် အချို့သော CDM ဝန်ထမ်းများ၊ ကျောင်းသား/ ကျောင်းသူများ၊ လူငယ်လူရွယ်များတို့သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများတည်ရှိရာ နယ်မြေဒေသများသို့ ရောက်ရှိသွားခဲ့ပြီး လက်နက်ပစ်ခတ်ခြင်းနှင့် ဖောက်ခွဲဖျက်ဆီးရေး သင်တန်းများသို့ စာရင်းသွင်း ပါဝင်တက်ရောက်ခဲ့ကြသည်ကို တွေ့ရှိရသည်။

ထိုသို့သင်တန်းတက်ရောက်ခဲ့သူများအနက်မှ အချို့သောသူများ သည် အကြမ်းဖက်တိုက်ခိုက်သည့် လုပ်ရပ်များတွင် ပါဝင်လိုခြင်း မရှိသည့်အတွက် ထွက်ပြေးတိမ်းရှောင်ပြီး ပြည်တွင်း/ပြည်ပဒေသ အချို့၌ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်းကို ကြားသိရ သည်။ ၎င်းတို့သည် NUG အမည်ခံအကြမ်းဖက်အုပ်စုနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့တို့၏ အကြမ်းဖက်လုပ်ရပ် များကို မျက်ဝါးထင်ထင်တွေ့မြင်လာပြီး လက်ခံနိုင်မှုမရှိခြင်း၊ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှုများကို ယုံကြည်လက်ခံလာခြင်း၊ မိမိတို့၏ နေရပ်ဒေသအသီးသီးရှိ မိသားစုဆွေမျိုးများနှင့်အတူ တည်ငြိမ် အေးချမ်းစွာ ပြန်လည်နေထိုင်လိုခြင်းတို့ကြောင့် မိမိတို့နေရပ်ဒေသသို့ ပြန်လည်ဝင်ရောက်လိုသော်လည်း CRPH နှင့် NUG အကြမ်းဖက်အုပ်စု များနှင့် ၎င်းတို့၏လက်ဝေခံများက ထိန်းချုပ်အကျပ်ကိုင် ခြိမ်းခြောက် ထားမှုတို့ကြောင့် ပြန်လည်ဝင်ရောက်ခြင်း မပြုနိုင်ကြသည်ကိုလည်း ဆက်သွယ်သတင်းပေးပို့ချက်များအရ သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထိုသို့သော မြန်မာနိုင်ငံရှိနေရပ် အသီးသီးသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကြိုဆိုလက်ခံနိုင်ရေး အတွက် နယ်စပ်ဒေသအသီးသီးတွင် ပြန်လည် ကြိုဆိုလက်ခံရေးစခန်း များ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါစခန်းများအပြင် နီးစပ်ရာတပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စခန်းအသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် ယင်းသို့သတင်းပို့ ဆက်သွယ် သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ တွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ယန္တရားနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၃၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲ မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ ရန်ကုန်အပြည်ပြည် ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံမှ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ခွင့်ပြုလိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန် ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂,၆၂၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် လှည်းကူးမြို့နယ်သစ်တောဦးစီးဌာန ဦးဆောင် သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူး မြို့နယ် ကျောက်အိုင်ကျေးရွာ၌ တရားမဝင် ကျွန်းပါကေးအကြမ်းတုံး ၀ ဒသမ ၄၈၇၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈,၂၈၄) နှင့် အဆိုပါ သစ်များ တင်ဆောင်လာသော TOYOTA Probox အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃,၀၀၀,၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃,၃၂၈,၂၈၄) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှု ဖြင့် ရန်ကုန်တိုင်းဒေသကြီးရှိ အေးရှားဝေါလ် ဆိပ်ကမ်းကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ တာဝန်ကျ စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမိန့်ညွှန်ကြားချက်နှင့် စည်းမျဉ်း ကန့်သတ်ချက်များအား ကျော်လွန်တင်သွင်းလာခဲ့ သော Caterpilla အမျိုးအစား Motor Grader ယန္တရား တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃,၃၄၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက် ရှိသည်။

ထို့အပြင် ဇူလိုင် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (ဘဲဘားကျိုး) စုပေါင်း စစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှမန္တလေးမြို့သို့ သွားရောက်မည့် ကုန်တင် ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသော သကြား (၁၆,၇၅၀) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၀၅၀,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော ၂၂ ဘီး ကုန်တင်ယာဉ် တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀,၀၀၀,၀၀၀)၊ စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀,၀၅၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ဇူလိုင် ၂ ရက်တွင် စစ်ကိုင်းတိုင်း ဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟုမ္မလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ Canda 125 အမျိုးအစား မော်တော်ဆိုင်ကယ် တစ်စီးနှင့် Shayan 125 အမျိုးအစား မော်တော် ဆိုင်ကယ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင် သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက် ခဲ့ရာ တောင်ငူခရိုင်ရှိ ခပေါင်းကြိုးဝိုင်းအတွင်း ကျွန်းသစ် ၄ ဒသမ ၉၁၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁,၆၆၂,၁၆၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တော ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်၊ ၂ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁,၆၀၀,၄၄၄) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# မြိတ်မြို့နယ်နှင့် မူဆယ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂**

မြိတ်မြို့နယ်နှင့် မူဆယ်မြို့တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မြိတ်မြို့ မြိတ်တောင် ရပ်ကွက် BOC လမ်းတွင် မင်းထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁,၂၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် မြိတ်မြို့ အလယ် ကျွန်းရပ်ကွက်နေ စိတ်ကြွရူးသွပ် ဆေးပြားများ အရောင်းအဝယ် ပြုလုပ်သူ ဇော်ဝင်း ကို ဖမ်းဆီးရမိ ခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် မူးယစ် ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင် သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ နယ် ကလွင်ကျေးရွာနေ ဝင်းနိုင် လင်း ၏ နေအိမ်ကို ဝင်ရောက် ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄,၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီခွဲ တွင် မြိတ်မြို့ ကန်ကြီးရပ်ကွက်နေ စိုးကိုကို (ခ) ခေါင်းကြီး ၏ နေအိမ် ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၂,၄၀၀၊ ဆေး ခြောက် သုည ဒသမ ၁ ကီလိုနှင့် ဝါးပြောင်းဆေးရှူ ကိရိယာ တစ်ခုတို့ကို လည်းကောင်း၊ ထို့အတူ ဇူလိုင် ၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် မူဆယ်မြို့ ကောင်း မူးတုံရပ်ကွက် မြို့ပတ်လမ်းတွင် ခွန်အောင် (ခ) မာအောင် မောင်းနှင် လာသည့် ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၆,၀၀၀ ကို လည်း ကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေအရ အရေးယူ ထားကြောင်း သိရသည်။ **သတင်းစဉ်**



ခွန်အောင် (ခ) မာအောင် အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ နှင့်အတူ တွေ့ရစဉ်။

## မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂**

ဘင်္ဂလားပင်လယ်အော် အခြေ အနေမှာ ကပ္ပလီပင်လယ်ပြင် နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန် ဘင်္ဂလား ပင်လယ်အော်တွင် မုတ်သုံလေ အားအသင့် အတင့်မှ အားကောင်းနေ သည်။ **မိုး/ဇလ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၇၇၅ |
| 95 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၀၀ | ၂၂၉၅ | ၂၃၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၂၅၀ | ၂၂၅၀ | ၂၂၅၅ | ၂၄၇၅ | ၂၈၃၀ |
| HSD (500 ppm) | ၂၄၃၅ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၅ | ၂၅၈၀ | ၂၅၇၅ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၁၅ | ၂၅၁၅ | ၂၇၃၅ | ၃၀၃၀ |
| HSD (50 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |
| HSD (10 ppm) | ၂၄၆၀ | ၂၅၁၀ | ၂၅၀၅ | ၂၄၇၀ | ၂၅၀၅ | ၂၅၃၀ | ၂၅၂၅ | ၂၄၉၀ | ၂၆၀၅ | ၂၆၀၀ | ၂၅၀၀ | ၂၅၁၀ | ၂၅၄၀ | ၂၅၄၅ | ၂၅၄၅ | ၂၇၆၅ | ၃၀၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၅၈ | ၂၀၃၁ |
| 95 Ron | ၂၀၆၇ | ၂၁၄၂ |
| HSD (500 ppm) | ၂၃၂၂ | ၂၃၉၈ |
| HSD (50 ppm) | ၂၃၄၉ | ၂၄၂၆ |
| HSD (10 ppm) | ၂၃၄၉ | ၂၄၂၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေးဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အပါအတွင် မြို့နယ်လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့နှင့် ခိုလမ်မြို့တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အပါအဝင် မြို့နယ်လေးမြို့နယ်နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်အပါအဝင် မြို့နယ် နှစ်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ် ၁၄ မြို့နယ်၊ အနောက်ပိုင်းခရိုင်ရှိမြို့နယ် ၁၂ မြို့နယ်၊ တောင်ပိုင်းခရိုင်ရှိ မြို့နယ် ၁၀ မြို့နယ်၊ မြောက်ပိုင်းခရိုင်ရှိမြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၇ မြို့နယ်နှင့် ချင်းပြည်နယ် ပလက်ဝမြို့တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ကလေးမြို့၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နှင့် ချင်းပြည်နယ် မင်းတပ်မြို့တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌ လည်းကောင်း၊ ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။



ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါ၌ လက်လုပ်လက်စား အိမ်ထောင်စုများအတွက် ဆန်များထောက်ပံ့လှူဒါန်း

**ဝေါ ဇူလိုင် ၂**

၂၀၂၂ ခုနှစ် နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ချို့တဲ့သော လက်လုပ်လက်စားအိမ်ထောင်စုများအတွက် ဆန်များကို ဝေါမြို့နယ်သမဝါယမအသင်းများက စုပေါင်း၍ ဇူလိုင် ၂ ရက်က ထောက်ပံ့ လှူဒါန်းသည်။

မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆန်များထောက်ပံ့လှူဒါန်းပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က နှစ်(၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ချို့တဲ့သော လက်လုပ်လက်စားအိမ်ထောင်စုများကို ဆန်ထောက်ပံ့လှူဒါန်းပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့ပေါ်ရပ်ကွက်ငါးခုအတွင်းရှိ ချို့တဲ့သော လက်လုပ်လက်စား အိမ်ထောင်စုများအတွက် ဝေါမြို့နယ်သမဝါယမအသင်းစုလီမိတက်နှင့် အခြေခံသမဝါယမအသင်းများမှ ထောက်ပံ့သော ဆန်အိတ် ၂၀၊ ပြည်ဖြိုးအောင် ဈေးသမလီမိတက်မှ ထောက်ပံ့သော ဆန်ငါးအိတ်နှင့် စုမြတ်ရတနာငွေစုငွေချေး ဈေးသမလီမိတက်မှ ထောက်ပံ့သော ဆန် ၁၀ အိတ်တို့ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ချို့တဲ့သောပြည်သူများကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့လှူဒါန်းပေးခဲ့သည်။

**စိုးမိုး(ပြန်/ဆက်)**

# ပြင်သစ်သမ္မတနှင့် ဩစတြေးလျဝန်ကြီးချုပ်တို့ ခိုင်မာသော နှစ်နိုင်ငံကြားဆက်ဆံရေးကို တည်ဆောက်ရန် ကတိကဝတ်များ ထပ်မံအတည်ပြု

ပါရီ ဇူလိုင် ၂

**ရေငုပ်သင်္ဘောအရေးကိစ္စပြီးနောက် နှစ်နိုင်ငံကြား အနာဂတ်ဆက်ဆံရေးနှင့်ပတ်သက်ပြီး ဆွေးနွေးရန် အတွက် ပြင်သစ်သမ္မတ အီမန်နူရယ် မက်ခရွန်သည် ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီ အယ်ဘာနိစ်ကို ဇူလိုင် ၁ ရက်တွင် လက်ခံတွေ့ဆုံခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**

မက်ခရွန်နှင့် အယ်ဘာနိစ်တို့သည် အပြန်အလှန်ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံ၍ နီးကပ်စွာဖြင့် ခိုင်မာသော နှစ်နိုင်ငံကြား ဆက်ဆံရေးကို တည်ဆောက်ရန် ကတိကဝတ်များကို ထပ်မံအတည်ပြုခဲ့ကြကြောင်း ပြင်သစ်သမ္မတရုံးက ပြောသည်။ ဝန်ကြီးချုပ် အယ်ဘာနိစ်က ၎င်း၏ ခရီးစဉ်သည် နှစ်နိုင်ငံကြား ဆက်ဆံရေးသစ် တစ်ခုကို ပြန်လည်တည်ဆောက်ရန် ကိုယ်စားပြုကြောင်း ပြောသည်။

ထို့အပြင် ပြင်သစ်သမ္မတ မက်ခရွန်က ၎င်းနှင့် အယ်ဘာနိစ်တို့သည် အတိတ်ကာလအကြောင်းကို ဆွေးနွေးသွားမည် မဟုတ်ဘဲ အနာဂတ်အကြောင်းကိုသာ ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောသည်။ ထို့အပြင် လက်ရှိဝန်ကြီးချုပ် အယ်ဘာနိစ်တွင် ပြင်သစ်နှင့် ဩစတြေးလျနိုင်ငံတို့အကြား ဆက်ဆံရေး အေးစက်လာမှုအတွက် တာဝန်မရှိကြောင်း ပြောသည်။

ယမန်နှစ်က ဩစတြေးလျ ဝန်ကြီးချုပ်ဟောင်း စကော့ မာရီဆွန်သည် ပြင်သစ်ပိုင် သင်္ဘောတည်ဆောက်သူ ရေတပ်အုပ်စုနှင့် ဒေါ်လာဘီလီယံပေါင်းများစွာတန်ကြေးရှိသော ဒီဇယ်စွမ်းအင်သုံး ရေငုပ်သင်္ဘောများမှာယူမှု စာချုပ်ကို ဖျက်သိမ်းခဲ့မှုနှင့်ပတ်သက်ပြီး နှစ်နိုင်ငံကြား ဆက်ဆံရေး အေးစက်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**




ဩစတြေးလျဝန်ကြီးချုပ် အန်သိုနီ အယ်ဘာနိစ်နှင့် ပြင်သစ်သမ္မတ အီမန် နူရယ် မက်ခရွန်။



တိုင်ဖွန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် တောင်တရုတ်ပင်လယ်အတွင်း နှစ်မြုပ်ပျက်စီးသွားသည့် သင်္ဘောကို တွေ့ရစဉ်။

# တောင်တရုတ်ပင်လယ်အတွင်း တိုင်ဖွန်းမုန်တိုင်းတိုက်ခတ် သင်္ဘောတစ်စင်း ထက်ပိုင်းကျိုး၍ ၂၄ ဦး ပျောက်ဆုံးနေ

**ဟောင်ကောင် ဇူလိုင် ၂**

ဇူလိုင် ၁ ရက်က တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တောင်တရုတ်ပင်လယ်အတွင်း သင်္ဘောတစ်စင်း ထက်ပိုင်းကျိုး နစ်မြုပ်ကာ သင်္ဘောသား ၂၄ ဦးကျော် ပျောက်ဆုံးနေသဖြင့် ကယ်ဆယ်ရေးအဖွဲ့များက လိုက်လံရှာဖွေလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

မုန်တိုင်းတိုက်ခတ်စဉ် ဟောင်ကောင်ဒေသ၏ အနောက်တောင်ဘက် ရေမိုင် ၁၆၀ အကွာတွင် ရောက်ရှိနေသည့် အင်ဂျင်နီယာသင်္ဘောတစ်စင်းသည် နှစ်ပိုင်းကျိုးကာ ပျက်စီးသွားခဲ့သဖြင့် အမှုထမ်း ၃၀ တို့က သင်္ဘောကိုစွန့်ခွာခဲ့ရကြောင်း ဟောင်ကောင်အစိုးရ ပျံသန်းရေးဝန်ဆောင်မှုဆိုင်ရာဌာနက ပြောကြားသည်။ ၎င်းတို့အနက်မှ သုံးဦးကို ဒေသစံတော်ချိန် ညနေ ၃ နာရီခန့်တွင် ကယ်ဆယ်နိုင်ခဲ့ပြီး ဆေးကုသမှုခံယူလျက်ရှိကြောင်း ဒေသအာဏာပိုင်အဖွဲ့က ပြောသည်။

အခြားသင်္ဘောသားများမှာ ပထမဆုံးကယ်ဆယ်ရေး ရဟတ်ယာဉ် မရောက်ရှိမီမှာပင် လှိုင်းလုံးများဖြင့် မျောပါသွားခြင်းဖြစ်နိုင်သည်ဟု အသက်ရှင်ကျန်ရစ်သူ သုံးဦးက ပြောကြားခဲ့ကြောင်း အစိုးရ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

တောင်တရုတ်ပင်လယ်ဒေသ အလယ်ပိုင်းမှ စတင်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း "ချာဘာ" သည် ဇူလိုင် ၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်းပြည်နယ် ကုန်းတွင်းပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ နစ်မြုပ်သွားသည့် သင်္ဘောသည် တိုင်ဖွန်းမုန်တိုင်း ချာဘာတိုက်ခတ်မှု၏ ဗဟိုချက်အနီး၌ ရောက်ရှိနေသဖြင့် အန္တရာယ်ကြားမှ လွတ်မြောက်ရန် ခက်ခက်ခဲခဲ လုပ်ဆောင်ရနိုင်ကြောင်း ဟောင်ကောင်ကယ်ဆယ်ရေးအဖွဲ့များက ဇွန် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၂၅ မိနစ်တွင် သတိပေးခဲ့သေးသည်ဟု ဆိုသည်။ မုန်တိုင်းတိုက်ခတ်စဉ် အဆိုပါ သင်္ဘောရောက်ရှိသည့် နေရာ၌ တစ်နာရီလျှင် လေတိုက်နှုန်း ၁၄၄ ကီလိုမီတာနှင့် လှိုင်းအမြင့်မှာ ၁၀ မီတာအထိ ရှိခဲ့ကြောင်း ဒေသအာဏာပိုင်များက ဆိုသည်။

ယခုအခါ နစ်မြုပ်သင်္ဘောပေါ်မှ ဒုက္ခရောက်နေသူများကို ကယ်ဆယ်နိုင်ရန်အတွက် ဟောင်ကောင်အစိုးရ ပျံသန်းရေး ဝန်ဆောင်မှုဆိုင်ရာဌာနမှ လေယာဉ် နှစ်စင်းနှင့် ရဟတ်ယာဉ် လေးစင်းစေလွှတ်ထားပြီး တရုတ်နိုင်ငံ ဗဟိုအစိုးရကလည်း ကယ်ဆယ်ရေးရေယာဉ်တစ်စင်းကို စေလွှတ်ထားသည်။

သင်္ဘောနစ်မြုပ်မှုကြောင့် ပျောက်ဆုံးနေသူ အများအပြားရှိသောကြောင့် ရှာဖွေရေးဧရိယာကို တိုးမြှင့်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ညပိုင်းအထိ တိုးချဲ့လုပ်ဆောင်သွားမည်ဟု ကယ်ဆယ်ရေးသမားများက ပြောကြားသည်။ **အေအက်ဖ်ပီ**

# အီရတ်နိုင်ငံက ဇွန်လအတွင်း ရေနံစိမ်းစည် သန်း ၁၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့

ဘဂ္ဂဒက် ဇူလိုင် ၂

**အီရတ်နိုင်ငံက ဇွန်လအတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၁ ဒသမ ၁၉ သန်းရောင်းချပြီး နိုင်ငံ့ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ ဘီလီယံ ရှာဖွေနိုင်ခဲ့ကြောင်း အီရတ်နိုင်ငံ ရေနံထုတ်လုပ်ရေးဆိုင်ရာ ဝန်ကြီးက ဇူလိုင် ၁ ရက်တွင် ပြောကြားသည်။**

ဇွန်လအတွင်း ရေနံစိမ်းတစ်စည်လျှင် ပျမ်းမျှ အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၇ ဒေါ်လာနှုန်းဖြင့် ရောင်းချခဲ့ရကြောင်း ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့၏ စာရင်းအင်းများကို ကိုးကား၍ ဝန်ကြီးဌာနက ထုတ်ပြန်သည်။

အီရတ် အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံတွင်းများမှ ထွက်ရှိသည့် စုစုပေါင်းစည်ပေါင်း ၉၇ ဒသမ ၉၈ သန်းကို ဘာဆရာဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ရောင်းချခဲ့ပြီး နိုင်ငံမြောက်ပိုင်း ကာကွတ်ပြည်နယ်ရှိ ရေနံတွင်းများမှ ထွက်ရှိသည့် ရေနံစည်ပေါင်း ၂ ဒသမ ၉၁ သန်းခန့်ကို မြေထဲပင်လယ်ဒေသရှိ တူရကီယဲနိုင်ငံ စေဟန်းဆိပ်ကမ်းမှတစ်ဆင့် တင်ပို့ရောင်းချခဲ့သည်။ အီရတ်နိုင်ငံမှ ဇွန်လအတွင်း ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ရေနံစိမ်းစည်ပေါင်း ၃ ဒသမ ၃၇ သန်း တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အီရတ်နိုင်ငံ ရေနံထုတ်လုပ်ရေးဆိုင်ရာ ဝန်ကြီးက ဆိုသည်။

အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုအပေါ် အဓိက မှီခိုနေရပြီး ရေနံတင်ပို့မှုမှ နိုင်ငံ့ဝင်ငွေ၏ ၉၀ ရာခိုင်နှုန်းကျော် ရရှိလျက်ရှိသည်။ **ဆင်ဟွာ**



အီရတ်နိုင်ငံမြောက်ပိုင်း ကာကွတ်ပြည်နယ်ရှိ ရေနံမြေကို တွေ့ရစဉ်။

# အီရန်နိုင်ငံတောင်ပိုင်း၌ ပြင်းအား ၆ အထက်ရှိ ငလျင်သုံးကြိမ် လှုပ်

**တီဟီရန် ဇူလိုင် ၂**

အီရန်နိုင်ငံတောင်ပိုင်း ဟော်မုဇ်ဂန်ပြည်နယ်၌ ဇူလိုင် ၁ ရက် အစောပိုင်းက ပြင်းအား ၆ အထက်ရှိ ငလျင် သုံးကြိမ် လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး ငါးဦးထက်မနည်း သေဆုံးကာ ၄၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ ဖားစ်သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

ပထမဆုံးပြင်းအား ၆ ဒသမ ၁ အဆင့်ရှိ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၂ မိနစ်၌ အနက် ၁၀ ကီလိုမီတာတွင် လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ငလျင်လှုပ်မှုဖြစ်ပွားပြီးနောက် နာရီအနည်းငယ်အကြာတွင် ပြင်းအား ၆ ဒသမ ၃ အဆင့်ရှိ ငလျင်နှစ်ခု လှုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ငလျင်လှုပ်မှုကြောင့် ကျေးလက်ဒေသများရှိ အိမ်အချို့နှင့် လမ်းများ ထိခိုက်ပျက်စီးခဲ့သလို လမ်းများပေါ်တွင် မြေပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ၏ အရေးပေါ်ဝန်ဆောင်မှုအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုတာဘာ ခါလီဒီသည် ငလျင်ကြောင့် ထိခိုက်ခဲ့သည့် ဒေသများသို့ လူနာတင်ကားများနှင့် ရဟတ်ယာဉ်များ ပို့ဆောင်ထားပြီးဖြစ်ကြောင်း ပြောသည်။ ထို့အပြင် အချို့နေရာများတွင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဖြစ်ပွားသည့်အတွက် ပြုပြင်ပေးလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# ကာဗွန်ထုတ်လွှတ်မှုလျှော့ချရေးနှင့် စွမ်းအင်ကဏ္ဍတို့အတွက် မီးစတစ်ဖက် ရေမှုတ်တစ်ဖက်ဖြစ်နေသည့် ဥရောပနိုင်ငံများ

**မိုမိုဝေ**

ဩစတြီးယားနိုင်ငံ တောင်ပိုင်းဒေသရှိ မဲလ်လက် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ တာလပတ်ကြိုးများအကြားတွင် ပင့်ကူအိမ်များဖွဲ့နေပြီး ကျောက်မီးသွေးပုံများ အကြားတွင်လည်း သစ်ပင်ငယ်များနှင့် ပန်းပွင့်များ စွာပင် ပွင့်နေလေပြီ။

ဩစတြီးယားနိုင်ငံ၏ နောက်ဆုံး ကျောက်မီးသွေး လောင်စာသုံး ဓာတ်အားပေးစက်ရုံဖြစ်သည့် အဆိုပါ စက်ရုံသည် ၂၀၂၀ ပြည့်နှစ် နွေဦးပေါက်ကာလကတည်းက ပိတ်သိမ်းခဲ့ပြီဖြစ်သော်လည်း ယခုအခါ စွမ်းအင်လိုအပ်ချက်အရ စက်ရုံကို ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ထပ်မံပြင်ဆင်ရန် ဆုံးဖြတ်လိုက်ပြီ ဖြစ်သည်။

"ဒီစက်ရုံကို ပြန်ဖွင့်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ စိတ်ကူးတောင်မယဉ်ခဲ့ပါဘူး၊ ဓာတ်ငွေ့အပေါ်မှာပဲ မှီခိုနေရတာ ဆိုးတာပေါ့ဗျာ" ဟု ဝရိန်ဆော်သူ ပီတာပရောဘ်က ဆိုသည်။

**ကျောက်မီးသွေးဘက်သို့ ပြန်လှည့်လာ**

ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ တိုက်ဖျက်ရေးအတွက် ဩစတြီးယားနိုင်ငံသည် ကျောက်မီးသွေး အသုံးပြုမှုကို ရပ်တန့်ရန် ကြိုးစားခဲ့သော်လည်း အချည်းနှီးသာ။ စစ်ရေးဆိုင်ရာ ပဋိပက္ခများကြောင့် ဓာတ်ငွေ့ ထောက်ပံ့မှုကို မရနိုင်တော့သည့်အတွက် ဥရောပနိုင်ငံများသည် ကျောက်မီးသွေးဘက်သို့ပြန်လှည့်လာရသည့်အနေအထားသို့ပြန်လည်ရောက်ရှိလာခဲ့သည်။

ယခုအခါတွင် မဲလ်လက်ဓာတ်အားပေးစက်ရုံ၏ အနီရောင်နှင့် အဖြူရောင် မီးခိုးခေါင်းတိုင်များသည် ဂရစ်ဇ်မြို့ အဝေးတစ်နေရာရှိ ပြောင်းဖူးခင်းနှင့် ဖရုံခင်းများအကြားတွင် ထင်ရှားစွာ ပေါ်လွင်နေသည်။ အနက်ရောင်အတွင်း နံရံများနှင့် ကျောက်မီးသွေးမှုန့်များ ပေကျံနေသည့် တံခါးလက်ရန်းများကိုလည်း မြင်တွေ့ရသည်။

၂၀၃၀ ပြည့်နှစ်တွင် ဩစတြီးယားအတွက်လိုအပ်သည့် လျှပ်စစ်စွမ်းအင်အားလုံးကို ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍမှ ရရှိနိုင်ရမည်ဟု "ဂရင်းစ်" ကွန်ဆာဗေးတစ်အဖွဲ့က မျှော်မှန်းထားခဲ့ပြီး မဲလ်လက် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံမပိတ်မီကတည်းကပင် စက်ရုံ၌ ကျန်ရှိနေသည့် ကျောက်မီးသွေး တန်ချိန်ပေါင်း ၄၅၀၀၀၀ ခန့်ကို သိုလှောင်သိမ်းဆည်းပြီးနောက် ပိတ်သိမ်းလိုက်ခြင်းဖြစ်သည်။ သို့သော်လည်း ယခု လာမည့်လေးလခန့်အကြာတွင် ရောက်ရှိမည့် ဆောင်းရာသီမတိုင်မီ ဓာတ်ငွေ့ ပြတ်တောက်သွားနိုင်သဖြင့် စက်ရုံကို အချိန်မီလည်ပတ်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စီမံကိန်းမန်နေဂျာဖြစ်သူ ခရစ္စတို ကာဇ်မန်း ဖရီးဒယ်က ဆိုသည်။

**အရေးပေါ်အခြေအနေ**

"စက်ရုံကိုတော့ အရေးပေါ်လိုအပ်မှသာ အသုံးချသွားမှာပါ၊ ဩစတြီးယားအနေနဲ့ ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး ရည်မှန်းချက်ကိုလည်း ဆက်လက်စွဲကိုင်ထားမှာပါ၊ ဒါဟာ တကယ့်ကို အရေးပေါ်အခြေအနေမို့ပါ၊ ဘယ်လိုအခြေအနေမျိုးအတွက်ကိုမဆို ကျွန်တော်တို့ ကြိုတင်ပြင်ဆင်ထားဖို့တော့ လိုပါတယ်" ဟု အမိပတိကားလ်နီဟန်းမားက ပြောကြားသည်။

မဂ္ဂါဝပ် ၂၃၀ ထုတ်လုပ်နိုင်မည့် အဆိုပါ ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံကို ဩစတြီးယား၏ ထိပ်တန်း လျှပ်စစ်ဓာတ်အားပေး ကုမ္ပဏီတစ်ခု ဖြစ်သည့် ဗားဘန့်က ဆောင်ရွက်လျက်ရှိပြီး ဂရစ်ဇ်မြို့ရှိ ပြည်သူ ၃၀၀၀၀၀ ခန့်ကို ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကာဇ်မန်း ဖရီးဒယ်က ပြောသည်။

သို့သော် အဆိုပါစက်ရုံကို အဆင်သင့်ဖြစ်ရန် ပြင်ဆင်နေဆဲအခြေအနေသာဖြစ်ပြီး အရည်အချင်းပြည့်ဝသော ဝန်ထမ်းများကို ငှားရမ်းခြင်းအပြင် လုံလောက်သော ကျောက်မီးသွေးရှာဖွေကာ စက်ပစ္စည်းကိရိယာအားလုံးကိုလည်း ပြန်လည်ပြင်ဆင်ရဦးမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။ စက်ရုံအတွက် လိုအပ်သည့် ကျောက်မီးသွေးများကို ယခင်က ပိုလန်အစိုးရက ပိတ်ပစ်ရန် ရည်မှန်းထားခဲ့သည့် ပိုလန်နိုင်ငံ စီလီဆာဒေသရှိ မိုင်းတွင်းများမှ အဓိကရရှိခဲ့သည်။ ယင်းနောက် ၂၀၂၀ ပြည့်နှစ်တွင် ကျောက်မီးသွေးဈေးနှုန်းများမှာ သုံးဆခန့်မြင့်တက်လာခဲ့ပြီး စက်ရုံမှ လျှပ်စစ်ထုတ်လုပ်မှုအတွက် ကုန်ကျစရိတ်မှာလည်းများစွာ ကြီးမြင့်လာမှုကြောင့် ပိတ်သိမ်းခဲ့ခြင်းဖြစ်သည်။

**ပြန်လည်အသက်သွင်းနေ**

အဆိုပါ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံကို ပြန်လည် အသက်သွင်းနေခြင်းသည် "ဂရင်းစ်" အဖွဲ့၏ စိတ်ပျက်ဖွယ်လုပ်ရပ်တစ်ခု ဖြစ်ကြောင်း အတိုက်အခံ ဆိုရှယ်ဒီမိုကရက်များ၏ ပြစ်တင်ဝေဖန်မှုကိုလည်း ပြင်းပြင်းထန်ထန်ခံနေရသည်။

"နောက်တစ်ခါ ဆိုရင်တော့ ဇဝမ်တန်ဒေါ့ဖ် စက်ရုံကိုများ ပြန်ဖွင့်တော့မလား မသိဘူး" ဟု နိုင်ငံရှိ တစ်ခုတည်းသော နျူကလီးယားဓာတ်အားပေးစက်ရုံကို ရည်ညွှန်း၍ အတိုက်အခံများက မေးခွန်းထုတ်သည်။ အဆိုပါ နျူကလီးယားဓာတ်အားပေး စက်ရုံမှာလည်း ၁၉၇၈ ခုနှစ်က အယ်လ်ပိုင်းဒေသရှိ လူကိုးသန်းခန့်က နျူကလီးယား ဆန့်ကျင်ရေးအတွက် လက်မှတ်ရေးထိုး ကန့်ကွက်မှုကြောင့် ပိတ်သိမ်းထားခဲ့ရခြင်းဖြစ်သည်။

ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ အနက် ဂျာမနီနိုင်ငံကလည်း ကျောက်မီးသွေးသုံးစက်ရုံများ ပြန်လည်ဖွင့်လှစ်မည်ဟု မကြာသေးမီက ကြေညာထားပြီး ပြင်သစ်နိုင်ငံနှင့် အခြားအဖွဲ့ဝင် နိုင်ငံများမှာလည်း စွမ်းအင်ကဏ္ဍအတွက် ကျောက်မီးသွေးဘက်သို့ ပြန်လှည့်ရမည့်အခြေအနေနှင့် ရင်ဆိုင်နေရသည်။

**ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး**

တစ်ဖက်တွင်လည်း ဥရောပ အဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် အစိမ်းရောင်စွမ်းအင် အကူးအပြောင်းတွင် ထိခိုက်လွယ်သည့်အုပ်စုများအတွက် "ရာသီဥတုဆိုင်ရာ လူမှုရေးရန်ပုံငွေ" ထူထောင်ရန် ကြိုးစားပမ်းစား ဆောင်ရွက်နေသည်။

မကြာသေးမီရက်ပိုင်းက ဥရောပ ၂၇ နိုင်ငံမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဝန်ကြီးများသည် ၂၀၃၅ ခုနှစ်အတွင်း ကာဗွန်လုံးဝကင်းစင်သည့် ကားသစ်များ ထုတ်လုပ်ရေး ဘုံရည်မှန်းချက် အောင်မြင်ရေး၊ ကုမ္ပဏီများနှင့် စားသုံးသူများအား ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းမှုအတွက် ကုန်ကျစရိတ်များကို ကာမိစေရန် အကူအညီပေးရေးအတွက် အထူးရန်ပုံငွေတစ်ရပ် ထူထောင်ရန် အစီအစဉ် ချမှတ်ခဲ့သည်။

အဆိုပါ အစီအစဉ်သည် ဈေးနှုန်းတိုးမြင့်မှု၏ အကျိုးသက်ရောက်မှုကြောင့် ထိခိုက်လွယ်သော အိမ်ထောင်စုများအတွက် အိမ်ရာနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ကုန်ကျစရိတ်များကို လျှော့ချမည့် အစီအမံများဆီသို့ ဦးတည် ဆောင်ရွက်သွားမည်ဖြစ်သည်။ အဆိုပါကိစ္စသည် ငွေကြေးဖောင်းပွမှုနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ကုန်ကျစရိတ်များ ကြီးမြင့်နေချိန်တွင် အကဲဆတ်လှသည့် အကြောင်းအရာတစ်ခုလည်း ဖြစ်သည်။ ထို့ကြောင့် အီးယူအဖွဲ့ဝင် ၂၇ နိုင်ငံအကြား ရန်ပုံငွေအစီအစဉ်ကို မူအားဖြင့် သဘောတူညီမှုရရှိပြီး ကနဦးအနေဖြင့် ၂၀၂၅ ခုနှစ်နှင့် ၂၀၃၂ ခုနှစ်အကြား ဥရောပသမဂ္ဂရန်ပုံငွေ ၇၂ ဘီလီယံကျော် စုဆောင်းရန် လျာထားခဲ့သည်။

သို့သော်လည်း ပိုမိုချမ်းသာကြွယ်ဝသည့်နိုင်ငံများဖြစ်သည့် နယ်သာလန်နှင့် ဂျာမနီတို့က ရန်ပုံငွေနည်းနည်းသာ အသုံးပြုလိုခဲ့ပြီး ဂျာမနီနိုင်ငံက ကနဦးအနေဖြင့် ယူရို ၂၀ ဘီလီယံသာ ထည့်ဝင်မည်ဟု ကမ်းလှမ်းခဲ့သော်လည်း နောက်ဆုံးတွင် ယူရို ၄၈ ဘီလီယံ ထည့်ဝင်ရန် သဘောတူခဲ့ရသည်။

သို့သော်လည်း အီးယူအလှည့်ကျဥက္ကဋ္ဌပြင်သစ်နိုင်ငံက ၂၀၂၇ ခုနှစ်မှ ၂၀၃၂ ခုနှစ်အတွင်း ယူရို ၅၉ ဘီလီယံကိုသာ စုဆောင်းမည်ဟု ဆုံးဖြတ်ခဲ့ပြီး အပေးအယူ မျှမျှတတဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ နောက်ဆုံးတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအနေဖြင့် ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးအတွက် အစိမ်းရောင်စွမ်းအင်ကဏ္ဍကူးပြောင်းရေးတွင် စက်မှုလုပ်ငန်းများကို ဖြည်းဖြည်းချင်းသာ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။ သို့သော်လည်း ဥရောပနိုင်ငံများ၏ နယ်စပ်များတွင် တတိယနိုင်ငံများမှ တင်သွင်းလာသည့် သွင်းကုန်များအပေါ် ကာဗွန်အခွန်ကောက်ခံသွားမည်ဟု သဘောတူညီခဲ့ကြပြီး ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်ရန်အတွက် ကုမ္ပဏီများက ခရက်ဒစ်များ ဝယ်ယူရမည်ဖြစ်သည်။ အဆိုပါအစီအစဉ်သည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးဆိုင်ရာ အစီအစဉ်အတွက် အခြေခံအုတ်မြစ်ချလိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။

**ကိုးကား**
**အေအက်ဖ်ပီ**



ဩစတြီးယားနိုင်ငံ၌ ပြန်လည်ဖွင့်လှစ်ရန်စီစဉ်နေသည့် မဲလ်လက်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ။

**❋ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တိုက်ဖျက်ရေးအတွက် ဩစတြီးယားနိုင်ငံသည် ကျောက်မီးသွေး အသုံးပြုမှုကို ရပ်တန့်ရန် ကြိုးစားခဲ့သော်လည်း အချည်းအနှီးသာ။ စစ်ရေးဆိုင်ရာပဋိပက္ခများကြောင့် ဓာတ်ငွေ့ထောက်ပံ့မှုကို မရနိုင်တော့သည့်အတွက် ဥရောပနိုင်ငံများသည် ကျောက်မီးသွေး ဘက်သို့ ပြန်လှည့်လာရသည့် အနေအထားသို့ ပြန်လည်ရောက်ရှိလာခဲ့သည်**

**❋ ယခုအခါတွင် မဲလ်လက်ဓာတ်အားပေးစက်ရုံ၏ အနီရောင်နှင့် အဖြူရောင် မီးခိုးခေါင်းတိုင်များသည် ဂရစ်ဇ်မြို့ အဝေးတစ်နေရာရှိ ပြောင်းဖူးခင်းနှင့် ဖရုံခင်းများအကြားတွင် ထင်ရှားစွာပေါ်လွင်နေသည်**

## ဇူလိုင် ၂ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

### ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၀ ဒသမ ၂၇ ရာခိုင်နှုန်းရှိ

(၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၂၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၃၈၂,၆၅၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၆၄၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၅၇၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၅၉) ခု | (၈) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၉) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၆၄၃) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၃၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၃၀) ခု | (၆) ဦး |
| စုစုပေါင်း | (၅,၂၄၃) ခု | (၁၄) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအားထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မျိုးရိုးဗီဇပြောင်း ကိုဗစ်–၁၉ ရောဂါပိုး အိုမီခရွန်နှင့် ၎င်း၏မျိုးစိတ်အသစ်များကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်သာ ထိရောက်စွာ ကာကွယ်နိုင်သောကြောင့် မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာ ကျန်းမာရေးဌာနများတွင် ထပ်ဆောင်း ကာကွယ်ဆေးကို မပျက်မကွက် ထိုးနှံမှုခံယူရန် တိုက်တွန်းအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဇူလိုင် ၂**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား နယ်စပ်ဂိတ် အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ဇူလိုင် ၂ ရက်၌ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီ နှစ်ခုမှ Hanako Dispo–sable Syringe (20ML) ၈၈၃၂ ခု၊ Hanma Disposable Syringe (3ML) ၂၆၄၀၊ Hanako Scalp Vein Set ၁၆၃၂၀၊ Sino Infusion Set With 22G Neddle ၆၈၆၀၊ Hanako Infusion Set ၈၁၆၀၊ PPE ၅၇၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇူလိုင် ၂**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၆၀၄၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၅၇၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၂၇၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၉၃၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။


ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

နေပြည်တော်  ဇူလိုင်  ၂

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**




သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသည့် ပြည်တွင်းပြည်ပ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများ မှတ်တမ်းဓာတ်ပုံ။

သတင်းစာရှင်းလင်းပွဲမစတင်မီ တက်ရောက်လာကြသူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများဆောင်ရွက်ပေးပြီး သတ်မှတ်အကွာအဝေးအတိုင်း နေရာချထားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ယနေ့သတင်းစာရှင်းလင်းပွဲတွင်ပြောမည့် အကြောင်းအရာများမှာ (တစ်) နိုင်ငံတော်နှင့် တပ်မတော်အဆင့် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများ၊ (နှစ်) နိုင်ငံတော်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များဖြစ်သည့် အထွေထွေအကြောင်းချင်းရာများ၊ (သုံး) NUG၊ PDF တို့၏ အကြမ်းဖက်ဆိုင်ရာကိစ္စရပ်များနှင့် ဆက်စပ်မှုများသာ ဖြစ်ကြောင်း၊ (တစ်)မှ(သုံး)အထိ မိမိအနေနှင့်ရှင်းလင်းပြောပြသွားမည်ဖြစ်ပြီး ရွေးကောက်ပွဲ ကော်မရှင်အပိုင်းကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ ထို့နောက် မေး/ဖြေကဏ္ဍဖြစ်ကြောင်း၊ မေးခွန်းများ မေးသည့်အခါ စနစ်တကျဖြစ်စေရေး အခမ်းအနားမှူးက မီဒီယာအမည်အလိုက် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာတစ်ခုလျှင် အချိန်ကန့်သတ်ချက်အရမေးခွန်းတစ်ခုစီ မေးမြန်းပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ပထမဦးဆုံးအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အဆင့် ပြည်တွင်း၊ ပြည်ပ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများကို ဦးစွာပြောလိုကြောင်း၊ မိမိတို့နိုင်ငံအနေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁ တွင် လွတ်လပ်၍တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက်ပေါင်းဖက်ဆက်ဆံရေးရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့်မူဝါဒတို့ကို ပြဋ္ဌာန်းကျင့်သုံးထားကြောင်း၊ မိမိတို့၏အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးချင်းဆက်ဆံရေးကို ထူထောင်ထားရှိကြောင်း၊ ဒေသတွင်း အာဆီယံနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်း အာဆီယံက သတ်မှတ်ထားသည့် မူဘောင်၊ လုပ်ထုံး၊ လုပ်နည်းများအတိုင်း ပူးပေါင်းကျင့်သုံးဆောင်ရွက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ကြောင်း။

## ပူးတွဲထုတ်ပြန်ကြေညာချက် အတည်ပြုထုတ်ပြန်ခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ၂၀၂၂ ခုနှစ်၊ ဇွန် ၆ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် **(၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး( 16th ASEAN DEFENCE MINISTERS MEETING–16th ADMM)**သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုတင်သွင်းသည့် သဘောထားအမြင် စာတမ်းများဖြစ်သည့် “ **နယ်စပ်ဖြတ်ကျော် ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်ရေးတွင် အာဆီယံ ကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်မှုဆိုင်ရာ သဘောထားအမြင်**”စာတမ်း၊ **“အာဆီယံငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ အမျိုးသမီးတပ်ဖွဲ့ဝင်များအတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ် မြှင့်တင်ခြင်းဆိုင်ရာ သဘောထားအမြင်**” စာတမ်းနှင့် **“အာဆီယံကာကွယ်ရေးဆိုင်ရာ ပညာရေးကျောင်းများ၏ ပူးပေါင်းဆောင်ရွက်မှု ထူထောင်ခြင်းဆိုင်ရာ သဘောထား အမြင်**”စာတမ်း၊ စင်ကာပူနိုင်ငံက အဆိုပြုတင်သွင်းသည့် **“အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးအောက်ရှိ ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်ဗဟိုဌာနဆိုင်ရာ ရည်ညွှန်းကိုးကားစာစောင်များ**”ကို သဘောတူအတည်ပြုကြကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံက အဆိုပြုတင်သွင်းသည့် **“ကိုဗစ်-၁၉ကပ်ရောဂါမှ ပြန်လည်ထူထောင်ရေးကို အထောက်အကူပြုတဲ့ ကာကွယ်ရေးကဏ္ဍ၏ အခန်းကဏ္ဍဆိုင်ရာဖနောင်ပင်အမြင်**” အား အတည်ပြုခြင်း နှင့် **“ဟန်ချက်ညီလုံခြုံရေးအတွက် ပေါင်းစည်းညီညွတ်မှုခိုင်မာစေမယ့် ကာကွယ်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ”** အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြကြောင်း။

ဆက်စပ်အစည်းအဝေးများအနေဖြင့် အာဆီယံ-ဂျပန်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ-တရုတ်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောရုပ်သံအစည်းအဝေးများကို ဆက်လက်ကျင်းပပြီး အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ပါဝင်ဆွေးနွေးခဲ့ရာ မြန်မာနိုင်ငံနှင့် တပ်မတော်၏ သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်း ကာကွယ်ရေးဆိုင်ရာလုပ်ငန်း ဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒေသတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များရရှိစေပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများကို တိုးမြှင့်ဖော်ဆောင်နိုင်ခဲ့ကြောင်း ပြောကြားသည်။

## နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ ဆွေးနွေးခဲ့

ဆက်လက်ပြီး **(၃၄)ကြိမ်မြောက် မြန်မာ – ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး(Regional Border Committee)** အကြောင်းကို ပြောမည်ဖြစ်ကြောင်း၊ ယင်းအစည်းအဝေးသည် ၁၉၈၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၊ ချင်းမိုင်၌ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့ အိမ်ရှင်နိုင်ငံအဖြစ် တစ်လှည့်စီကျင်းပခဲ့ကြောင်း၊ (၃၄)ကြိမ်မြောက်မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နှင့် ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံ၊ တောင်ကြီးမြို့၌ ကျင်းပခဲ့ကြောင်း၊ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အနေနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုး ဦးစီးပြီး ထိုင်းနိုင်ငံကိုယ်စားလှယ်ဘက်မှ Lt.Gen.Apichet Suesat ဦးစီးသည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်အဖွဲ့တွင်ပါဝင်သည့် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးများကိုလည်း ကျင်းပခဲ့ကြောင်း၊ ယင်းအစည်းအဝေးတွင် အဖွဲ့ဝင်များက (၃၃)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးမှတ်တမ်းအား ပြန်လည်သုံးသပ်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပူးပေါင်းမှုဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာကိစ္စရပ်များနှင့် အခြားကိစ္စရပ်များကို ကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြကြောင်း ပြောကြားသည်။

## မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများ ဆွေးနွေး

ဆက်လက်ပြီး (၃၄)ကြိမ်မြောက် မြန်မာ – ထိုင်းဒေသဆိုင်ရာ နယ်ခြား ကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် Lt.Gen. Apichet Suesat ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ညှိနှိုင်းခန်းမဆောင်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ သွားရောက်ဂါရဝပြုတွေ့ဆုံခဲ့ကြောင်း၊ နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာများနှင့် အခြားကဏ္ဍပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေနှင့် အကြမ်းဖက်မှုဖြစ်စဉ်များပပျောက်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာများကို အောင်မြင်စွာဆောင်ရွက်နိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ယဉ်ကျေးမှုဖလှယ်ရေး၊ ချစ်ကြည်ရေး၊ အားကစားပြိုင်ပွဲများကျင်းပရေး၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများဖလှယ်နိုင်ရေးတို့အတွက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်နိုင်မည့် အခြေအနေ၊ မြန်မာ့တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန် ရည်ရွယ်ပြီး

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ငြိမ်းချမ်းရေးကမ်းလှမ်းဖိတ်ခေါ်ကာ တွေ့ဆုံဆွေးနွေးနေမှုအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် ပြည်တွင်း၊ ပြည်ပရှိ အချို့သောကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်များနှင့်CDM ဝန်ထမ်းများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ထားမှုကို ထိုင်းတပ်မတော်ကလည်း ၎င်းတို့၏ နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်ပြီး ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း၊ ထိုအထဲတွင် အရေးကြီးသည့်အချက်ကို မိမိထပ်ပြောမည်ဖြစ်ကြောင်း၊ ယင်းမှာ ပြည်တွင်းပြည်ပရှိ အချို့ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်လူရွယ်များ၊ CDM ဝန်ထမ်းများကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရေး အသိပေးထုတ်ပြန်ချက်များရှိပါကြောင်း၊ ယင်းအပေါ် ထိုင်းတပ်မတော်ကလည်း ၎င်းတို့၏ နယ်စပ်ဒေသများမှ မြန်မာနိုင်ငံသို့ အလွယ်တကူ ပြန်လည်ဝင်ရောက်နိုင်ရေး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်ပတ်သက်ပြီး ဆွေးနွေးနိုင်ခဲ့ကြောင်းကို အထူးအလေးထား ပြောကြားလိုကြောင်း ပြောကြားသည်။

**အာဆီယံအထူးကိုယ်စားလှယ် ရောက်ရှိခဲ့**

ဆက်လက်ပြီး အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Parksokhon ဦးစီးအဖွဲ့၏ ခရီးစဥ်အကြောင်းကို ပြောလိုကြောင်း၊ အထူးကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၂ ခုနှစ်၊ ဇွန် ၂၉ ရက်မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၃ ရက်အထိ အလုပ်သဘောခရီးစဥ် ရောက်ရှိလျက်ရှိကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်အနေဖြင့် မတ် ၂၁ ရက်က ပထမအကြိမ်ခရီးစဥ်အဖြစ် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိခရီးစဥ်တွင် ဇွန် ၂၉ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးသို့ သွားရောက်ခဲ့ပြီး တရုတ်နိုင်ငံက အာဆီယံအတွက်လှူဒါန်းသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး လှူဒါန်းမှုများကို လက်ခံရရှိခဲ့ကြောင်း၊ ဇွန် ၃၀ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံခဲ့ပြီးနောက် အစိုးရဝန်ကြီးဌာနများက ဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံရာတွင် အာဆီယံဘုံသဘောတူညီချက် ၅ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် တိုးတက်မှုရှိသည့် အခြေအနေ၊ NUG ၊ CRPH တို့မှ ပေါက်ဖွားလာသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုလုပ်ရပ်များကြောင့် သံဃာတော်များနှင့် ကိုရင်များ၊ အပြစ်မဲ့ပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် လုံခြုံရေးတာဝန်ရှိသူများ သေဆုံးမှုများဖြစ်ပေါ်ခဲ့မှု၊ ၎င်းတို့၏ ဆိုးရွားစွာဆောင်ရွက်ခဲ့မှု အခြေအနေ၊ မိုင်းထောင်ဖောက်ခွဲမှုများနှင့် မီးရှို့ဖျက်ဆီးခဲ့မှုများကြောင့် ပြည်သူပိုင်အဆောက်အဦများနှင့် နိုင်ငံတော်ပိုင်အဆောက်အဦများ ပျက်စီးခဲ့ရမှု၊ အကြမ်းဖက်မှုပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိမှု၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိမှု၊ မြန်မာနိုင်ငံရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ရရှိစေရေးဆောင်ရွက်ပေးလျက်ရှိမှု၊ အာဆီယံ၏မူဝါဒအရ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးနှင့် ပတ်သက်၍ **“ တစ်ဦးတစ်ယောက်မှမကျန်ရ”** ဆိုသကဲ့သို့ မြန်မာနိုင်ငံအနေနှင့်လည်း **“လူ့အသက်ထက်အရေးကြီးတာ ဘာမျှမရှိ”** ဆိုသည့် မူဝါဒထားရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဥ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း။

ဇူလိုင် ၁ ရက်တွင် နိုင်ငံတော်၏ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးစီးအဖွဲ့များနှင့် တွေ့ဆုံမည်ဖြစ်သကဲ့သို့ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် (ALP, DKBA, KNU/KNLA–PC, PNLO, LDU, NMSP, RCSS) စသည့် အဖွဲ့ ၇ ဖွဲ့မှ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တွေ့ဆုံမည်ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများနှင့်လည်း တွေ့ဆုံသွားရန်ရှိကြောင်း၊ ဇူလိုင် ၂ ရက်တွင် ပုဂံ၌ပြုလုပ်မည့် လန်ချန်း – မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်ကြောင်း၊ ခရီးစဥ်တွင် ကောင်းမွန်သည့် အကျိုးတရား၊ အရွေ့များ ရှိသည်ဟုသာ ပြောလိုကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ**



**သတင်းစာရှင်းလင်းပွဲတွင် ခင်းကျင်းပြသထားသော ငြိမ်းချမ်းရေးကိစ္စရပ်များ ဆွေးနွေးသည့် မှတ်တမ်းဓာတ်ပုံများ။**

ဆက်လက်ပြီး **လန်ချန်း – မဲခေါင်ပူးပေါင်းဆောင်ရွက်မှု (Lanchan–Mekong Cooperation) (LMC) အစည်းအဝေးအကြောင်း** ပြောမည်ဖြစ်ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသသည် အာရှတွင်သာမက တစ်ကမ္ဘာလုံးတွင်ပါ ဖွံ့ဖြိုးတိုးတက်မှု အလားအလာအရှိဆုံးဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ မဲခေါင်မြစ်တစ်လျှောက်သည် နိုင်ငံပေါင်း ၆ နိုင်ငံနှင့် ထိစပ်ဆက်စပ်လျက်ရှိကြောင်း၊ မဲခေါင်မြစ်သည် တရုတ်နိုင်ငံနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်၏ အရေးကြီးသည့် နိုင်ငံဖြတ်ကျော်မြစ်ကြောင်းတစ်သွယ်ဖြစ်ကြောင်း၊ ယင်းမြစ်သည် တရုတ်နိုင်ငံ၊ ချင်းဟိုင် တိဘက်ကုန်းမြေမြင့်တွင်မြစ်ဖျားခံ၍ တရုတ်နိုင်ငံအတွင်းရှိအပိုင်းကို လန်ချန်းမြစ်၊ ယူနန်ပြည်နယ်ပြင်ပ ပြည်မမြစ်ခြေပိုင်းရှိ နိုင်ငံများက မဲခေါင်မြစ်ဟု ခေါ်ဝေါ်ကြကြောင်း၊ တရုတ်နိုင်ငံမှတစ်ဆင့် မြန်မာ၊ လာအို၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ် နိုင်ငံများကိုဖြတ်သန်းစီးဆင်းလျက်ရှိသည့် မြစ်၏စုစုပေါင်းအရှည်သည် ကီလိုမီတာ ၄၈၈၀ ရှိပြီး မြစ်ဝှမ်းဧရိယာ ၇၉ ဒသမ ၅ သန်း စတုရန်းကီလိုမီတာရှိရာ မြစ်ဝှမ်းဒေသတွင် မှီတင်းနေထိုင်သည့် လူဦးရေသည် သန်းပေါင်း ၃၄၀ ကျော်ခန့်ရှိကြောင်း၊ မဟာမဲခေါင်ဒေသခွဲရှိ နိုင်ငံများသည် တောတောင်ရေမြေ ဆက်စပ်နေပြီး လူမှုယဥ်ကျေးမှုများ ဆက်နွှယ်လျက်ရှိရာ အိမ်နီးချင်းအစဥ်အလာ ချစ်ကြည်ရေးနက်ရှိုင်းပြီး လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကျိုးစီးပွားချင်း နီးကပ်ယှက်နွှယ်လျက်ရှိကြောင်း၊ အဆိုပါဒေသ၏ဒေသခွဲ၏ စုစုပေါင်းဂျီဒီပီ(GDP) အမေရိကန် ဒေါ်လာ ၃ ဒသမ ၃၆ ထရီလီယံ၊ ကုန်သွယ်မှု– အမေရိကန်ဒေါ်လာ ၄၈၃ ဘီလီယံနှင့် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံတို့ဖြစ်ကြောင်းကို စာရင်းဇယားများ၊ မှတ်တမ်းများအရ လေ့လာသိရှိရကြောင်း။

**အချုပ်အခြာအာဏာနှင့် တည်ရှိမှုကိုအသိအမှတ်ပြု**

လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှု(LMC)သည် တရုတ်နိုင်ငံနှင့် မဲခေါင်မြစ်ဝှမ်း ၅ နိုင်ငံ အတူတကွ စတင်တည်ထောင်ခဲ့သည့် ဒေသတွင်း၊ ဒေသခွဲ ပူးပေါင်းဆောင်ရွက်မှု ပလက်ဖောင်းတစ်ခုသာဖြစ်ကြောင်း၊ မကြာမီ မြန်မာနိုင်ငံ၌ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအောက်က ဝန်ကြီးအဆင့်အစည်းအဝေးကို ကျင်းပသွားရန်ရှိသည့်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ (LMC) ၏ထူးခြားချက်မှာ လက်တွေ့ထိရောက်သည့်စီမံကိန်း အခြေပြုခြင်းသာဖြစ်ကြောင်း၊ (LMC)ယန္တရားကို ၂၀၁၆ ခုနှစ်၊ မတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး လျင်မြန်စွာ တိုးတက်မှုများရှိခဲ့ကြောင်း၊ လန်ချန်း–မဲခေါင်၏ တွင်ကျယ်ထိရောက်မှုကို ပြသနိုင်ခဲ့သကဲ့သို့ တန်းတူညီမျှဆက်ဆံခြင်း၊ စေတနာမှန်နှင့် အပြန်အလှန် ကူညီဖေးမခြင်း၊ ချစ်ကြည်ရင်းနှီးခြင်းဆိုသည့် လန်ချန်း–မဲခေါင် ယဥ်ကျေးမှုကို ပျိုးထောင်နိုင်ခဲ့ကြောင်း၊ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်မှုတွင် မဲခေါင် ၅ နိုင်ငံအနက် တစ်နိုင်ငံက တရုတ်နိုင်ငံနှင့်အတူ အလှည့်ကျဥက္ကဋ္ဌတာဝန် ထမ်းဆောင်ရသည့်အတွက် ယခုနှစ်ဝန်ကြီးအဆင့်အစည်းအဝေးကို မိမိတို့နိုင်ငံက တာဝန်ယူကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံအပါအဝင် သက်ဆိုင်ရာနိုင်ငံများက နိုင်ငံခြားရေးဝန်ကြီးများ တက်ရောက်မည်ဖြစ်ကြောင်း၊ ယင်းသည်လည်း မြန်မာနိုင်ငံအစိုးရ၏ အချုပ်အခြာအာဏာနှင့် တည်ရှိမှုကို အသိအမှတ်ပြုခြင်းသာဖြစ်ကြောင်း၊ ထိုအပြင် မဲခေါင်နိုင်ငံအားလုံးသည် တစ်သားတည်းဖြစ်နေခြင်းကို ပြသခြင်းဖြစ်ကြောင်း၊ ယင်းအစည်းအဝေးတွင် နှစ်နိုင်ငံအကြား၊ ဒေသတွင်းအကြား သဘောတူညီမှု စာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးသွားရန်လည်းရှိကြောင်း၊ မဲခေါင်–လန်ချန်း ဒေသတွင်းနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းအကျိုးစီးပွားတို့ကို များစွာဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်းကို ပြောကြားလိုကြောင်း ပြောကြားသည်။

**ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဖိတ်ခေါ်ကမ်းလှမ်း**

ဆက်လက်ပြီး ငြိမ်းချမ်းရေးဆိုင်ရာအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်နေသည့်ကာလကစ၍ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး ဖြစ်နိုင်သမျှ၊ ရနိုင်သမျှနည်းလမ်းတို့နှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ်ကို နိုင်ငံတော်အကြီးအကဲအနေဖြင့် ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး မည်သည့်ခေတ်အခါမှမရှိခဲ့သည့် ဖိတ်ခေါ်ကမ်းလှမ်းမှုမျိုးများနှင့် ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၂ ရက်တွင် ဖိတ်ခေါ်ကမ်းလှမ်းခဲ့ကြောင်း၊ ယင်းဖိတ်ခေါ်မှုအပေါ် ဒေသခံပြည်သူလူထုအတွက် ငြိမ်းချမ်းရေးကို အစစ်အမှန်လိုလားသည့် တိုင်းရင်းသားလက်နက်ကိုင် ၁၀ ဖွဲ့က လက်ခံတက်ရောက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်၊ မေ ၂၀ ရက်မှ ဇွန် ၂၀ ရက်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့နှင့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုများနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး SSPP ၊ LDU အဖွဲ့တို့နှင့်လည်း ဆက်လက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ဘာသာရေးခေါင်းဆောင်များ၊ Stakeholder များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့စသည်ဖြင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ (၇၃)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ထို့ပြင် ယခုတက်ရောက်လာသည့်အထဲတွင် NCA သဘောတူလက်မှတ် ရေးထိုးပြီးသည့်အဖွဲ့များဖြစ်သည့် RCSS/SSA,NMSP, KNU/KNLA–PC, ALP, PNLO, DKBA အဖွဲ့တို့နှင့် ပြည်ထောင်စု သဘောတူစာချုပ်အစိတ်အပိုင်း(၁/၂/၃)ပါ သဘောတူညီချက်များနှင့် ပတ်သက်၍ အစိတ်အပိုင်း(၃)မှ ဆက်လက်ဆွေးနွေးရန်ကျန်ရှိသည့် ဇယား–၂ ပါ ဆွေးနွေးရန်အချက်များဆွေးနွေးခဲ့ပြီး သဘောတူညီချက်များကို ရရှိလက်မှတ်ရေးထိုးနိုင်ခဲ့သကဲ့သို့ NCA သဘောတူလက်မှတ် မရေးထိုးရသေးသည့် UWSP, NDAA (မိုင်းလား) အဖွဲ့တို့နှင့်လည်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးလက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ကော်ဖီမြို့တော် ပြင်ဦးလွင်ဖြစ်စေရန် အထောက်အပံ့ပြုမည့် ပြင်ဦးလွင် ကော်ဖီဥယျာဉ် ပွေးတောင်

ရွှေယွန်း

**နေ့စဉ်လူမှုဘဝ၌ ရုန်းကန်လှုပ်ရှားမှုအကြား မောပန်းလာသည့်အခါ အေးချမ်းသာယာသည့် နေရာများတွင် အပန်းဖြေအနားယူလိုကြသည်။ အေးချမ်းမှုဖြင့် အနားယူရင်း ခါးဆိမ့်သော ကော်ဖီတစ်ခွက်သောက်ရင်း ပင်ပန်းမှုကို ဖြေလျှော့လိုကြသည်။ ထိုကဲ့သို့ ခရီးသွားရင်း ကော်ဖီရနံ့ဖြင့် အပန်းဖြေနိုင်ရန်အတွက် ခရီးသွားမြို့တော် ပြင်ဦးလွင်ကို ကော်ဖီမြို့တော်ပါ ဖြစ်လာစေရန် ရည်ရွယ်ပြီး စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်နေပြီဖြစ်သည်။**

### ခရီးသွားမြို့တော်အဖြစ်ထင်ရှား

ပြင်ဦးလွင်မြို့သည် မြို့၏ သဘာဝအလှအပနှင့် အေးချမ်းသည့် ရာသီဥတုကြောင့် ခရီးသွားမြို့တော် တစ်ခုအဖြစ် ပြည်တွင်းပြည်ပ ခရီးသွားများအကြား ထင်ရှားပြီးဖြစ်သည်။ ထိုသို့ ခရီးသွားများအကြား ထင်ရှားသည့် ပြင်ဦးလွင်ဒေသသည် ကော်ဖီစိုက်ဒေသတစ်ခုဖြစ်သည်။ ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ဧက ၁၀၀၀၀ ခန့်ရှိပြီး ပြင်ဦးလွင်ကော်ဖီသည် ဈေးကွက်အတွင်း နာမည်ရရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကော်ဖီမြို့တော် ပြင်ဦးလွင်အဖြစ် ပိုမိုထင်ရှားစေရန် ကော်ဖီနည်းပညာ ဖွံ့ဖြိုးရေးခြံ (ပွေးတောင်) ကို ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။

"ကော်ဖီဥယျာဉ်ကိုလာလည်ရင်း ဒေသရဲ့ သဘာဝအလှအပကို ခံစားတာအပြင် ဒေသထွက် ကော်ဖီကိုသောက်သုံးရင်း ခရီးသွားတွေကို အပန်းဖြေလန်းဆန်းမှု ပေးချင်တာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ပြင်ဦးလွင်ကော်ဖီဆိုတာ နိုင်ငံတကာ အဆင့်အတန်းမီပြီးတော့ ကမ္ဘာ့ဈေးကွက်မှာ နေရာရရှိပြီးဖြစ်တဲ့အတွက် ရရှိပြီးသားနေရာကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ချင်တာဖြစ်ပါတယ်။ ကော်ဖီစိုက်ပျိုးရေးကို အခြေခံတဲ့ ခရီးသွားလည်ပတ်စရာနေရာတစ်ခုအဖြစ် ဆောင်ရွက်ချင်ပါတယ်။ ဒါကြောင့် ခရီးသွားဒေသအဖြစ်၊ ကော်ဖီမြို့တော် အဖြစ် ဖြစ်လာစေချင်တာကြောင့် ဥယျာဉ်ထဲမှာ သဘာဝ အလှအပခံစားနိုင်အောင်၊ ကော်ဖီယဉ်ကျေးမှုကို လေ့လာနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်" ဟုစိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက ပြောကြားသည်။

### ၃၈၆ ဒသမ ၃ ဧက ကျယ်ဝန်း

ယခု ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် တည်ဆောက်နေသော ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) သည် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မန္တလေး-လားရှိုး ကားလမ်းမကြီးဘေးတွင် တည်ရှိသည်။ ဧရိယာအားဖြင့် ၃၈၆ ဒသမ ၃ ဧကကျယ်ဝန်းပြီး မြန်မာ့ကော်ဖီကို ကမ္ဘာကသိလာစေရန် အထောက်အပံ့များစွာ ပြုနိုင်ခဲ့သည့် ကော်ဖီခြံတစ်ခု ဖြစ်သည်။







"လက်ရှိမှာ ပွေးတောင်ကော်ဖီခြံကို ပြင်ဦးလွင်ကော်ဖီဥယျာဉ်အဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းစဉ်မှာ Coffee Knowledge Center လည်း ပါဝင်တဲ့အတွက် မြေပြင်မှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည်မှ စားသုံးသူလက်ဝယ်ရောက်ရှိတဲ့ (Farm to Cup) အဆင့်အထိ ပညာပေးဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေ၊ မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီ သမိုင်းတွေ၊ ပန်းချီတွေ၊ သမိုင်းဝင်ဓာတ်ပုံတွေနဲ့ ခင်းကျင်းပြသထားမှာဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံးက စိုက်ပျိုးထွက်ရှိတဲ့ ကော်ဖီတွေကို Coffee Knowledge Center မှာ ခင်းကျင်းပြသပြီး တစ်နေရာတည်းမှာ ရောင်းဝယ်ဖောက်ကားနိုင်မှာဖြစ်လို့ ရောင်းသူဝယ်သူ နှစ်ဦးစလုံး အကျိုးရှိမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံကော်ဖီအသင်း၏ နာယကတစ်ဦးဖြစ်သည့် ဦးရဲမြင့်က ပြောကြားသည်။

### ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရန် ဆောင်ရွက်လျက်ရှိ

လက်ရှိအချိန်တွင် ပြင်ဦးလွင်ကော်ဖီဥယျာဉ်၌ ပြင်ဦးလွင်မြို့ကို ကော်ဖီမြို့တော်အဖြစ် ပိုမိုထင်ရှားစေရန်၊ မြန်မာ့ကော်ဖီအရည်အသွေး ပိုမိုမြင့်မားလာ၍ ထုတ်လုပ်မှုပမာဏ တိုးတက်လာပြီးကမ္ဘာ့ဈေးကွက်သို့ ပိုမိုထိုးဖောက်နိုင်ရန် အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းများ၊ ပညာပေးသင်တန်းများ၊ မျိုးစေ့ပျိုးပင် ပျိုးထောင်ဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ချင်းပြည်နယ် ရိခေါဒါရ်မြို့၊ ကရင်ပြည်နယ် သံတောင်မြို့၊ ရှမ်းပြည်နယ် နောင်ချို၊ ဟိုပုံး နှင့် ပင်းတယမြို့နယ်မှ အသေးစားကော်ဖီစိုက်တောင်သူအစု အဖွဲ့ငယ်များပါဝင်သော သင်တန်းသား ၄၈ ဦးကို ပြီးခဲ့သည့် ဧပြီလအတွင်း ရက်တိုသင်တန်းဖွင့်လှစ်ကာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုနည်းပညာ သင်တန်းပို့ချပေးနိုင်ခဲ့အပြင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းသုံးကိရိယာများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီး မန္တလေးကော်ဖီအုပ်စု၏ စက်ရုံများသို့ လေ့လာရေးခရီး ပို့ဆောင်ပေးနိုင်ခဲ့သည်။

### ကော်ဖီအပန်းဖြေဥယျာဉ်အဖြစ် အကောင်အထည်ဖော်လျက်ရှိ

ကော်ဖီအပန်းဖြေဥယျာဉ်အဖြစ် ခြံအဆင့်မြှင့်တင်ရေးဆောင်ရွက်ရာတွင် ကော်ဖီနှင့်ပတ်သက်သော အသိပညာများ ပိုမိုလွယ်ကူစွာ ပြန့်ပွားရေးနှင့် တစ်နေရာတည်းတွင် လွယ်ကူလျင်မြန်စွာ ရောင်းဝယ်ဖောက်ကားနိုင်သော ကော်ဖီဈေးကွက်တစ်ခုအား ဆောင်ရွက်ပေးသည့်လုပ်ငန်း၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင်ကို မပျက်စီးစေနိုင်သော အနားယူအပန်းဖြေရေးလုပ်ငန်းဖြစ်လာစေရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စီမံအကောင်အထည်ဖော်လျက်ရှိသည်။

"ကော်ဖီစိုက်ပျိုးရေးကို အခြေခံတဲ့ ခရီးသွားလည်ပတ်စရာနေရာအဖြစ် ရည်ရွယ်ပြီး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် ခြံထဲမှာ လည်ပတ်လို့ ရမယ်။ ဒီလိုလည်ပတ်ရင်း သဘာဝအလှကို ခံစားနိုင်မယ်။ ကော်ဖီစိုက်ပျိုးရေးကို လေ့လာနိုင်မယ်။ ဒီလိုလည်ပတ်လေ့လာတဲ့အခါ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်ဖို့လည်း စီစဉ်ဆောင်ရွက်ရပါတယ်။ ပြည်တွင်းပြည်ပခရီးသွားတွေက သဘာဝအလှအပကိုပဲ နှစ်သက်ကြပါတယ်။ ဒါကြောင့် ဒီအလှနဲ့ ကော်ဖီကို တွဲဖက်ထားလို့ရမယ့် ကော်ဖီဆိုင်၊ ဒေသထွက် သစ်သီးဝလံ ပန်းမန်အရောင်းဆိုင်တွေ ပါရှိမှာ ဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးက ရှင်းပြသည်။

ကော်ဖီဥယျာဉ်တွင် ပြင်ဦးလွင် ဒေသထွက် ရာသီပေါ်ပန်းမန်နှင့် သစ်သီးဝလံ၊ ပျိုးပင်အရောင်းဆိုင်များ ပါဝင်မည့်အပြင် ကော်ဖီဥယျာဉ်အတွင်း သဘာဝရေထွက်၊ တမံငယ်၊ စမ်းချောင်းများ၊ ရှုံ့ညွှန်တောလျှောက်တံတား၊ ခြံအတွင်းလျှောက်လမ်း၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော သက်တမ်းရင့် ညောင်မုတ်ဆိတ်ပင်၊ ဆပ်သွားဖူးတော စသည့် နေရာများကိုပါ လည်ပတ်အပန်းဖြေနိုင်မည်ဖြစ်သည်။

### မကြာမီဖွင့်လှစ်နိုင်ရန် စီစဉ်

ပြင်ဦးလွင်ကော်ဖီဥယျာဉ်၏ Soft Opening ကို ၂၀၂၂ ခုနှစ် မေ ၂၈ ရက်က ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကာ Grand Opening ကို မကြာမီ ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင် ကော်ဖီဥယျာဉ်ကို နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲမှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနသည် ကော်ဖီဥယျာဉ်တွင် မွှေးရနံ့နှင့်ပတ်သက်၍ ထူးခြားသော မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် သက်တမ်းရင့် လိုက်ဘေးရီးကား ကော်ဖီညီနောင်နှင့် ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုး ဆယ်မျိုး၏ မျိုးအလိုက် မျိုးထိန်းစိုက်ကွက်များ တည်ထောင်ခြင်း၊ ကော်ဖီထုတ်လုပ်မှု လုပ်ငန်းစဉ်တစ်လျှောက် အသုံးပြုသော စက်ကိရိယာများ (Coffee Processing Plant) ကို ခင်းကျင်းပြသခြင်း၊ ကော်ဖီနှင့် ပတ်သက်၍ လေ့လာနိုင်မည့် Information Center၊ Coffee Knowledge Center၊ မုခ်ဦးနှင့် ကားပါကင် ဆောက်လုပ်ခြင်း၊ ခြံအတွင်း ပတ်လမ်းဖောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ကော်ဖီဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

### တစ်နေရာတည်းတွင် ရောင်းဝယ်ဖောက်ကားနိုင်မည်

ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) အား ယခုကဲ့သို့ ကော်ဖီအပန်းဖြေ ဥယျာဉ်အဖြစ် ပြောင်းလဲဖော်ဆောင်နိုင်ခြင်းအားဖြင့် မြန်မာ့ကော်ဖီသမိုင်း၊ ကမ္ဘာ့ကော်ဖီသမိုင်း၊ ပြည်သူအများ မသိရှိသေးသော ကော်ဖီသီးနှံ၏ သဘောသဘာဝများ၊ သတင်းအချက်အလက်များအား အခြေခံ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကော်ဖီထွက်ကုန်များအား ဈေးနှုန်းမှန်ကန်၊ မြန်ဆန်စွာဖြင့် တစ်နေရာတည်းတွင် ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်းကို ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထို့အပြင် ပြင်ဦးလွင်ဒေသထွက် ကော်ဖီထုတ်ကုန်အမျိုးမျိုး၊ ကော်ဖီနှင့်ပတ်သက်သော သတင်းအချက်အလက်များ ပိုမိုသိရှိလေ့လာနိုင်ခြင်းတို့ဖြင့် အများပြည်သူအနားယူအပန်းဖြေရင်း အသိပညာတိုးပွား ရရှိမည်ဖြစ်သကဲ့သို့ ခြံအတွင်းရှိ သဘာဝအရင်းအမြစ်များကို စနစ်တကျပြုစုထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ပြင်ဦးလွင်မြို့၏ ဂေဟစနစ်ကို ထောက်ကူပေးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းပေးခြင်း စသည့်အကျိုးကျေးဇူးများကိုပါ ရရှိနိုင်စေမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

**❂ ကော်ဖီဥယျာဉ်တွင် မွှေးရနံ့နှင့်ပတ်သက်၍ ထူးခြားသော မြေနိမ့်ကော်ဖီမျိုးဖြစ်သည့် သက်တမ်းရင့် လိုက်ဘေးရီးကား ကော်ဖီညီနောင်နှင့် ပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနိုင်သော ကော်ဖီမျိုးဆယ်မျိုး၏ မျိုးအလိုက် မျိုးထိန်းစိုက်ကွက်များ တည်ထောင်ခြင်း၊ ကော်ဖီထုတ်လုပ်မှုလုပ်ငန်းစဉ်တစ်လျှောက် အသုံးပြုသော စက်ကိရိယာများ (Coffee Processing Plant) ကို ခင်းကျင်းပြသခြင်း၊ ကော်ဖီနှင့်ပတ်သက်၍ လေ့လာ နိုင်မည့် Information Center၊ Coffee Knowledge Center၊ မုခ်ဦးနှင့် ကားပါကင်ဆောက်လုပ်ခြင်း၊ ခြံအတွင်း ပတ်လမ်းဖောက်လုပ်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် ကော်ဖီဥယျာဉ် အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပြီးစီးပြီဖြစ်သည်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၇-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** ပေဋ္ဌာနသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၉:၁၅** တရုတ်ကာတွန်း **'ပါးကွေ့၏ဓမ္မနည်းလမ်း'**(အပိုင်း-၆)
**၀၉:၄၀** တောင်သူအကျိုးရည်မျှော်ကိုး ရေးနွန်းချိုသာ ယူရီးယားမြေဩဇာ
**၁၀:၀၀** သတင်းသမားပြောတဲ့ သတင်းစကား
**၁၀:၃၀** အာရှ-ပစိဖိတ် ရုပ်သံလွှင့်အဖွဲ့အစည်း၏ **'၁၀ကြိမ်မြောက်ဂီတပျော်ပြေပွဲ'** ထုတ်လွှင့်မှု
**၁၁:၄၅** အသိပညာနှင့်အမှန်တရား
**၁၃:၀၀** MRTV National News
**၁၃:၃၀** မြန်မာဇာတ်ကားရုပ်ရှင် **'တိမ်လွှာမိုးမိုးလွှင်'** (ဝင်းဦး၊ အောင်လွင်၊ မြင့်မြင့်ခင်)
**၁၆:၁၅** လူမှုဘဝထဲကကော်ဖီ
**၁၇:၁၅** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ)(တတိယပိုင်း)
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၁၅** သုတဝေဖြာသီရိဝေဟာ
**၁၉:၁၅** နိုင်ငံခြားဇာတ်လမ်းတွဲ **'အမှန်တရားရဲ့လျှို့ဝှက်ချက်'**(အပိုင်း-၁၀၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကြွေလည်းဝေမြဲတမ်းတဆဲ
**၂၁:၂၀** ဆေးရောင်စုံရုပ်ရှင် **'ဟယာရထား'** (လွင်မိုး၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်၊ ကြည်လဲ့လဲ့ဦး)

**mitv**

**07:04** Awayyar Horntu (Sein Lei Lei)
**07:11** Shwedagon Buddha Museum
**07:43** Myanma Thanakha
**08:00** Traditional Customs of Holy Waso
**08:14** The Golden Triangle
**08:27** Today Myanmar
**08:37** The Recycle Art: Tyre
**08:52** Mote Pel Sote from Intaing Village
**09:01** News
**09:27** Global Partnership for Brighter Future: Guinea Pavilion at Expo 2020 Dubai
**09:35** Myanmar's Entrepreneurs: Soe Moe Aung
**09:48** A Tourist Destination Of Shan State

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင့်ရိုးရာစောင်းတူရိယာ
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
အုံ့သြဖွယ်ရာ ပဒုံဂူမြေမှာ
**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ရှားစောင်းလက်ပတ်ရဲ့အစွမ်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
ဝိတိုရိယတောင်(ခေါ်)ခေါနူးစုမ်
**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဓနိပူး၏အသုံးဝင်ပုံ အကျိုးကျေးဇူး
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
လက်ဝဲသလုံးတော် ဓာတ်စေတီအကြောင်း
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
မုန့်တီခြောက်ပြုလုပ်နည်း
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
နေကြာစိုက်ပျိုးခြင်း(အပိုင်း-၂)
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ
**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ခံတွင်းမြိန်စေမဲ့ ကယားရိုးရာ မာလာဖူးသုပ်
**ပအိုဝ်း (၂၂:၀၀ မှ ၂၃:၀၀)**
ကျွဲချိုအကြောင်း

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၂၀** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဇွန်လ)(အပိုင်း-၃)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွား ဆိုပေမယ့်'**
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၅)
**၁၁:၀၀** ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၄၀** သုတဝေစည်တောင်သူဆီ
**၀၇:၁၅** ကျန်းမာရေးအတွက်ရည်ရွယ် ဓာတုကင်းလွတ်သီးနှံစိုက်ပျိုးမယ်
**၀၇:၃၅** ရေစကြိုမြို့နယ်မှ ဆိတ်မွေးမြူရေး
**၀၈:၂၀** ပုံးပန်းဝေဖြာတို့တောရွာ 'ပေါင်းပြီးမှမပိုးနဲ့'
**၀၈:၄၅** မျော့လင့်ခြင်းကွင်းပြင်ဆီမှ တောင်သူ့စကားသံများ
**၀၉:၂၅** အဖြေရှာပါ၊ ရွက်ပုံးဝေဒနာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မူဆယ်မြို့၌ ကိုဗစ်- ၁၉ ကာလအတွင်း တက်ကြွစွာပါဝင်ကူညီခဲ့ကြသော ပရဟိတအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မူဆယ် ဇူလိုင် ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ကိုဗစ်-၁၉ ကာလအတွင်း တက်ကြွစွာပါဝင်ကူညီခဲ့ကြသော ပရဟိတအသင်းအဖွဲ့များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က မူဆယ်ခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မူဆယ်ခရိုင် လူမှုဝန်ထမ်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်တင့်တင့်ဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် မူဆယ်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးတွင် တက်တက်ကြွကြွ ပါဝင်ကူညီဆောင်ရွက်ခဲ့သော ကြက်ခြေနီတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပါရမီ လူမှုကူညီရေးအသင်း၊ သွေးချင်းညီနောင် လူမှုကူညီရေးအသင်း၊ စေတနာ့ပရဟိတ အသင်း၊ မြင့်မြတ်ပါရမီအသင်း၊ သဒ္ဓါဖြူစင်အသင်း၊ ချယ်ရီမြေအသင်း၊ အကြင်နာ နွေးထွေးအသင်း၊ နှလုံးလှ လူမှုကူညီရေးအသင်း၊ ကမ်းလက်ကူညီပရဟိတအသင်း၊ မောက်ကွမ်တိုင်း ပရဟိတလူမှုကူညီရေးအသင်းများကို ဒုတိယညွှန်ကြားရေးမှူးနှင့် တက်ရောက်လာကြသည့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းများ ပေးအပ်ကာ (ဝဲပုံ) အသင်းအသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြောင်း သိရသည်။



**သန့်ဇင် (မူဆယ်)**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂-၇-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၆၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၄၆၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၃၀ ကျပ် | ၂၄၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၆၀ ကျပ် | ၂၅၀၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၅ ကျပ် | ၂၂၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၈၅ ကျပ် | ၂၃၃၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၃၅ . ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၂၇ . ၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၁ . ၉၃၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၆၃ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၉ . ၇၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၂၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၄၁၀ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၄၀၀ | ၇၄၀၀ | ၁၄၂ | ၁၀၅၀၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၃၆၄၀ | ၉၆၄၆၀၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၅ | ၃၆၅၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၅၅၀ | ၂၅၀၀ | ၄၃၅ | ၁၀၉၅၆၀၀ |
| EFR | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၁၄၊ ၀၁- ၅၅၉၀၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

# တိရစ္ဆာန်အစာအတွက် နေဗီယာမြက်

**✷ ကောင်းပြည့်လွင်**



မြန်မာနိုင်ငံတွင် ကျွဲ၊ နွား တိရစ္ဆာန်များအတွက် မြက်စိုက်ပျိုးမှုမှာ လွန်စွာမှ ရှား၏။ မိရိုးဖလာစိုက်ပျိုးရေးဘေးထွက် ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ ပြောင်းဖူးရိုး၊ ပဲမှော်စသည်ဖြင့် ကျွေးမွေးကြလေ့ရှိပါသည်။ နွားစာအတွက် ပြောင်းရိုးအနည်းငယ်သာ စိုက်ပျိုးကြလေ့ရှိပါသည်။ သို့သော် ကျွဲ၊ နွားများ ရှားပါးလာမှု၊ လယ်ယာလုပ်သားများ နည်းပါးလာမှုတို့ကြောင့် ကျွဲစာ၊ နွားစာစိုက်ပျိုးမှုမှာ တဖြည်းဖြည်း လျော့နည်းလာသည်။ ထို့ကြောင့်လည်း ကျွဲ၊ နွားမွေးမြူရေးသည် အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ဖြစ်ခဲ့ရသည်။

အထူးသဖြင့် တောင်သူများအဖို့ မိုးအခါ ကျွဲစာ၊ နွားစာ မခက်သော်လည်း နွေရောက်ပြီဆိုလျှင် ကျွဲစာ၊ နွားစာရှာရသည့်ဒုက္ခသည် မသေးလှ။ လူစာထက် နွားစာပိုခက်သည်ဟု တောင်သူတို့ ငြီးငြူပြောဆိုလေ့ရှိကြသည်။ နောက်ဆုံး နွားစာရှာမရသည့်အဆုံး စိမ်းစိမ်းစိုစို သစ်ပင်များတွေ့လျှင် သစ်ကိုင်းများကို ခုတ်၍ ဓားနှင့်ချိုင်း၍ကျွေးသည်။ ချောင်းနံဘေး မြက်ခါးပင်ဥများကိုပင် ပေါက်ပြားနှင့် ပေါက် ကျွေးကြရသည်။ အထက်အညာ မိုးခေါင်ရေရှားဒေသများ၌ နွေရာသီ နွားစာခက်ခဲမှုသည် ပြောစမှတ်ပြုရလောက်အောင်ပင် ခက်ခဲသည်။

ယခုတလော တိရစ္ဆာန်အစာအတွက် နေဗီယာမြက်စိုက်ပျိုးရေးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများ၏ ဦးဆောင်မှုဖြင့် မိုးရာသီတိရစ္ဆာန်အစာပင် နေဗီယာမြက်စိုက်ပျိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုအစီအစဉ် ဆောင်ရွက်လျက်ရှိသည်ကို သတိပြုမိသည်။ ကျွဲ၊ နွား တိရစ္ဆာန်များ အစာဖူလုံရေးအတွက် အလွန်ကောင်းမွန်သော ဆောင်ရွက်ချက်ဖြစ်သည်။ နေဗီယာမြက် (Napier Grass) ကို ကျွဲ၊ နွားတို့အပြင် ကြက်၊ ဝက်၊ သိုး၊ ဆိတ်အစာအဖြစ်လည်း ကျွေးမွေးနိုင်ကြောင်း သိရသည်။ ထိုမြက်ကို အလေးထားစိုက်ပျိုးကြရန် တိုက်တွန်းရခြင်း၏ အဓိကရည်ရွယ်ချက်သည်ကား ကြီးထွားနှုန်းကောင်းခြင်း၊ အသားထွက်နှုန်းကောင်းခြင်း၊ ရောဂါခံနိုင်ရည်ရှိခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် နွေရာသီကာလတွင် ကျွဲစာ၊ နွားစာရှားပါးမှုကို အထိုက်အလျောက် ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။ နေဗီယာမြက်မျိုးသည် (ပရိုတိန်း)အသားဓာတ်ပေါကြွယ်ဝခြင်းကြောင့် တိရစ္ဆာန်ကြီးထွားနှုန်း ကောင်းမွန်စေပါသည်။ စိုက်ပျိုးပြီး ၄၅ ရက်အတွင်း ရိတ်သိမ်းကျွေးနိုင်ကြောင်း သိရသည်။ တစ်ကြိမ်စိုက်ပျိုးထားလျှင် ရှစ်နှစ်မှဆယ်နှစ်အထိ ပြန်စိုက်စရာမလိုဘဲ ရိတ်သိမ်းကျွေးနိုင်ကြောင်း သိရသည်။ အလွန်ကျေးဇူးများပေသည်။ တစ်ခါစိုက်ထားရုံဖြင့် နွားစာအတွက် ပူပင်စရာမလိုတော့ပေ။ သို့မဟုတ်လျှင် နွားစာရှာရသည်က တစ်ဒုက္ခ။

နေဗီယာမြက် စိုက်ပျိုးခြင်းသည် တောင်သူတို့အတွက် တစ်ချက်ခုတ် နှစ်ချက်ပြတ်ဟု ဆိုရပေမည်။ အကြောင်းသည်ကား နွားစာ၊ ကျွဲစာအတွက် စိုက်ပျိုးရင်း ကြက်နှင့်ဝက်ကိုပါ တွဲဖက်မွေးမြူလာနိုင်မည်ဖြစ်သည်။ နေဗီယာမြက်ကို နုပ်နုပ်စဉ်း၊ သို့မဟုတ် ချဉ်ဖတ်လုပ်ပြီး ကြက်နှင့်ဝက်ကိုပါ အစာအဖြစ်ကျွေးနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ပြင် ငါးကိုလည်း ကျွေးနိုင်သောကြောင့် ငါးမွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်သင့်ပါသည်။ ဆိုရလျှင် ယခုကဲ့သို့ ကြက်စာဈေး၊ ဝက်စာဈေး ကြီးမြင့်နေသည့်ကာလတွင် နေဗီယာမြက်သည် အဓိက ဇာတ်လိုက်ဖြစ်လာပေလိမ့်မည်။ မွေးမြူရေးအတွက် သူမပါလျှင်မပြီးဆိုတာမျိုး ဖြစ်လာပေလိမ့်မည်။ ကျွဲ၊ နွားတို့အတွက်လည်း ကျွေးနိုင်သည်။ ကြက်၊ ဝက် ကျွေးလည်းရသည်။ ငါးကန်အတွက် အစာတောင့်ပြုလုပ်၍ကျွေးလည်း အဆင်ပြေသည် ဆိုတော့ကား မွေးမြူရေးအတွက် အကောင်းဆုံး၊ အလိုအပ်ဆုံးဟု ဆိုရပေမည်။

နေဗီယာမြက်ကို နွေရာသီတွင် တိရစ္ဆာန်များအတွက် အစာရှာရခက်သူများ၊ ခြံလှောင်စနစ်ဖြင့် မွေးမြူကြသူများ၊ လွတ်ကျောင်းရန် အဆင်မပြေသူများ၊ အစာစရိတ်သက်သာချင်သူများ၊ တိရစ္ဆာန်အစာအတွက် ဆင့်တက်ပြုပြင်လုပ်ငန်းလုပ်ကိုင်ချင်သူများ၊ မွေးမြူရေးလုပ်ငန်းတွင် တိရစ္ဆာန်အစာများ ရှာရန်ခက်ခဲသူ လုပ်ငန်းရှင်များ နေဗီယာမြက်စိုက်သင့်ပါသည်။

**စိုက်ပျိုးနည်း**

မြက်မျိုးများကို နှစ်စပ်ထွန်ထားသော မြေပေါ်တွင် ပင်ကြားတန်းကြား သုံးပေနှုန်းခြား၍ ၄၅ ဒီဂရီစောင်းထိုး စိုက်လို့ရကြောင်း၊ သို့မဟုတ် မြေပြင်တွင် စီ၍ မြက်ငုတ်ပေါ်တွင် မြေပါးပါးဖုံးကာ ပျိုးပြီးမှ ပြန်စိုက်လို့ရကြောင်း၊ စိုက်ပျိုးသောအခါတွင် တခြားမြက်အမျိုးအစားထက်စာလျှင် မြေအစိုဓာတ် သင့်တင့်မျှတအောင်၊ ရေမဝပ်အောင်၊ ဂရုစိုက်ပေးသင့်ကြောင်း၊ မြက်မျိုးများကို ရေပေးသွင်းသည့်အခါ ရေဖျန်းစနစ် သို့မဟုတ် ရေမြောင်းစနစ်ဖြင့် သွင်းနိုင်ကြောင်း၊ ရိတ်သိမ်းပြီးချိန်တိုင်း သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာကျွေးပေး၊ မြေဖွ၊ ပေါင်းသင်ပေးမည်ဆိုလျှင် တစ်ကြိမ် စိုက်ပျိုးရုံနှင့် သက်တမ်းကြာ အသုံးပြုနိုင်ပြီး အပင်ပွားနှုန်းကောင်းသော မြက်စိုက်ခင်းကို ရရှိမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

နေဗီယာမြက် တစ်ဧကစိုက်ပျိုးထားလျှင် နွားအကောင် ၂၀ ခန့်အတွက် တစ်နှစ်ပတ်လုံးကျွေးရန် လုံလောက်မှုရှိကြောင်း၊ ပရိုတိန်းဓာတ်နှင့် အမျှင်ဓာတ်ပါဝင်မှုကြောင့် ကြီးထွားနှုန်းကောင်းကြောင်း၊ သာမန်မြက်ထက် တိရစ္ဆာန်ကြီးထွားမှု သုံးဆ ပိုမိုမြန်ဆန်ကြောင်း သိရှိရသည်။

သို့ပါ၍ မွေးမြူရေးလုပ်ကိုင်နေကြသော တောင်သူများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ကိုင်ကြသူများအနေဖြင့် မိမိတို့၏ ကျွဲ၊ နွားတိရစ္ဆာန်များ အစာအတွက် အခက်အခဲမဖြစ်ရလေအောင် နေဗီယာမြက်စိုက်ပျိုးခြင်းကို တွင်ကျယ်ထိရောက်စွာ အလေးအနက်ထား စိုက်ပျိုးသွားသင့်ပြီဖြစ်ပါကြောင်း အသိပေးတိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

- **နေဗီယာမြက် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ။**

# မြေ၊ မျိုး၊ ရာသီ၊ စိုက်နည်းမှန်ရုံမက ပျိုးပင်မှန်ကန်ဖို့လည်း ဂရုပြုပါ

ရေးယခင် အစဉ်အဆက်ကတည်းက ဇွန်၊ ဇူလိုင်လ မိုးဦးကျကာလတွင် နှစ်ရှည်သီးနှံ သရက်ပင်များကို စတင်စိုက်ပျိုးလေ့ရှိကြသည်။ မြေဆီလွှာစိုထိုင်းစ အလုံအလောက်ရရှိပြီး စိုက်ပျိုးသမျှအပင်များ ဖြစ်ထွန်းအောင်မြင်မှုအားကောင်းသည့် အချိန်ဖြစ်သဖြင့် မိုးဦးကာလကို စိုက်ပျိုးရန်အချိန်ကောင်းဟု သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။ ''မြေမှန်၊ မျိုးမှန်၊ ရာသီဥတုမှန်၊ စိုက်နည်းစနစ် မှန်ကန်'' ဆိုသော စကားရပ်နှင့်အညီ ရာသီအရ တွက်ချက်ပါက ယခုအချိန် စိုက်ပျိုးခြင်းသည် စိုက်ပျိုးချိန်အားဖြင့် မှန်ကန်နေသော်လည်း လိုအပ်သော ပန်းတိုင်အထွက်နှုန်းနှင့် အပင်၏ရှင်သန်ကြီးထွားမှုများ အောင်မြင်ရန်မှာမူ ပျိုးပင်ရွေးချယ်မှုနှင့်လည်း များစွာဆက်စပ်သက်ဆိုင်နေပါသည်။

သရက်ပင်/သရက်ခြံ စတင်တည်ထောင်စိုက်ပျိုးမည်ဆိုပါက မိမိက သရက်ပင်/သရက်ခြံကို ဘယ်လိုရည်ရွယ်ချက်နှင့် တည်ထောင်စိုက်ပျိုးချင်တာလဲ။ ဥပမာ – မျိုးရိုးဗီဇထိန်းဖို့အတွက် စိုက်ပျိုးမှာလား၊ အရိပ်ရအပင်အဖြစ် စိုက်ပျိုးမှာလား၊ အရိပ်လည်းရ အသီးလည်း စားရဖို့အတွက် စိုက်ချင်တာလား၊ စီးပွားရေးသက်သက် ဦးတည်စိုက်ပျိုးမှာလားစသဖြင့် အကြမ်းဖျဉ်းခွဲခြားနားလည်ရမည့် အပိုင်းကဏ္ဍများကို ကြိုတင်ဆန်းစစ်ဖို့ လိုအပ်သည်။

အဘယ်ကြောင့်ဆိုသော် သရက်ပျိုးပင်/သရက်မျိုး အရွေးမှားပြီး စိုက်ပျိုးမိပါက သွင်းအားစုကုန်ကျစရိတ်များနှင့် စိုက်ပျိုးစရိတ်များ လေလွင့်ဆုံးရှုံးနိုင်ပြီး ထိုကဲ့သို့ မျိုးမှားစိုက်ပျိုးခြင်းကိုလည်း ယနေ့ခေတ် စိုက်ပျိုးသူအများစု ကြုံတွေ့နေရ၍ ဖြစ်ပါသည်။

စတင်စိုက်ပျိုးမည့်သူများအနေဖြင့် မိမိဈေးကွက်၏ လိုအပ်ချက်၊ မိမိဒေသရာသီဥတုတို့နှင့် ကိုက်ညီသော မျိုးစိတ်များကိုသာ ရွေးချယ်စိုက်ပျိုးသင့်ပြီး တခြားဒေသနှင့်ကိုက်ညီတိုင်း ကိုယ့်ဒေသနှင့် ကိုက်ညီမှု ရှိ မရှိကိုလည်း နားလည်လက်ခံရန် လိုအပ်သည်။ ထို့ပြင် အကင်းစား၊ အသီးစိမ်းစား၊ အမှည့်စား သရက်သီးစားပုံ သုံးမျိုးအရ မိမိက ဘယ်လိုသရက်ပင်မျိုးကို စိုက်ပျိုးမည်လဲကို စတင်ရွေးချယ်ရမည်။ ပျိုးပင်အမျိုးအစားများအနေဖြင့်လည်း အစေ့ပျိုးပင်နှင့် ကိုင်းကူးပျိုးပင်နှစ်မျိုးအနက် ရွေးချယ်ရမည်။ အသီးစားမည့်သူများက အစေ့ပျိုး သရက်ပင်ကို စိုက်ပျိုးခြင်းဖြင့် အချိန်ကြာကြာနေမှရသောအသီးကို စောင့်စားနိုင်ပြီး ကိုင်းကူးကိုင်းဆက် သရက်ပျိုးပင်များကိုတော့ မြန်မြန်ဆန်ဆန် အသီးသီးကာ ဈေးကွက်ကို အမြန်တင်ပို့ရောင်းချလိုသူများက စိုက်ပျိုးသင့်ပါသည်။



သရက်ပင်စိုက်ပျိုးပါက သရက်ပျိုးပင်ရွေးချယ်ခြင်းမှာ အဓိကတွက်ချက်ပြင်ဆင်ရမည့် အချက်ဖြစ်ပြီး

- မျိုးဗီဇ ကောင်းမွန်ခြင်း
- အနာရောဂါ ကင်းစင်ခြင်း
- ကိုင်းကူးဆက်ထားမှု ကောင်းမွန်မှန်ကန်ခြင်း
- ကျန်းမာကြံ့ခိုင်ပြီး သန်မာသောအပင်ဖြစ်ခြင်း
- ကူးပြီးသော အပင်ကို အညွန့်နှစ်ဆင့်ဖြစ်မှ ရွေးချယ်သင့်ခြင်း
- ပန်းပွင့်နေသော ပျိုးပင်နှင့် အသီးရှိနေသောပျိုးပင်များကို မဝယ်သင့်ခြင်း စသည်တို့ကိုလည်း သိထားဖို့လိုပါသည်။

အရင်းအနှီးနှင့် ကုန်ကျစရိတ်များရှိပြီး အချိန်ကာလများစွာပေးဆပ်စိုက်ပျိုးရသည့် နှစ်ရှည်သီးနှံပင်လုပ်ငန်းကို လုပ်ကိုင်မည့် စိုက်ပျိုးရေးဝါသနာရှင်များအနေဖြင့် မစိုက်ပျိုးခင် အချိန်မီ ကြိုတင်လေ့လာခြင်းဖြင့် သရက်ခြံတည်ထောင်စိုက်ပျိုးချိန်တွင် အလွဲအမှားနည်းပါးကာ အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာစေရန် စေတနာရှေ့ထား ရည်ရွယ်ရေးသားလိုက်ရပါသည်။ **နန်းထက်ထက်ချစ်**

# ငါးဈေးကွက်ပြန်လည်ဖော်ဆောင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်မည့် မြိတ်မြို့ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီး

**မြိတ် ဇူလိုင် ၂**

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီကမ်းရိုးတန်းတွင် နေထိုင်သော ပြည်သူများမှာ ရေလုပ်ငန်းကို အမှီပြုပြီး နေထိုင်အသက်မွေးသူ များပြားသည်။

### ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းတင်ပို့မှု

တနင်္သာရီကမ်းရိုးတန်းဒေသသည် အနောက်ဘက်တွင် အက်ဒမန်ပင်လယ်ကြီးနှင့် ထိစပ်နေပြီး အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် နယ်ချင်းထိစပ်နေသည်။ တနင်္သာရီရိုးမတစ်လျှောက် ကုန်းတွင်းပိုင်းနှင့် နယ်ချင်းထိစပ်နေသလို ကော့သောင်းခရိုင်ဘက်မှာလည်း ပင်လယ်ရေပြင်နှင့် နယ်ချင်းထိစပ်နေသည်။ ထို့ကြောင့် ရေခံမြေခံကောင်းသည့် တနင်္သာရီတိုင်းဒေသကြီးသည် ကုန်းလမ်း၊ ရေလမ်းများဖြင့် နယ်စပ်ကုန်သွယ်ရေး ပြုလုပ်နိုင်သည့် ဒေသတစ်ခုဖြစ်သည်။ ရေလုပ်ငန်းကဏ္ဍသည် တိုင်းဒေသကြီး၏ အဓိကလုပ်ငန်းဖြစ်ပြီး ခေတ်အဆက်ဆက် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ ရေထွက်ပစ္စည်း တင်ပို့နေခဲ့ရသည်။ ထိုင်းနိုင်ငံ ရေထွက်ပစ္စည်းတင်ပို့မှု၏ အဓိကထောက်တိုင်သည် ရနောင်းမြို့နှင့် မဟာချိုင်ဒေသဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းများ၊ မြန်မာရွှေ့ပြောင်းလုပ်သားများနှင့် အဓိကလည်ပတ်နေသည့် ဒေသများဖြစ်သည်။ ရေသယံဇာတများ၊ ရွှေ့ပြောင်းလုပ်သားများ တင်ပို့ပေးနေရသော်လည်း ငါးဈေးကွက်ကြီးသည် မြန်မာနိုင်ငံတွင် တည်ရှိနေခြင်းမရှိဘဲ ထိုင်းနိုင်ငံတွင် တည်ရှိနေခဲ့သည်မှာ ဆယ်စုနှစ်များစွာကြာခဲ့ပြီ ဖြစ်သည်။

### ရေသယံဇာတများဆုံးရှုံးနေ

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် လွန်ခဲ့သည့် နှစ် ၂၀ ကျော်ကတည်းက တည်ရှိခဲ့သည့် အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးသည် ထိုင်းရောက် ငါးဈေးကွက်ကြီးကို မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်ရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့သော်လည်း အစိုးရအဆက်ဆက် ကူညီပံ့ပိုးမှု အားနည်းခဲ့ခြင်းကြောင့် မြန်မာနိုင်ငံအနေဖြင့် ရေသယံဇာတများဆုံးရှုံးခြင်း၊ အခွန်အခများနစ်နာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေခဲ့ရသည်။



မြိတ်မြို့ ငါးလေလံဈေးကြီးအတွင်း ငါးအရောင်းအဝယ်ပြုလုပ်နေသူများ။

“လက်ရှိငါးဈေးကွက် အခြေအနေကိုပြောရင်တော့ ကျွန်မတို့မြန်မာနိုင်ငံမှာ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးရှိနေပါတယ်။ တနင်္သာရီတိုင်းဒေသကြီးမှာဆိုရင်လည်း ငါးဖမ်းလှေကြီးတွေ ထောင်နဲ့ချီပြီးရှိပါတယ်။ ငါးဈေးကွက်ကို လက်ရှိအစိုးရက ပြန်လည်ပတ်နိုင်အောင် ကူညီဆောင်ရွက်ပေးမယ်ဆိုရင် နိုင်ငံတော်ရဲ့ဝင်ငွေတွေ၊ အလုပ်အကိုင်အခွင့်အလမ်းတွေ မြန်ဆန်စွာနဲ့ အချိန်တိုအတွင်းရရှိလာမှာပါ။ ထိုင်းနိုင်ငံမှာက တနင်္သာရီတိုင်းဒေသကြီးကထွက်တဲ့ ရေထွက်ကုန်တွေ အပေါ်မှီခိုပြီး ငါးဈေးကွက်ဆိုတာ ဖြစ်ပေါ်နေတာပါ။ ကျွန်မတို့နိုင်ငံမှာ ငါးလေလံဈေးကြီးရှိနေသားနဲ့ ဥပဒေကို ထိထိရောက်ရောက် မကိုင်တွယ်နိုင်ခဲ့ကြတော့ ထိုင်းနိုင်ငံမှာ ကျွန်မတို့နိုင်ငံရဲ့ ငါးတွေနဲ့ ငါးဈေးကွက်ကြီးဖြစ်ပြီး လည်ပတ်နေခဲ့တာပါ။ မြိတ်မှာရှိတဲ့ အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးဟာ ပုဂ္ဂလိကတစ်ဦးတည်း ပိုင်ဆိုင်တာမဟုတ်ပါဘူး။ ငါးလုပ်ငန်းဦးစီးဌာနက ၃၀ ရာခိုင်နှုန်း၊ တိုင်းရင်းသားလုပ်ငန်းရှင်က ၁၀ ရာခိုင်နှုန်း၊ နိုင်ငံခြားကုမ္ပဏီက ၆၀ ရာခိုင်နှုန်းပါဝင်တယ်။ အစိုးရအနေနဲ့ ကူညီဆောင်ရွက်ပေးမယ်ဆိုရင် မြန်မာနိုင်ငံမှာ ငါးဈေးကွက်ကြီး ပြန်လည်ရောက်ရှိလာမှာပါ” ဟု အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီး၏ MD ဒေါ်ဌေးဌေးဝင်းက ပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ရေထွက်ပစ္စည်းတင်ပို့မှုမှ နှစ်စဉ် ဒေါ်လာသန်း ၇၀၀ မှ ၈၀၀ ခန့်သာ ရသော်လည်း ထိုင်းနိုင်ငံအနေဖြင့် တစ်နှစ်လျှင်ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ ခုနစ်ဘီလီယံကျော်အထိ ရရှိနေကြောင်း သိရသည်။ ထိုင်းနိုင်ငံ ရနောင်းမြို့တွင်ရှိသည့် ရေထွက်ကုန်များ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ မြိတ်ကျွန်းစုမှ တင်ပို့ပေးနေသည့် ရေထွက်ကုန်များဖြစ်ကြောင်း၊ ထိုင်းနိုင်ငံတစ်ခုလုံး၏ ရေထွက်ကုန် ၃၀ ရာခိုင်နှုန်းကျော်မှာ ရနောင်း ငါးဈေးကွက်မှ ရရှိခြင်းဖြစ်ကြောင်း ထိုင်းငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

### အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်မည်

ပင်လယ်ရေထွက်ကုန်တင်ပို့မှုမှ ရသင့်သည့် အခွန်အခများ ယိုဖိတ်နေသလို လူသားအရင်းအမြစ် ယိုဖိတ်မှုများဖြစ်ပေါ်နေသည့်အတွက် မြန်မာနိုင်ငံတွင် ငါးဈေးကွက် ပြန်လည်ဖော်ဆောင်ပေးပါက နိုင်ငံတော်မှ အခွန်အခများ မှန်ကန်စွာ ရရှိမည့်အပြင် အလုပ်အကိုင် အခွင့်အလမ်းများစွာလည်း ဖော်ဆောင်လာနိုင်မည် ဖြစ်သည်။

“မြိတ်မြို့မှာရှိတဲ့ ငါးလေလံဈေးအောင်မြင်ဖို့ဆိုရင်သက်ဆိုင်ရာတာဝန်ရှိသူတွေ ကူညီပံ့ပိုးပေးရမယ့်အပြင် FOB စနစ်ကိုလည်း လျှော့ချဖို့လိုမယ်” ဟု မြန်မာနိုင်ငံ ပင်လယ်ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ပြောကြားသည်။

**သတင်းဆောင်းပါး-မြင့်ဦး(မြိတ်)**

### ရင်းနှီးမြှုပ်နှံမှုများ

လက်ရှိမြိတ်မြို့မှာရှိသည့် ငါးလေလံဈေးကြီးသည် MIC မှ ဒေါ်လာသန်း ၇၀ ရင်းနှီးမြှုပ်နှံခွင့်ရထားပြီး ဒေါ်လာဆယ်သန်း ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သလို ရင်းနှီးမြှုပ်နှံမှုဒေါ်လာသန်း ၂၀ ထပ်တိုးရန်တင်ပြခဲ့သော်လည်း ယခင်အစိုးရလက်ထက်တွင်ကြန့်ကြာမှုဖြစ်နေခဲ့သည်ဟု သိရသည်။

### ကုန်သွယ်မှု ဒေါ်လာတစ်ဘီလီယံအထိ တက်လာနိုင်

“ကျွန်မတို့ ငါးလေလံဈေးကြီးတည်ထောင်ခဲ့တာက ငါးဈေးကွက်တစ်ခုတည်းတင်မဟုတ်ပါဘူး။ တရားမဝင်ကုန်သွယ်မှုတွေ လျှော့ချဖို့အတွက်လည်းပါခဲ့တယ်။ တရားမဝင်ကုန်သွယ်မှုလို့ဆိုရာမှာ မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်း၊ လောင်စာဆီမှောင်ခို၊ အစားအသောက်မှောင်ခို၊ ရေထွက်သယံဇာတတွေကို အခွန်လျှော့ပြတာတွေ၊ ထိန်းသိမ်းရမယ့် ရေသယံဇာတတွေ ဖမ်းတာကို တားဆီးရေးအတွက်လည်းပါတယ်။ ငါးလေလံဈေးကြီးကို နိုင်ငံတော်အစိုးရအနေနဲ့ ကူညီဆောင်ရွက်ပေးပြီး စနစ်တကျလည်ပတ်မယ်ဆိုရင် တနင်္သာရီတိုင်းဒေသကြီးတစ်ခုတည်းမှ တစ်နှစ်ကို ကုန်သွယ်မှုကနေ ဒေါ်လာတစ်ဘီလီယံအထိ တက်လာနိုင်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းလည်း သောင်းနဲ့ချီပြီးပေးထားလို့ရလာပါလိမ့်မယ်” ဟု ဒေါ်ဌေးဌေးဝင်းက ဆက်လက်ပြောကြားသည်။

### အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီး

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အင်းလေးမြိုင်စက်မှုဇုန်တွင် တည်ရှိသည့် မြန်မာအပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးမှာ ငါးတင်ချဆိပ်ကမ်းတံတားကြီး၊ ငါးဂိုဒေါင်၊ လေလံခင်းသည့် နေရာများ၊ ရုံးခန်းများ၊ အအေးခန်းများ၊ ဌာနဆိုင်ရာပေါင်းစုံပါဝင်သည့် One Stop Service ရုံးများ၊ ကျယ်ပြန့်သည့် မြေနေရာများ၊ လမ်းများဖောက်လုပ်ထားပြီး အသင့်အနေထားရှိနေကာ နိုင်ငံတော်မှ ဥပဒေအတိုင်း ကူညီဆောင်ရွက်ပေးနိုင်ပါက အခွန်အခဝင်ငွေများစွာရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အပြည်ပြည်ဆိုင်ရာ ငါးလေလံဈေးကြီးဖြစ်လာမည် ဖြစ်သည်။

# ကျောက်ဆည်မြို့၌ မိုးစပါး ဧက ၅၃၀၀၀ နီးပါးစိုက်ပျိုးရန်လျာထား

**ကျောက်ဆည် ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါး ၅၂၈၁၇ ဧက စိုက်ပျိုးရန်လျာထားပြီး လက်ရှိတွင် စပါးများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။



ကျောက်ဆည်မြို့နယ်၌ မိုးစပါးများကို နွားတက်၊ ကွမ်းဆေး၊ အထက်လင်းဇင်း၊ ငပြောင်၊ သင်းတွဲ၊ သင်းဒီး၊ မင်းရဲ၊ ဇီးတော၊ တမုတ်၊ ထုံးကြီး၊ စမာ ရေပေးဝေမြောင်းများမှ မြောင်းရေသောက်စနစ်ဖြင့် ၃၅၉၄၄ ဧက၊ ကင်းတား ဆည်ရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တက္ကုန်း ဆည်ရေသောက်စနစ်ဖြင့် ၄၃၆ ဧက၊ မိုးကောင်းသောက် (မိုးရေ)ဖြင့် ဧက ၂၅၀၊ မြေအောက်ရေ (စက်ရေတွင်း)ဖြင့် ဧက ၁၁၀ စုစုပေါင်း ၅၂၈၁၇ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။

မိုးစပါးများစိုက်ပျိုးရာတွင် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် ပျိုးထောင်စိုက်ပျိုးခြင်းတို့ဖြင့် စိုက်ပျိုးကြပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်ပူးပေါင်းကာ နည်းပညာများ ကူညီဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

## မင်းဘူးမြို့၌ ကြက်သွန်နီဈေးကောင်းရရန် ရောင်းအားကောင်း

**မင်းဘူး ဇူလိုင် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် ဈေးကွက်တွင် ကြက်သွန်နီများ ရှားပါးချိန်ရောက်လာသဖြင့် ကြက်သွန်နီဈေး မြင့်တက်လာပြီး ရောင်းအားလည်းကောင်းနေကြောင်း မင်းဘူးမြို့ ကြက်သွန်နီပွဲစားများထံမှ သိရသည်။

“မင်းဘူးပွဲရုံကိုလာရောင်းတဲ့ တောင်သူတွေဆို အရင်က ကြက်သွန်နီ တစ်ပိဿာကျပ် ၂၀၀၊ ၃၀၀ ဝန်းကျင်ပဲ ရောင်းရပေမယ့် အခု ကြက်သွန်နီဈေး ပြန်တက်လာပြီး တစ်ပိဿာကို လက်လီဈေး ၁၉၀၀၊ ၂၀၀၀ နဲ့ ပွဲရုံဝယ်ဈေး ကျပ် ၁၇၀၀၊ ၁၈၀၀ ဆိုတော့ တောင်သူတွေ အနေနဲ့အဆင်ပြေလာတာပေါ့” ဟု ကြက်သွန်နီအဝယ်တော် ဦးထွန်းက ပြောသည်။ လက်ရှိကြက်သွန်နီ ဈေးကွက်တွင် လှောင်ထားသည့် တောင်သူများသာ ရောင်းချနိုင်ကြခြင်းဖြစ်ပြီး ကြက်သွန်နီများ ရှားပါးချိန်ရောက်လာသည်ဟု ဆိုနိုင်သည်။ မင်းဘူးမြို့ ကြက်သွန်နီ ဈေးကွက်တွင် ငွေဖလားရှယ်ကြီး တစ်ပိဿာလျှင် လက်လီ ကျပ် ၂၀၀၀ နှင့် လက်ကား ကျပ် ၁၈၀၀ ဈေးဖြင့် ရောင်းချရပြီး ဇွန်လကုန်ပိုင်းတွင်မှ ဈေးများပြန်တက်လာကာ ယခင်နှစ်ဈေးအတိုင်း ပြန်ရကြသည်ဟု ကြက်သွန်လုပ်ငန်းရှင်များက ဆိုကြသည်။

**ဇေယျာထက်**
**(မင်းဘူး)**

# လယ်ဝေးမြို့နယ် မဒန်းရေလွှဲဆည်နှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို နေပြည်တော်ကောင်စီဝင် ကြည့်ရှုစစ်ဆေး

**လယ်ဝေး ဇူလိုင် ၂**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးထိန်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းအောင်နှင့် ဌာနဆိုင်ရာများနှင့်အတူ လယ်ဝေးမြို့နယ်ရှိ ကိုနှင့်ညီ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံနှင့် မြို့ကုန်းကျေးရွာ အနီးရှိ မဒန်းရေလွှဲဆည်တို့ကို ဇွန် ၂၉ ရက်က သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ကိုနှင့်ညီ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာ လှမျိုးသန့်နှင့် ခြံတာဝန်ခံတို့က ဘက်စုံ စိုက်ပျိုးမွေးမြူရေးခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံဖြစ်၍ သဘာဝမြေဩဇာ ထုတ်လုပ်နိုင်ရေး၊ တိရစ္ဆာန်အညစ်အကြေးမှတစ်ဆင့် Biogas ထုတ်လုပ်နိုင်ရေးနှင့် ဘက်စုံမွေးမြူရေးခြံဖြစ်၍ အခြားတိရစ္ဆာန်များကို လည်း တိုးချဲ့မွေးမြူရန် စသည်တို့ကို ဖြည့်စွက်မှာကြားခဲ့သည်။


မဒန်းရေလွှဲဆည်၌ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မဒန်းရေလှောင်တမံ၏ အောက်ဘက် ၂၈ မိုင်အကွာ မြို့ကုန်းကျေးရွာအနီးတွင် တည်ရှိသည့် မဒန်းရေလွှဲဆည်သို့ရောက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး (၅) မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးလွင်က မဒန်းရေလွှဲဆည်နှင့် ပတ်သက်သည့် အချက်အလက်များ၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများ (၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်)အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုများ၊ မဒန်းတမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲနှင့် မဒန်းရေလွှဲဆည်၏ အချက်အလက်များ၊ ဆည်ရေပေးဝေနိုင်မည့် ဧရိယာစသည်တို့ကို ရှင်းလင်းတင်ပြသည်။

မဒန်းရေလှောင်တမံစီမံကိန်းသည် လယ်ဝေးမြို့နယ် နန္ဒင်းကျင်းကျေးရွာအနီးတွင် တည်ရှိပြီး မြေသားတမံအမျိုးအစားဖြစ်ကာ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧက ပေ ၃၆၅၀၀ ဖြစ်သည်။ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ခုနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည်။ မဒန်းရေလွှဲဆည်ကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးခဲ့ကာ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်ပြီး လုပ်ငန်းပိုင်းများမှ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် နွေစပါး ၈၈၈ ဧက ရေပေးဝေလျက်ရှိပြီး စီမံကိန်းပြီးစီးပါက ဧက ၆၀၀၀ ခန့်ကို ဆည်ရေပေးဝေသွားနိုင်မည် ဖြစ်ကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

## သယံဇာတထိန်းသိမ်းရေးစီမံချက်ဖြင့် ဒီရေတောသစ်ပင် ၁၀၀၀ စုပေါင်းစိုက်ပျိုး

**သာပေါင်း ဇူလိုင် ၂**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ကမ်းရိုးတန်းသယံဇာတထိန်းသိမ်းရေး စီမံချက်အရ မိုးရာသီ ဒီရေတောသစ်ပင် စုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၁ ရက်က သဲဖြူကျေးရွာအုပ်စု ကျားခေါင်းကျေးရွာ ဘောမိကြိုးပြင်ကာကွယ်တောချောင်းဘေး၌ ကျင်းပပြီး မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေဖြိုးနှင့် သစ်တောဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်း၍ ဒီရေတောသစ်ပင် ၁၀၀၀ ကို စိုက်ပျိုးကြသည်။

မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေဖြိုးက ပင်လယ်ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သည့် အစိမ်းရောင်တံတိုင်းများ တည်ထောင်ဖွံ့ဖြိုးစေခြင်းဖြင့် ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ရန်၊ ပတ်ဝန်းကျင်နှင့် သဘာဝအခြေအနေများ ပြုစုထိန်းသိမ်းခြင်းဖြင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေ၍ အကျိုးကျေးဇူးများ သိရှိသဘောပေါက် နားလည်စေရန်၊ ဒီရေတောများသည် သဘာဝကို မျှတစေရန် ဖန်တီးပေးရာတွင် အလွန်အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ ဂေဟစနစ် ကောင်းမွန်စေရန်အတွက် ဒီရေတောများသည် အရေးကြီးကြောင်းနှင့် စိုက်ပျိုးမည့် သစ်ပင်များ၏ အရေးပါပုံတို့ကို ရှင်းလင်းပြောကြားပြီး ဗြူးအုပ်ဆောင်းပျိုးပင် ၈၀၀၊ မအူလက်တံရှည်ပျိုးပင် ၂၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ခြင်း ဖြစ်သည်။

**မျိုးဇော်သိန်း (ပြန်/ဆက်)**



## နှစ်(၁၀၀)ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်လုပ်လက်စားအိမ်ထောင်စုများအတွက် ဆန်များထောက်ပံ့လှူဒါန်း

**ဝေါ ဇူလိုင် ၂**



၂၀၂၂ ခုနှစ် နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဝေါမြို့ မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ချို့တဲ့သော လက်လုပ်လက်စား အိမ်ထောင်စုများအတွက် ဆန်များကို ဝေါမြို့နယ် သမဝါယမအသင်းများက စုပေါင်း၍ ဇူလိုင် ၂ရက်က ထောက်ပံ့လှူဒါန်းသည်။

မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆန်များထောက်ပံ့လှူဒါန်းပွဲတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က နှစ် (၁၀၀) ပြည့် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ချို့တဲ့သော လက်လုပ်လက်စား အိမ်ထောင်စုများအား ဆန်ထောက်ပံ့လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားပြီး မြို့ပေါ်ရပ်ကွက် ငါးခုအတွင်းရှိ ချို့တဲ့သော လက်လုပ်လက်စား အိမ်ထောင်စုများအတွက် ဝေါမြို့နယ် သမဝါယမအသင်းစုလီမိတက်နှင့် အခြေခံသမဝါယမအသင်းများမှ ထောက်ပံ့သော ဆန်အိတ်၂၀၊ ပြည်ဖြိုးအောင်ဈေးသမလီမိတက်မှ ထောက်ပံ့သော ဆန်ငါးအိတ်နှင့် စုမြတ်ရတနာငွေစုငွေချေးဈေးသမလီမိတက်မှ ထောက်ပံ့သော ဆန် ၁၀ အိတ်တို့ကို မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ချို့တဲ့သောပြည်သူများ ကိုယ်စား ရပ်ကွက်အုပ်ချုပ်ရေးမှူးများထံသို့ ထောက်ပံ့လှူဒါန်းခဲ့သည်။

**စိုးမိုး(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# မုံရွာခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းဆောင်ရွက်

**မုံရွာ ဇူလိုင် ၂**
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုးနှင့် တာဝန်ရှိသူများနှင့်အတူ မုံရွာခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများကို ဇွန် ၂၉ ရက်က ကွင်းဆင်းကြည့်ရှုသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာမြို့နယ် ခံတောကျေးရွာရှိ ဆင်းရွှေကြာ (၂) နေကြာနှင့် ရေဆင်း ၁၄ ပဲတီစိမ်း သီးညှပ်စိုက်ပျိုးခြင်း စံပြကွက်ကို သွားရောက်ကြည့်ရှုရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးက နေကြာနှင့် ပဲတီစိမ်းသီးညှပ်စိုက်ပျိုးခြင်းနှင့် မိုးနေကြာများ ကျေးရွာအုပ်စုအလိုက် စိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က မုံရွာမြို့နယ်အနေဖြင့် မိုးနေကြာလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ ဥကပ်ပါးနကျယ် မွေးမြူရေးခေတ်ခွဲခန်းမှ ဆန်ထွေးပိုးမွေးမြူခန်းနှင့် ဥကပ်ပါးနကျယ် မွေးမြူထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ Home Garden စိုက်ခင်းအောင်မြင်ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ မှိုမျိုးစုံ-မျိုးစေ့နှင့် စိုက်ထုတ်သုတေသနပြုစမ်းသပ်ခန်းတွင် မှိုမျိုးစုံမျိုးစေ့ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးသို့သွားရောက်ပြီး ပြခန်းတွင်ပြသထားသော မျိုးကောင်းမျိုးသန့်များ၊ သဘာဝမြေသြဇာများ၊ သွင်းအားစုများကို လိုက်လံကြည့်ရှုအားပေးကာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ တောင်သူပညာပေး ICT Studio အခန်းကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။


ဥကပ်ပါးနကျယ် မွေးမြူရေးခေတ်ခွဲခန်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေးစဉ်။

တိုင်းဒေသကြီး (ပြန်/ဆက်)

## ရခိုင်ပြည်နယ်အတွင်းမှ MSME စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး

**စစ်တွေ ဇူလိုင် ၂**
ရခိုင်ပြည်နယ်အတွင်းမှ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၉ ရက်က ပြုလုပ်သည်။ **(ယာပုံ)**




အစည်းအဝေးတွင် ပြည်နယ် MSME Agency နာယက ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ပြည်နယ်အတွင်းမှာရှိသည့် MSME လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်လာစေရန်အတွက် မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းဆွေးနွေးပေးကြစေလိုကြောင်း၊ ဆွေးနွေးမှုရလဒ်များအပေါ် အခြေခံပြီး မိမိတို့ပြည်နယ်၏ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန် အစိုးရအဖွဲ့၊ MSME Agency အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်နယ်အတွင်းရှိ MSME လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်၏ သဘာဝအခြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး ထုတ်ကုန်အသစ်များ၊ တီထွင်ဆန်းသစ်သော ထုပ်ပိုးမှုပုံစံများဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးနှင့် ဈေးကွက်ရရှိရေးကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက် သွားရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများ အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ် MSME Agency ဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်နယ် MSME Agency တွဲဖက်အတွင်းရေးမှူး၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်ကျော်ညွန့်နှင့် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စုစုခိုင်တို့က လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ MSME စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ မိမိတို့လုပ်ငန်းအလိုက် လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

## မန္တလေးတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများ စည်ကားစွာကျင်းပ

**မဟာအောင်မြေ ဇူလိုင် ၂**
မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မန္တလေးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြောင်း သိရသည်။

ဇွန် ၂၅ ရက်နှင့် ၂၆ ရက်မှစ၍ အမျိုးသား အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပပေးခဲ့ကာ ဆုရသူများအား မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဆပ်ကော်မတီဥက္ကဋ္ဌများက ဆုများအသီးသီး ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဇွန် ၂၉ ရက်မှ ဇူလိုင် ၁ ရက်အထိ အမျိုးသား/အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲများကိုလည်း ဆက်လက်ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## လယ်ဝေးမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် အစေ့ထုတ်ပြောင်းစိုက်ပျိုးခြင်း သရုပ်ပြ

**လယ်ဝေး ဇူလိုင် ၂**
နေပြည်တော် လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာရှိ တောင်သူဦးမြင့်ဦး၏ ယာမြေ ရှစ်ဧကတွင် မျိုးစေ့ချကိရိယာဖြင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲကို စက်မှုလယ်ယာဦးစီးဌာနက ကြီးမှူး၍ ဇွန် ၂၉ ရက်က ပြုလုပ်သည်။

သရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာန နေပြည်တော်တိုင်း ဦးစီးမှူး ဦးနိုင်ဦး၊ ဒက္ခိဏခရိုင်ဦးစီးမှူး ဦးတိုးသီလ၊ အမှတ်(၁) အလတ်စားစက်ပြင်အလုပ်ရုံမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးညွန့်ဦး၊ လယ်ဝေးမြို့နယ်ဦးစီးမှူး ဦးစန်းမျိုးထက်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံပြောင်းစိုက်တောင်သူများ တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ဒေသခံပြောင်းစိုက်တောင်သူများအား မျိုးစေ့ချကိရိယာဖြင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးခြင်းအကြောင်း အသိပညာပေး ရှင်းလင်းပြောကြား၍ စက်ဖြင့် လက်တွေ့စိုက်ပျိုးခဲ့သည်။

အဆိုပါ မျိုးစေ့ချကိရိယာဖြင့် ပြောင်း၊ နေကြာ၊ မြေပဲ၊ ကုလားပဲ သီးနှံများ စိုက်ပျိုးနိုင်ပြီး တိကျမှုရှိခြင်း၊ မျိုးစေ့များ လေလွင့်ပြုန်းတီးမှုသက်သာခြင်း၊ အချိန်ကုန်သက်သာခြင်း၊ သီးနှံများအချိန်မီ စိုက်ပျိုးနိုင်ခြင်း၊ လုပ်သားအင်အားရှားပါးမှုကို ဖြေရှင်းနိုင်ခြင်းတို့ကြောင့် ဒေသခံတောင်သူများအနေဖြင့် မျိုးစေ့ချကိရိယာဖြင့် ငှားရမ်းအသုံးပြုစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလက်ယာဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ကျိုက္ခမီ၌ ပင်လယ်ငါးဖမ်းထွက်မည့်စက်လှေများအား စစ်ဆေး

**သံဖြူဇရပ် ဇူလိုင် ၂**
မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့၌ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်မည့် စက်လှေများအား စစ်ဆေးခြင်းလုပ်ငန်းကို ဇွန် ၃၀ ရက်က ကျိုက္ခမီမြို့ အောင်သုခရပ်ကွက် လှေဆိပ်၌ ဆောင်ရွက်သည်။



မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်နိုင်ဝင်းနှင့် ငါးဖမ်းလှေအသင်းဥက္ကဋ္ဌ ဦးခင်ဝင်းတို့က အောင်သုခရပ်ကွက်ရှိ လှေဆိပ်တွင် ကျိုက္ခမီမြို့မှ ပင်လယ်ရေပြင်သို့ ဇူလိုင် ၁ ရက်မှစတင်၍ ငါးဖမ်းထွက်ကြမည့် စက်လှေ ၆၃ စင်းနှင့် ရေလုပ်သား ၉၇၆ ဦးတို့ကို ထုတ်ပေးထားသည့် လိုင်စင်ရှိ/မရှိ၊ VMSSEAI သံမဏိချိတ်ကြိုးနှင့် စတေကာများ ပျက်ယွင်းမှုမရှိစေရေး၊ အခွန်ပေးသွင်းခြင်း၊ ငါးဖမ်းလိုင်စင်ခွန်ပေးသွင်းခြင်း၊ ဆက်သွယ်ရေးစက်လိုင်းဝင်ကြေးများ ပေးသွင်းခြင်းရှိ/မရှိနှင့် အဆိုပါစက်လှေသို့ လိုက်ပါမည့်လုပ်သားများ မှန်/မမှန် စသည့်အချက်များကို စစ်ဆေးခြင်း ဖြစ်သည်။

ယခင် ငါးရစ်ကျချိန် ငါးများဖမ်းဆီးခြင်းကို တားမြစ်ထားသဖြင့် ကျိုက္ခမီမြို့မှ ပင်လယ်ပြင်သို့ ငါးဖမ်းထွက်ခွာမည့် စက်လှေများသည် ယခု ဇူလိုင် ၁ ရက်မှစ၍ ငါးဖမ်းရက်ပေါင်း ၆၀ ကြာ သွားရောက်ဖမ်းဆီးမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

**အေးအေးသီ**
(ပြန်/ဆက်)

## မန္တလေးတိုင်းဒေသကြီး ခရိုင်ခြောက်ခုတွင် မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးထား




**မန္တလေး ဇူလိုင် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခရိုင်၌ မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧက ၁၉၀၀ ကျော် စိုက်ပျိုးထားပြီးဖြစ်ကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမျိုးစေ့တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မင်းမင်းသွင်က ပြောသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်ခြောက်ခုရှိ မြို့နယ် ၁၄ မြို့နယ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဧက ၂၀၀၀ နှင့် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဧက ၄၀၀ စိုက်ပျိုးရန် လျာထားပြီး မေလအတွင်းမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စိုက်ပျိုးပြီးစီးမှုမှာ ပြင်ဦးလွင်ခရိုင်တွင် ၃၅ ဧက၊ ကျောက်ဆည်ခရိုင်တွင် ဧက ၄၅၀၊ မိတ္ထီလာခရိုင်တွင် ၁၃၅ ဧက၊ မြင်းခြံခရိုင်တွင် ၇၇ ဒသမ ၅ ဧက၊ ညောင်ဦးခရိုင်တွင် ဧက ၅၀၊ ရမည်းသင်းခရိုင်တွင် ဧက ၈၀၀ စုစုပေါင်း ၁၅၄၇ ဒသမ ၅ ဧကနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် စိုက်ပျိုးပြီးစီးမှုမှာ ကျောက်ဆည်ခရိုင်တွင် ဧက ၄၀၀ ဖြစ်သည်။

"မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧကတွေကို ခရိုင် ခြောက်ခရိုင်အတွင်း မြို့နယ် ၁၄ မြို့နယ်မှာ စိုက်ပျိုးနေပါတယ်။ အုပ်စုအနေနဲ့ ၈၆ အုပ်စု၊ တောင်သူပေါင်းအနေနဲ့ ၉၅၀ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ မျိုးတွေကတော့ ဆင်းရွှေကြာ(၂) မျိုးနဲ့ ရေဆင်းစပ်မျိုး (၁)တို့ ဖြစ်ပါတယ်။ လက်ရှိ စိုက်ပျိုးပြီးဧကတွေကတော့ ၁၉၄၇ ဒသမ ၅ ဧက ပြီးနေပါပြီ။ မေလမှာ စောစိုက်တဲ့ မျိုးစေ့ထုတ်ဧကတွေအနေနဲ့ကတော့ ဩဂုတ်လဆန်းမှာ စတင်ရိတ်သိမ်းသွားတော့မှာပါ။ ဌာနအနေနဲ့ ကွင်းဆင်းစစ်ဆေးခြင်းတွေနဲ့ နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးအတွင်း မျိုးကောင်းမျိုးသန့်ရေယာတွေ ကျယ်ပြန့်လာစေရေးအတွက် ဆောင်ရွက်နေပါတယ်"ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

အဆိုပါ မိုးနေကြာမျိုးစေ့ထုတ်စိုက်ဧကများမှ ထွက်ရှိလာသည့်မျိုးများကို ဒေသတွင်း နေကြာစိုက်ပျိုးမည့် တောင်သူများထံ ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ပြီး ပိုလျှံမျိုးစေ့များကို တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်းများလည်း ရှိကြောင်း၊ မိုးနေကြာမျိုးစေ့ထုတ် စိုက်ပျိုးသည့် တောင်သူများအား တစ်ဧကလျှင် ယူရီးယားမြေဩဇာ အိတ်ဝက်နှုန်းကို တိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကျောက်တော်မြို့နယ်၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်တော် ဇူလိုင် ၂**

ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းတစ်ခု၊ ကုန်ထုတ်လမ်းတစ်ခု၊ အခြားလုပ်ငန်းတစ်ခု စုစုပေါင်း လုပ်ငန်းသုံးခုတို့ကို ခွင့်ပြုငွေကျပ် ၁၇၃ ဒသမ ၉၇၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ဇွန် ၂၇ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှ သိရသည်။

အဆိုပါလုပ်ငန်းများနှင့် စပ်လျဉ်းပြီး လုပ်ငန်းတည်နေရာ မှန်ကန်စေရေး သတ်မှတ်ဘဏ္ဍာနှစ်အတွင်း သတ်မှတ်စံချိန်စံညွှန်းများဖြင့် အချိန်မီပြီးစီးစေရန် မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး မြို့နယ် ကျေးလက်ဦးစီးမှူး ဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူး၊ နည်းပညာ) နှင့် တာဝန်ခံအင်ဂျင်နီယာများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ (ရမ်းဗြဲ)**

## ရန်ကင်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေးအစီအစဉ် ပြုလုပ်

**ရန်ကင်း ဇူလိုင် ၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ မြန်မာနိုင်ငံစာရေးဆရာ အသင်းအဖွဲ့ဝင် စာရေးဆရာမ မြမဥ္ဇူနှင့် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေး (Talk Show) ဆွေးနွေးပွဲကို ဇူလိုင် ၁ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေစင်က မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အသိပညာပေး Talk Show ပြုလုပ်သည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းအဖွဲ့ဝင် စာရေးဆရာမ မြမဥ္ဇူက မြန်မာအမျိုးသမီးများနေ့ ဖြစ်ပေါ်လာပုံ၊ မြန်မာအမျိုးသမီးများ လိုက်နာဆောင်ရွက်ရမည့် ကျင့်ဝတ်စည်းကမ်းများ၊ ယနေ့ခေတ် မြန်မာအမျိုးသမီးများရင်ဆိုင်နေရသည့် အကြမ်းဖက်မှုများ၊ အိမ်ထောင်သည်အမျိုးသမီးများ ရင်ဆိုင်နေရသည့် အိမ်တွင်းအကြမ်းဖက်မှုနှင့် အိမ်ထောင်မကျသေးသည့် မိန်းမပျိုလေးများအပေါ် အကြမ်းဖက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**အိရွှေစင် (ပြန်/ဆက်)**




## မိုင်းဖြတ်မြို့နယ်တွင် ခွေးရူးရောဂါကာကွယ်ရေးအသိပညာပေးပြီး ကာကွယ်ဆေးများ ထိုးနှံပေး

**မိုင်းဖြတ် ဇူလိုင် ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးဌာနတို့ ပူးပေါင်း၍ ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဇူလိုင် ၁ ရက်က ဝမ်ဟွေရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။



မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာထွန်းဇော်ဝင်းက ခွေးရူးရောဂါဖြစ်တတ်သည့် လက္ခဏာများ၊ ခွေးရူးရောဂါအကြောင်း သိကောင်းစရာများ၊ ခွေးများတွင် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းသည် လူ့အသက်များစွာကို ကယ်တင်နေခြင်းဖြစ်ကြောင်း၊ ခွေးမွေးမြူသူများ သိရှိလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ ပြစ်မှုပြစ်ဒဏ်ဆိုင်ရာများကို ရှင်းလင်းဆွေးနွေး၍ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းအေးမင်းက အိမ်မွေးခွေးများကို ခြံလှောင်စနစ်ဖြင့် စနစ်တကျမွေးမြူရေး၊ မွေးမြူမည့်ခွေးကောင်ရေစာရင်း ပြုစုသတင်းပေးပို့ကြရန်နှင့် ခွေးရူးရောဂါကာကွယ်ဆေးများ ထိုးနှံထားရှိကြရန် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများကို အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး ဝမ်ဟွေရပ်ကွက်အတွင်းရှိ ခွေးမွေးမြူထားရှိသူများ စာရင်းကောက်ခံ၍ ခွေးရူးရောဂါကာကွယ် ဆေးထိုးနှံပေးခဲ့ရာတွင် အိမ်ထောင်စု ၁၀ စုရှိ ခွေးကောင်းရေ ၁၂ ကောင်ကို ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍ ရပ်ကွက်အလိုက် အသိပညာပေးခြင်းနှင့် ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရှောလမွန် (မိုင်းဖြတ်)**

## ဟိုပန်မြို့နယ်၌ ပဲသီးအစား ပြောင်းဖူးသီးနှံ အစားထိုးစိုက်ပျိုး၍ စီးပွားရေး အဆင်ပြေလျက်ရှိ

**ဟိုပန် ဇူလိုင် ၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် တိုင်ထောင်ပဲသီး သီးနှံအစား ပြောင်းဖူးများအများအပြား အစားထိုးစိုက်ပျိုးခဲ့မှုကြောင့် ဒေသခံတောင်သူများ စီးပွားရေး အဆင်ပြေလာကြောင်း သိရသည်။

ဟိုပန်မြို့နယ်အတွင်းတွင် ယခင်နှစ်များက တိုင်ထောင် ပဲသီးများကို ဦးစားပေးစိုက်ပျိုးခဲ့ရာ ထွက်ရှိလာသည့် ပဲသီးများကို ချင်းရွှေဟော်နယ်စပ်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချခဲ့သည်။ ပြီးခဲ့သည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် တရုတ်ဘက်မှ အဝယ်မရှိဖြစ်ခဲ့၍ တောင်သူများ အရှုံးပေါ်ခဲ့သောကြောင့် ယခုနှစ်တွင် တိုင်ထောင်ပဲသီးအစား ပြောင်းဖူးသီးနှံများကို အစားထိုးစိုက်ပျိုးခဲ့ကြခြင်းဖြစ်ကာ လတ်တလောတွင် ပြောင်းဖူးသီးနှံများက ဈေးကောင်းရရှိ၍ တောင်သူများအနေဖြင့် စီးပွားရေးအဆင်ပြေလာခြင်းဖြစ်ကြောင်း မော်ဟွေ့ကျေးရွာမှ ပြောင်းဖူးစိုက် တောင်သူတစ်ဦးက ပြောသည်။

ပြောင်းဖူးသီးနှံ စိုက်ပျိုးကာလမှာ လေးလကြာမြင့်ကာ အစေ့ထုတ်ပြောင်း(ရှမ်းပြောင်း) နှင့် ဖူးစားပြောင်း (သကြားပြောင်း) နှစ်မျိုးစိုက်ပျိုးနိုင်သည်။ ပြောင်းဖူးများကို ဟိုပန်၊ ချင်းရွှေဟော်မှတစ်ဆင့် တရုတ်ဘက်သို့ တင်ပို့လျက်ရှိပြီး ပြောင်းဖူးအစိမ်း တစ်ဖူးလျှင် ကျပ်ငါးရာနှင့် ပြောင်းဖူးအခြောက် တစ်ပိဿာလျှင် ကျပ်တစ်ထောင် ခန့်ရရှိကြောင်း၊ ဟိုပန်မြို့နယ်တွင် မန်မိုင်ရပ်ကွက်၊ နမ့်လျန်ရပ်ကွက်၊ မော်ဟွေ့ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် တိုင်ထောင်ပဲသီးအစား ပြောင်းဖူးသီးနှံများကို ယခင်နှစ်ထက် ယခုနှစ်တွင် အများအပြား စိုက်ပျိုးလျက်ရှိကာ အစေ့ထုတ်ပြောင်း ဧက ၄၀၀ နှင့် ဖူးစားပြောင်းဧက ၁၀၀ ခန့် စိုက်ပျိုးထားကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## တန့်ယန်းမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေး

**တန့်ယန်း ဇူလိုင် ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးအမ်ဇော်နော်နှင့် ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် အသက် ၁၀ နှစ်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁ ရက်က ပြုလုပ်ပေးသည်။

ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ပေးနေမှုကို နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်သူဝင်း၊ တန့်ယန်းခရိုင်ဦးစီးမှူး ဒေါ်ရွှေအိ (ဒုတိယညွှန်ကြားရေးမှူး)၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဦးသိန်းထွန်းဦးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တန့်ယန်းမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဆောင်ရွက်ပေးကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းခမ်းမန်နှင့် ဆရာ ဆရာမများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# ထီလာမောင်ဖလား အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဇူလိုင် ၂

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ ထီလာမောင်ဖလား အလွတ်တန်းဖိတ်ခေါ် အမျိုးသားဘောလုံးပြိုင်ပွဲကို ယနေ့ ညနေပိုင်းက မိတ္ထီလာခရိုင် အားကစားကွင်း၌ ကျင်းပရာ မိတ္ထီလာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဘောလုံးပြိုင်ပွဲဝင် အသင်းတို့မှ အုပ်ချုပ်သူနည်းပြများ၊ ဘောလုံးသမားများ၊ မြို့နယ်မှ ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်အားပေးကြသည်။



ရှေးဦးစွာ အုပ်စု (က) မှ အုတ်ကျင်းအသင်းနှင့် တောဂေါ်လီအသင်းတို့ ပွဲဦးထွက် ပွဲစဉ်ယှဉ်ပြိုင်ကစားကြရာ တောဂေါ်လီအသင်းက ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

အဆိုပါ ထီလာမောင်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ တိုင်းဒေသကြီးအတွင်းမှ ပြိုင်ပွဲဝင် ဘောလုံးအသင်း ၁၅ သင်းတို့က ပထမအဆင့်အုပ်စု ပတ်လည်အဖြစ် (က) အုပ်စုတွင် ရတနာ(A) အသင်း၊ အုတ်ကျင်းအသင်း၊ တောဂေါ်လီအသင်း၊ အုပ်စု (ခ) တွင် မြို့သစ်အသင်း၊ United Family အသင်း၊ မျိုးကြီး(fc)အသင်း၊ (ဂ) အုပ်စုတွင် သဖန်းအသင်း၊ ရွှေဆည်အသင်းနှင့် ဝန်ဇင်းအသင်း၊ အုပ်စု (ဃ) တွင် မကျီးချောက်အသင်း၊ အောင်ဇေယျအသင်းနှင့် ရွှေလွန်းပျံအသင်း၊ အုပ်စု (င) တွင် ရတနာ(B)အသင်း၊ ဇီးကုန်းအသင်းနှင့် Golden Brother အသင်းတို့သည် အုပ်စုတစ်အုပ်စုတွင် သုံးသင်းစီ အသီးသီး ပါဝင်ကြပြီး ဩဂုတ် ၇ ရက်အထိ မိတ္ထီလာခရိုင် အားကစားကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်ကြောင်း သိရသည်။

**တင်မောင်-မန်း**

# MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက်အသင်း ပထမဆုံးနိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၂

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂) ပထမနေ့အဖြစ် ဟံသာဝတီနှင့် မဟာယူနိုက်တက်အသင်းတို့ ယနေ့တွင် သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ မဟာယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဟံသာဝတီအသင်း အတွက် မထင်မှတ်သည့် ရှုံးပွဲဖြစ်ခဲ့ပြီး မဟာယူနိုက်တက် အသင်းအတွက် အဖိုးတန်နိုင်ပွဲ ဖြစ်ခဲ့သည်။ ရာသီအစ ပထမဆုံးပွဲတွင် ဂိုးပြတ်အရေးနိမ့်ထားသည့် မဟာယူနိုက်တက်အသင်းသည် အမှားနည်းအောင် ကစားနိုင်ခဲ့ပြီး ရရှိသည့် အခွင့်အရေး အသုံးချနိုင်ခဲ့ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ပထမပွဲတွင် ရောဝတီကို အနိုင်ရခဲ့သော်လည်း ယခုပွဲတွင် အဆုံးသတ်အားနည်းမှုကြောင့် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။



ပွဲချိန်ပြည့် ကစားခဲ့သည့် ခြေစွမ်းအရ နှစ်သင်းစလုံး ကွာခြားမှုမရှိသော်လည်း ဟံသာဝတီအသင်းက ဂိုးသွင်းခွင့်ဖန်တီးနိုင်မှု၌ အသာရခဲ့သည်။ ဒုတိယပိုင်းအစတွင် မဟာယူနိုက်တက်အသင်း အနိုင်ဂိုးရခဲ့ပြီး မျိုးမင်းဖြိုးနှင့် စိုးမင်းနိုင် တွဲလုံးမှ မျိုးမင်းဖြိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ဟံသာဝတီအသင်းအနေဖြင့် ချေပဂိုးရနိုင်သည့် အခွင့်အရေး ငါးကြိမ်ထက်မနည်းရသော်လည်း အသုံးမချနိုင်သဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ပွဲစဉ် (၂) ဒုတိယနေ့ကို ဇူလိုင် ၃ ရက် (ယနေ့) ညနေ ၃ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရောဝတီအသင်းနှင့် ရခိုင်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ - MNL**

❈ *ကျောဖုံးမှ*

အဆိုပါ အင်ဒိုနီးရှားနိုင်ငံမှ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့ချုပ် (Myanmar Paralympic Sports Federation ) မှ ပြေးခုန်ပစ်၊ မြားပစ်၊ Goalball၊ ရေကူး၊ ဘောလုံး၊ ထိုင်လျက်ဘော်လီဘော၊ အလေးမ စသည့် အားကစားနည်း ခုနစ်မျိုး ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"လက်ရှိလေ့ကျင့်ရေးစခန်းမှာ ၂၀၂၁ နိုဝင်ဘာလကနေစပြီး လက်ရွေးစင်ကစားသမားတွေကို ခေါ်ယူပြီး အားကစားတွေကို ပြန်စတယ်။ ပြိုင်ပွဲကလည်း တော်တော်နီးကပ်နေပြီဆိုတော့ သွားရောက်ယှဉ်ပြိုင်ဖို့ ပြင်ဆင်ထားပါတယ်။ ဘော်လီဘောဆိုရင် (၁၀) ကြိမ်မြောက်က ၂၀၁၉ ဖိလစ်ပိုင်မှာ ကိုဗစ်နဲ့ ပျက်သွားခဲ့တယ်။ ဘော်လီဘောအသင်းက ရွှေနှစ်ကြိမ်ရထားတယ်။ အခု တစ်ကြိမ်ရရင် သုံးကြိမ်မြောက် ဆက်တိုက်ဖြစ်ပါတယ်။ ဘော်လီဘောအနေနဲ့က ဆုတံဆိပ် တစ်ခုကျိန်းသေဝင်မှာပါ။ ရွှေကို အဓိကရအောင် ကျွန်တော်တို့ ပြင်ဆင်ထားပါတယ်။ သုံးကြိမ်ဆက်တိုက်ဆိုတဲ့ ဂုဏ်ကို လိုချင်ပါတယ်။ အဲဒါကြောင့် တော်တော်လေး အားထည့် လုပ်ဆောင်နေကြပါတယ်။ အားကစား ခုနစ်မျိုးကို၊ ရွှေတံဆိပ် ၁၀ ခုကျော် မှန်းထားပါတယ်" ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့် ကပြောသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့မှ အုပ်ချုပ်/နည်းပြ ၂၄ ဦး၊ အားကစားသမား ၆၉ ဦးအနေဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၅ ရက်နှင့် ၂၆ ရက်တွင် ပြိုင်ပွဲယှဉ်ပြိုင်ရမည့် အင်ဒိုနီးရှားနိုင်ငံသို့ စတင်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် မြန်မာအားကစားအဖွဲ့များအနေဖြင့် ပြိုင်ပွဲကို ကြိုတင်ပြင်ဆင်မှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) ရှိ မြန်မာနိုင်ငံမသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၊ မသန်စွမ်းသူများ အားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားသမား စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အင်ဒိုနီးရှားနိုင်ငံက အားကစားနည်း ၁၄ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အရှေ့တောင် အာရှနိုင်ငံများအာလုံး ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဆီးဂိမ်း အိမ်ရှင် ဗီယက်နမ်နိုင်ငံမှ လက်ခံကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ် -၁၉ ကပ်ရောဂါ အခြေအနေကြောင့် ဖျက်သိမ်းခဲ့ရာ အင်ဒိုနီးရှားနိုင်ငံမှ အစားထိုး လက်ခံကျင်းပခြင်းဖြစ်သည်။

**အာကာစိုး**

# အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်နိုင်ပွဲရရှိ

ရန်ကုန် ဇူလိုင် ၂

၂၀၂၂ အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုပထမနေ့ကို ဇူလိုင် ၂ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာအသင်းက ဘရူနိုင်းအသင်းကို ခုနစ်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်နိုင်ပွဲရယူနိုင်ခဲ့ပြီး ဘရူနိုင်းကို ခုနစ်ဂိုးအထိ သွင်းယူခဲ့ခြင်းဖြစ်သည်။ အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းအတွက် ပွဲတိုင်းအရေးပါနေပြီး ခြေစွမ်းနိမ့်သည့်အသင်းများနှင့် တွေ့ဆုံရာတွင် အနိုင်သုံးမှတ်အပြင် ဂိုးများများပါ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်း၏ ပွဲထွက်လူစာရင်းတွင် ဟိန်းထက်စိုး (ဂိုး)၊ မျိုးမင်းဟိန်း၊ လန်းဆန်းအောင်၊ လင်းလင်းထွန်း၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ချစ်အေး၊ မိုးဆွေ၊ လမင်းထွေး၊ ထွန်းထွန်းသိန်း၊ ဥက္ကာနိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် ပွဲအစပိုင်းတွင် ဂိုးရရန် ရုန်းကန်ခဲ့ရသော်လည်း ၂၇ မိနစ်တွင် မိုးဆွေ၏ အဖွင့်ဂိုးရရှိပြီးနောက်ပိုင်း ဂိုးများဆက်တိုက်ရရှိခဲ့ခြင်းဖြစ်သည်။ ၂၉ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၃၈ မိနစ်တွင် လမင်းထွေးတို့က ဂိုးများထပ်မံသွင်းယူခဲ့သဖြင့် ပထမပိုင်းအပြီးတွင် မြန်မာအသင်းက သုံးဂိုးပြတ်အနိုင်ရရှိနေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းက ပွဲကိုထိန်းချုပ်နိုင်ခဲ့ပြီး ၆၈ မိနစ်တွင် ချစ်အေး၊ ၇၄ မိနစ်တွင် သာယာဝင်းထက်၊ ၇၈ မိနစ်တွင် အာကာကျော်နှင့် ၈၅ မိနစ်တွင် သိန်းဇော်သီဟတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဇူလိုင် ၄ ရက်တွင် ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - AFF**



# တိုက်စစ်ကစားသမား ဆာလာ လီဗာပူးအသင်း၌ သက်တမ်းတိုးစာချုပ်ချုပ်ဆို

တိုက်စစ်ကစားသမား ဆာလာသည် လီဗာပူးအသင်း၌ သုံးနှစ်သက်တမ်းတိုးစာချုပ်တစ်ရပ်ကို ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၀ အရွယ် ဆာလာသည် အဆိုပါသက်တမ်းတိုးစာချုပ်တွင် တစ်ပတ်လုပ်ခ ပေါင် ၃၅၀၀၀၀ ရရှိမည်ဖြစ်သောကြောင့် အသင်းသမိုင်းတစ်လျှောက် လုပ်ခလစာ အများဆုံးပေးချေရသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်သည်။

အီဂျစ်တိုက်စစ်ကစားသမား ဆာလာသည် ယခင်ချုပ်ဆိုထားသောစာချုပ်သက်တမ်းတွင် တစ်နှစ်ကျန်ရှိ နေသေးသော်လည်း အန်းဖီးလ်တွင်မှ ထွက်ခွာရန် ကောလာဟလသတင်းများ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေသည့်အတွက် လီဗာပူးအသင်းအနေဖြင့် ထိုကဲ့သို့ သက်တမ်းတိုး စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။ ၎င်း၏ အသင်းဖော်မာနေးသည် ပြီးခဲ့သည့် သီတင်းပတ်က ဂျာမန်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းထံသို့ ပြောင်းရွှေ့သွားပြီဖြစ်သည်။ သို့သော်လည်း လီဗာပူးအသင်းသည် အစားထိုးခေါ်ယူမှုအဖြစ် ဘင်ဖီကာအသင်းမှ ဥရုဂွေးတိုက်စစ်ကစားသမား နူနက်ဇ်ကို ကနဦးပြောင်းရွှေ့ကြေး ပေါင် ၆၄ သန်းဖြင့် ခေါ်ယူထားသည်။

ဆာလာသည် စီးရီးအေကလပ် ရိုးမားအသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၂၅၄ ပွဲ ပါဝင်ကစားထားပြီး ၁၅၆ ဂိုး သွင်းယူပေးထားသည်။

**အောင်ဇော်**

## ဖခင်အမည်မှန်

မူဆယ်မြို့၊ အထက-၃(A)မှ စိုင်းခွန်ဆိုင်ဖ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဖွေး ၁၃/မဆတ(နိုင်)၀၄၆၈၃၉ ဖြစ်ပါကြောင်း။

**ဦးအောင်ဖွေး**

## အမည်ပြောင်း

ပဲခူးမြို့နယ်၊ အင်းတကော်မြို့နေ ဦးယဉ်မင်းသိုက် ၇/ကဝန(နိုင်) ၁၁၁၁၄၆ ၏သား မောင်ကောင်းသုတဉာဏ်အား ယနေ့မှစ၍ မောင်ကောင်းသုတ ဟု ပြောင်းလဲခေါ်ပါရန်။

**ကောင်းသုတ**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/3738, Hyundai City Bus ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1B/5623, Nissan Diesel CD4CV လောဂျင်ထရပ် (6x2)R ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွှာသာကြီး)**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/4418, KIA CARNIVAL Mini Bus ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 75W/35145 ယာဉ်လက်ဝယ်ရှိသူ ဦးသူရကျော် ၁၂/သဃက(နိုင်)၁၅၂၃၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးစွမ်းပြည့်ထက် ၁၄/ညတန(နိုင်)၁၅၉၂၁၉ (CDC-101732)သည် Sea Time Check (Sea Service) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၂၆၅၅၈၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6H/7447. Suzuki Chevrolet , H/B ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်သန်း ၉/ပမန(နိုင်)၁၂၅၉၂၆ က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6B/2011 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

### ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5L/4816 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/10151 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော်ဝင်း ၁၄/ညတန(နိုင်)၁၂၄၆၁၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## ဒေါ်ရီရီမြင့်နှင့်အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ၇၇x၇၈လမ်းကြား၊ ၃၆လမ်း၊ အမှတ်(၁၃၁)နေ ဒေါ်ကြည်ကြည်စိန် ၉/မမန(နိုင်)၀၃၆၅၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၈၁/ယ)၊ ကွင်းအမည် -ရေငယ်အရှေ့၊ ဦးပိုင်အမှတ် ၃၂၊ မြေဧရိယာ (၄.၃၇)ဧကရှိ မြေအား ကျွန်ုပ်၏မိတ်ဆွေက လယ်ယာမြေလွှဲပြောင်း သီးစားချထားခြင်းခံရသူ ဦးမြင့်သူထံမှတဆင့် လက်ရောက်လွှဲပြောင်းရယူ၍ လက်ရှိထားခဲ့ပါသည်။ သို့ရာတွင် အဆိုပါမြေအား ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ အကွက်အမှတ်-ပြင်၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၄.၆၆)ဧကဟူ၍ ဒေါ်ရီရီမြင့်က လယ်ယာမြေပုံစံ(၇)နှင့်မြေစာရင်း၊ မြေပုံအား လိမ်လည်ထုတ်ယူထားပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် လွှဲပြောင်းရယူ၍ ဝယ်ယူစဉ်ကတည်းက ယနေ့အချိန်ထိ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချပေးခဲ့ခြင်း တစ်စုံတစ်ရာမရှိခဲ့ပါကြောင်း၊ ကျွန်ုပ်မိတ်ဆွေ ဝယ်ယူပိုင်ဆိုင်လက်ရှိထားသော မြေနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ စာဖြင့် သဘောတူညီချက်တစ်စုံတစ်ရာမရှိဘဲ အဆိုပါလယ်ယာမြေအပေါ် ကွက်စိပ်ထိုးရောင်းဝယ်ခြင်းများ ပြုလုပ်ခြင်း၊ အထူးကိုယ်စားလှယ် လွှဲစာများပြုလုပ်ခြင်းများသည် ဥပဒေနှင့်ညီညွတ်မှုမရှိပါကြောင်း၊ ကွက်စိပ်ထိုးလွှဲပြောင်းရောင်းချဝယ်ယူသူများ၏ တာဝန်သာဖြစ်ကြောင်း၊ ဒေါ်ရီရီမြင့်နှင့် သက်ဆိုင်သူများအပေါ်တွင် တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ကျွန်ုပ် မိတ်ဆွေ၏ ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်ကြည်ကြည်စိန်**
**၉/မမန(နိုင်)၀၃၆၅၆၉**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးသူဇာလင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**"ဖြိုး"အမှုလိုက်နှင့် ဥပဒေအတိုင်ပင်ခံရုံး**
**အခန်းအမှတ်(၁၃)၊ မြေတိုင်းတန်း၊ ဗိုလ်ချုပ်လမ်း၊ ရပ်ကွက်ကြီး(၆)၊**
**ပြင်ဦးလွင်မြို့ ဖုန်း-၀၉-၄၄၉၉၀၀၁၅၅၊ ၀၉-၇၉၅၃၆၁၉၂၆**

# လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၆၆၅) ပထမထပ်၊ သမိုင်း (၇)လမ်းနေ ဦးလှသိန်းမောင်၏သားဖြစ်သူ ဦးပြည့်ဖြိုးကျော် ၁၂/ခရန(နိုင်)၁၁၆၆၁၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၆၆၅)၊ ပထမထပ်၊ သမိုင်း (၇)လမ်းနေ ဦးလှသိန်းမောင်၏သားဖြစ်သူ ဦးပြည့်ဖြိုးကျော် ၁၂/ခရန(နိုင်)၁၁၆၆၁၃နှင့် အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အမှတ် (၅၇/၅)၊ အောက်မင်္ဂလာဒုံ (၂)လမ်းနေ ဦးမောင်မြင့်၏သမီးဖြစ်သူ ဒေါ်မြင့်မြင့်ဝင်း ၁၂/အစန(နိုင်)၀၆၈၃၁၆တို့သည် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၀၅/၂၀၂၂)အမှု၏ ၁၃-၆-၂၀၂၂ရက် စီရင်ချက်နှင့် ဒီကရီအရ လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အဆိုပါအမှုတွင် ဦးပြည့်ဖြိုးကျော်သည် ဒေါ်မြင့်မြင့်ဝင်းအပေါ် လင်မယားကွာရှင်းပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှုဖြင့် စတင်တရားစွဲဆိုခဲ့ရာ ဒေါ်မြင့်မြင့်ဝင်းမှလည်း တရားရုံးသို့လာရောက်ရင်ဆိုင်ကာ လင်မယားနှစ်ဦးသဘောတူကွာရှင်းပေးမည်ဖြစ်ကြောင်း သဘောတူညီခဲ့ပါသည်။ ထို့အပြင် လင်မယားနှစ်ဦးပိုင်လက်ထပ်ပွားပစ္စည်းများနှင့်စပ်လျဉ်း၍ ပစ္စည်းများအားလုံးကို ဒေါ်မြင့်မြင့်ဝင်းသို့ အပြီးအပိုင်ပေးအပ်မည်ဖြစ်ကြောင်း ဦးပြည့်ဖြိုးကျော်မှ သဘောတူညီခဲ့ပါသည်။ သားဖြစ်သူ မောင်ဇေယျထက်နှင့်ပတ်သက်၍လည်း ဒေါ်မြင့်မြင့်ဝင်းဘက်မှ တစ်သက်တာထောက်ပံ့ကျွေးမွေးအုပ်ထိန်းသွားရန်နှင့် ကလေးနှင့်စပ်လျဉ်း၍ ကလေးစရိတ်များ တရားစွဲဆိုတောင်းခံခြင်းပြုမည်မဟုတ်ကြောင်း၊ ဒေါ်မြင့်မြင့်ဝင်းကိုယ်တိုင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုးပြီးဖြစ်၍ လင်မယားကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအားလုံး အပြီးအပြတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးပြည့်ဖြိုးကျော်**
**၁၂/ခရန(နိုင်)၁၁၆၆၁၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၀၁)**
**အမှတ် (၃၀)၊ ၆၈လမ်း၊ ၃၀x၃၁ လမ်းကြား၊**
**ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၇၀

| | | |
|---|---|---|
| ဒေါ်ဇင်မာမြင့် | **နှင့်** | ဦးဆန်းအောင် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၈၈-၁၁/၁၀)၊ ထွန်းတုံးရပ်ကွက်နေ ဦးလှငွေ၏သား ဖြစ်သူ ဦးဆန်းအောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ဇင်မာမြင့်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် (ယခင် ပုသိမ်ကြီးမြို့နယ်)၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၁)၊ ဦးပိုင်အမှတ်၁၀၊ ဧရိယာ ၀ဒသမ ၀၅၅၁ ဧက အကျယ်အဝန်းရှိ မြေကွက် ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးဆွေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

အေးသာယာမြို့၊ အကွက်အမှတ်နှင့် အမည် ၈၀-က/အင်တောကျယ် တောင်ရပ်၊ ဦးပိုင်အမှတ် ၁၄၄(ဃ)၊ ဧရိယာ ၀ဒသမ ၀၅၅ ဧကရှိ ဦးကျော်တိုး အမည်ပေါက် မြေပေးမိန့် အမှတ် (၃၃၈) သည် ပျောက်ဆုံးသွားပါသည်။ ဦးကျော်တိုးမှာ ၁၉-၇-၂၀၂၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏ ဇနီး ဒေါ်ရီရီစိုး ၁၃/တကန(နိုင်)၀၄၈၈၃၆ အမည်ဖြင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက အထောက်အထား စုံလင်စွာဖြင့် ငါးရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ရီရီစိုး**
**ဖုန်း-၀၉- ၅၂၂၈၄၆၉**

## မိဘအမည်မှန်

ရွှာင်မြို့နယ်၊ မြောက်လက်ကုန်းကျေးရွာ၊ အမကGrade- 6မှ မမိုးယုစံ ၏ မိဘ အမည်မှန်မှာ ဦးမိုးဆန်း ၁၃/ရငန(နိုင်) ၀၃၇၇၆၇ နှင့် ဒေါ်မိမိုး ၁၃/ရငန(နိုင်)၀၃၇၈၁၈ တို့ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရွှာင်မြို့နယ်၊ မြောက်လက်ကုန်းကျေးရွာ၊ အမက Grade-3 မှ မအိမ့်ဖူးငုံ၏ ဖခင်အမည်မှန်မှာ ဦးဇော်ထွေး ၁၃/ရငန(နိုင်)၀၅၇၁၇၆ ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခွန်အုံးမောင် ၁၃/တကန(နိုင်)၂၆၄၄၅၉ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း- ၀၉-၈၉၄၇၀၄၂၉၀**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊အကွက်အမှတ်နှင့်အမည်(၆၇၉၊ လေ့ကူးကွေ့ကြီး)၊ဦးပိုင်အမှတ်(၁-က)၊ဧရိယာ ၀ ဒသမ ၃၅ ဧကရှိမြေအား အမှုတွဲအမှတ် ၅၄/၁၉၉၂-၁၉၉၃ အရ(၁၉-၄-၁၉၉၃)မှ (၁၈-၄-၂၀၂၃)အထိ ဒေါ်ရည်မွန်ထွန်းကြည် အမည်ဖြင့် နှစ်(၃၀)မြေငှား ဂရန်ရရှိထားသော ဝင်းမြေအား ဒေါ်ရည်မွန်ထွန်းကြည်အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက် မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

မုံရွာမြို့၊ ရုံးကြီးရပ်ကွက်၊အကွက်အမှတ်နှင့်အမည်(၆၇၉၊ လေ့ကူးကွေ့ကြီး)၊ဦးပိုင်အမှတ် (၄၅-င)၊ဧရိယာ ၀ ဒသမ ၂၄၀ ဧကရှိမြေအား အမှုတွဲအမှတ် ၃၀၆ V ၂၀၀၄-၂၀၀၅ အရ (၂-၁၁-၂၀၀၄ မှ ၁-၁၁-၂၀၃၄)အထိ ဦးဗိုလ်ကြီး-ဒေါ်စန်းမြင့် အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသောမြေအား မုံရွာမြို့၊ ရုံးကြီးရပ်ကွက်နေ ဒေါ်ချိုချိုစန်းမှ မြေငှားစာချုပ်(အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တာမွေမြို့နယ်၊ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်အမှတ် (၄)၊ တိုက် ကိုမျက်နှာမူလျှင် (ဝဲ)၊ (၂)ခန်းတွဲ RC (၆)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ် (၂)လွှာ၊ ဧရိယာ ၅၄၀ဒသမ၅ စတုရန်းပေရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးဝင်းနိုင်ဦး ၁၂/သဃက(နိုင်)၀၉၈၅၂၆ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးထွန်းမြင့်အောင် ၁၂/ဥကမ(နိုင်)၂၂၃၂၇၉၊ ဒေါ်ချိုဇင်ဝင်း ၁၀/ရမန(နိုင်)၁၈၁၇၅၆တို့က အပြီးအပြတ်ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့် တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းမြင့်အောင်၊ ဒေါ်ချိုဇင်ဝင်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ အထက်တန်းရှေ့နေ(စဉ်-၄၇၆၂၂)**
**အမှတ် (၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်အိမ်ရာ၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၇၁

| | | |
|---|---|---|
| ဒေါ်လီလီခိုင် | **နှင့်** | ဦးစိန်လှ |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ (၈၈-၆/၇၄)၊ ထွန်းတုံးရပ်ကွက်နေ ဦးဘကျင်၏သားဖြစ်သူ ဦးစိန်လှ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်လီလီခိုင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈၈-၆)၊ ဦးပိုင်အမှတ် -၇၄၊ ဧရိယာ ၀ဒသမ၀၅၅၁ ဧကအကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၈၄ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဌေးဌေးဆွေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အောင်သုခရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၆၈)၊ မြေကွက်အကျယ် ၀ဒသမ၀၁၉ဧကရှိ ပျဉ်ကာသွပ်မိုးနှစ်ထပ်အိမ်တစ်လုံးပါ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်သူ ဒေါ်ဟာလီမာ ၆/ကသန(နိုင်)၀၃၃၃၉၂ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့ကြော်ငြာထည့်သွင်းသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလွှမ်းအောင်ထွေး**
**အထက်တန်းရှေ့နေ (စဉ်-၅၈၂၆၈)**
**အမှတ် (၂၈၈)၊ အောင်ရတနာလမ်း၊ ပုလုံးတုံတုံးကျေးရွာ၊ ကော့သောင်းမြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ မြိတ်တက္ကသိုလ်မှ စတုတ္ထနှစ်(ပထဝီ)ဖြင့် ဖြေဆိုအောင်မြင်ခဲ့သော မအေးသန္တာထွန်း၏ဖခင် ဦးထွန်းဦးနှင့် ဦးကြူသင်း ၆/မအန(နိုင်)၀၀၀၄၁၁မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွန်းဦး(ခ)ဦးကြူသင်း**

## ဖခင်အမည်မှန်

ဗန်းမော်မြို့နယ်၊ သဖန်းပင်အလက အဌမတန်းမှ မစုစုမွန်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၇/တငန(နိုင်)၁၁၉၈၈၇ ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်**

## ဖခင်အမည်မှန်

ဗန်းမော်မြို့နယ်၊ သဖန်းပင်အလက Grade-5 မှ မယုယုမွန်၏ ဖခင်အမည်မှန်မှာ ဦးမျိုးနိုင် ၇/တငန(နိုင်)၁၁၉၈၈၇ ဖြစ်ပါကြောင်း။

**ဦးမျိုးနိုင်**

## ဖခင်အမည်မှန်

ဗန်းမော်မြို့နယ်၊ သဖန်းပင်အလက Grade-7မှ မပုလဲဖြူ၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော် ၁/ဗမန(နိုင်)၀၅၉၅၉၁ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1L/8096,Toyota Passo KGC 30, H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ခိုင်ထွန်း ၁၀/သဖရ(နိုင်)၀၉၂၈၅၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4P/4518 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းနိုင် ၁၄/ညတန(နိုင်)၁၃၁၃၅၅ က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၉၀၀/က)၊ ဒုတိယထပ်(ခြေရင်း)၊ ၃လွှာ(ဘီ) အခန်းအကျယ်အဝန်း(၁၄ပေx၅၄ပေ)ခန့်ရှိ အခန်းအား လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မေသူသူထွန်း ၁၂/သဃက(နိုင်) ၁၄၆၉၉၀ မှ တာဝန်ယူရောင်းချသောကြောင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက တရားဝင် ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဘူမောင်(LL.B)(စဉ်-၂၂၇၄၇)** | **ဒေါ်ရွှေစင်ဝင်း(စဉ်-၁၆၇၀၅)** |
| **(အထက်တန်းရှေ့နေ)** | **(တရားလွှတ်တော်ရှေ့နေ)** |

**အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ - ၅၁၁၈၀၀၇၊ ၀၉ - ၅၁၈၃၅၆၉၊ ၀၉ - ၂၅၄၂၇၈၃၃၆**

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

( တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ ၂၂ )

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်- ၂၀၀

၂၀၂၁ ခုနှစ် တရားမဇာရီမှုအမှတ်- ၇၂

ဦးအောင်နိုင် နှင့် ၁။ ဦးတင့်ဆန်း
၂။ ဒေါ်ရီရီရှိန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(င-၂)၊ ဦးပိုင်(၃၄-ခ) နေ၁။ ဦးတင့်ဆန်း၊ ၂။ ဒေါ်ရီရီရှိန်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၂၀၀ တွင်ကျရှိသည့် ဒီကရီအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၈ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်ခင်ထွေး)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံး

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၂၅၁

ဒေါ်မို့မို့နှင်းမောင် နှင့် ဦးညိုအေး

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၆၃၈)၊ ကစ္ဆနမဟီရပ်နေ ဦးညိုအေး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၄ ရက်(၁၃၈၄ ခုနှစ်ဝါဆိုလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စောသန်းဦး)**
**ဒုတိယခရိုင်တရားသူကြီး (၈)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌

၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၇၉

ဒေါ်သန်းငွေး နှင့် ဒေါ်ခင်မြသင်း

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ်-၁၀၊ ဦးပိုင်-၃၄၊ ၄၈လမ်း၊ မြတ်လေးလမ်းနှင့် ပိတောက်လမ်းကြား၊ ထွန်တုံးရပ်ကွက်နေ ဦးအေး၏ သမီးဖြစ်သူ ဒေါ်ခင်မြသင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်သန်းငွေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၁၀)၊ ဦးပိုင်အမှတ် (၃၄) ၊ ဧရိယာ ၀ ဒသမ ၀၅၅၁ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၄ရက်၊ (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငွေးငွေးဆွေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပုသိမ်လေးကျေးရွာနေ ကျွန်တော် ဦးငွေးဦး ၉/ပသက(နိုင်)၀၉၈၀၈၂၊ ကျွန်မဒေါ်ဝင်း ၉/ပသက(နိုင်)၀၃၉၁၅၅တို့၏သား မောင်ဘိုအောင်ဆန်းဝင်း ၉/ပသက(နိုင်)၁၀၅၁၂၂သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အသိပေးအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ လုံးဝတာဝန်မယူပါ။

**မိဘ-ဦးငွေးဦး-ဒေါ်ဝင်း**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၂၉

၁။ ဦးကြင်မောင် နှင့် ဒေါ်ရန်ဖန်လန်
၂။ ဒေါ်အုန်းမြင့်

**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၈၀ x ၈၁ လမ်းကြား၊ လမ်း ၂၀၊ အမှတ်(၅၃)နေ ဒေါ်ရန်ဖန်လန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကြင်မောင်နှင့် ဒေါ်အုန်းမြင့်တို့မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၄၃၀/၂၀၁၂)အား ပယ်ဖျက်ကြောင်းနှင့် မန္တလေးခရိုင် တရားရုံး တရားမကြီးမှုအမှတ် (၄၀၈/၂၀၁၂) အမှုရှိ သက်သေခံစာရွက်စာတမ်းမူရင်းများသည် တရားလိုများရထိုက်ကြောင်း မြွက်ဟကြေညာ၍ ထိုစာရွက်စာတမ်းများအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၂၂ ရက်(၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ခန့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( နိုင်လင်း)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မန္တလေးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

( တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မြောင်းမြခရိုင်တရားရုံးတော်

၂၀၂၁ ခုနှစ်၊ တရားမကြီးအမှုအမှတ် - ၃၁

Good Brother's Co., Ltd. နှင့် ၁။ ဦးစိုးလွင်
၎င်းကိုယ်စားတာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဦးထွန်းထွန်း
ဦးမင်းမင်းထိုက်(ကြွေးမြီကောက်ခံရေးအရာရှိ) ၃။ ဦးမျိုးမင်းဦး

**(တရားလို)** **(တရားပြိုင်များ)**

ဝါးခယ်မမြို့နယ်၊ ကံသာကုန်းကျေးရွာအုပ်စု၊ ကံသာကုန်းကျေးရွာနေ (ဘ) ဦးခင်ဝင်း၏သား ဦးမျိုးမင်းဦး (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးမင်းမင်းထိုက်က "တရားပြိုင် ပျက်ကွက်မှုအတွက် အာမခံသူ တရားလိုက စိုက်ထုတ်ပေးဆပ်ရငွေကျပ် (၁၀၂၁၃၂၆၅) နှင့် လျော်ကြေးငွေကျပ် (၄၁၄၀၁၇၄) စုစုပေါင်းငွေကျပ် (၁၄၃၅၃၄၃၈) (တစ်ရာလေးဆယ့်သုံးသိန်းငါးသောင်းသုံးထောင်လေးရာသုံးဆယ်ရှစ်ကျပ်တိတိ) ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၁ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ထို့အပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မွန်မွန်ရည်)**
**ဒုတိယခရိုင်တရားသူကြီး**
**မြောင်းမြခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်73W/79913 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူဒေါ်ဇင်ပိုပိုမင်း ၉/သစန(နိုင်)၁၆၁၆၀၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် (ညည-၆၈)၊ ဦးပိုင်အမှတ်(၅၉)၊ ၅၀ x ၅၁ လမ်း၊ ရတနာနှင့် ကုသိုလ်တော်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးပြေညွန့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၂၇၂၉/၂၀၂၁) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ရွှေရီ ၉/မနတ(နိုင်)၀၂၇၅၀၀ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၃၆/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးထွန်းဇော်ဦး ၉/ခမစ(နိုင်)၀၄၆၃၄၉ က ဂရန်စာချုပ်မူရင်းမှာ လက်ဝယ်တွင်အသိမ်းအဆည်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူ အမည်ပြောင်းလျှောက်ထားရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ ကျောင်းကုန်း(၂၆)ရပ်ကွက်၊ ဦးပိုင်အမှတ်(၃၀၁-က)+ဦးပိုင်အမှတ်(၃၀၁-ခ)၊ ဧရိယာ ၀ ဒသမ ၀၂၇+ ၀ ဒသမ၀၂၇ ဧက အကျယ်အဝန်းရှိ ဦးကျော်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက် အဆောက်အအုံတို့နှင့်တကွ ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်လဲ့လဲ့ဝင်း ၁၂/မဂတ(ပြု)၀၀၀၀၁၆ ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သတ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်သူဇာနွေး (LL.B,D.B.L) (စဉ်- ၁၀၃၉၈)**
**တရားလွှတ်တော်ရှေ့နေ**
**(၂၇)လမ်း၊ (၇၀x ၇၁) လမ်းကြား ၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့**
**ဖုန်း-၀၉-၄၀၂၆၆၃၃၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5F/5220 Suzuki Carry DA63T P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းကျော်သန်း ၉/မနမ(နိုင်)၁၁၁၄၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော် ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ယုဇနလမ်း၊ မြေကွက်အမှတ် (၂၃၀ ၁/၂)၊ မြေပေအကျယ် (၂၀x၆၀)ပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန (မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်ကျင်ရွှေ (AD-၀၀၅၂၆၅)၏အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်မှ တရားဝင် မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်းရှိ မြေပေအကျယ် (၁၀x၆၀) ပေ မြေနှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင်ကို ဂရန်အမည်ပေါက် ဒေါ်ကျင်ရွှေ (AD-၀၀၅၂၆၅) ကွယ်လွန်သွားခဲ့ပြီးဖြစ်သောကြောင့် ၎င်း၏ အမွေဆက်ခံပိုင်ဆိုင်သူ သားသမီးများဖြစ်ကြသော ဦးသန်းထွန်း ၁၄/မမန(နိုင်)၀၇၇၁၄၇၊ ဒေါ်နွဲ့ဝင်း ၁၂/ဥကမ(နိုင်)၂၃၄၅၄၁၊ ဦးမောင်မောင် ၁၂/ဥကမ(နိုင်)၀၉၈၆၄၅၊ ဒေါ်အေးနွဲ့ ၁၂/ဥကမ(နိုင်)၀၄၉၃၉၂၊ ဒေါ်ခင်မာရွှေ ၁၂/ဥကမ(နိုင်)၀၇၅၁၀၇၊ ဦးအောင်ကျော်လင်း ၁၂/ဥကမ(နိုင်)၀၉၇၀၄၄တို့က ယင်းအိမ်ခြံ မြေကွက်နှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းရှင်းပြီး ၎င်းတို့မှ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးစိုးသက် LL.B (စဉ် - ၁၄၇၅၄)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် - ၄၉၂/A ၊ အေးရတနာလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၈၀၂၁၅၅၁၊ ၀၉ - ၇၈၃၅၁၁၂၈၆**

## ဦးထွန်းလင်းမြင့်

## (Tun and New Generation Construction Co.,Ltd)

## နှင့် တကွ အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်တို့မိတ်ဆွေ မြန်မာကိုင်ဒိုကုမ္ပဏီလီမိတက် ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေမြန်မာကိုင်ဒိုကုမ္ပဏီပိုင် Brand New Kobelco Excavator SK 210 HDLC-8 (Chassis No-YQ13-B3148) မြေတူးစက်ယန္တရားကြီးအား ဦးထွန်းလင်းမြင့်မှ အရစ်ကျအငှားဝယ်စနစ်ဖြင့် ဝယ်ယူအသုံးပြုနေစဉ်ကာလအတွင်း ပေးသွင်းရမည့်အရစ်ကျငွေနှင့် နောက်ကျကြေးများကို ပြေကျေအောင်ပေးသွင်းခြင်း မရှိရုံမျှမက စက်ယန္တရားကိုပါပြန်လည်အပ်နှံခြင်းမရှိဘဲ အဆက်အသွယ်ပြုလုပ် မရစေရန် ရှောင်တိမ်းနေခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေများက ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၄၀၁/၂၀၁၉ ဖြင့် တရားစွဲဆိုကာ အနိုင်ဒီကရီရရှိထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါစက်ယန္တရားကြီးနှင့်ပတ်သက်၍ ရောင်းမှားဝယ်မှားမဖြစ်ကြစေရေးအတွက် သတိပြုနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီလာအေး**
**(တရားလွှတ်တော်ရှေ့နေ)**
**(စဉ်-၇၇၂၆/၂၀၁၀)**
**အမှတ်-၁၀၄ ၊ ပထမထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၅၀၇၀၁၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၁)လမ်း၊ အခန်းအမှတ်(၁အေ/၅၀)၊ အမှတ် (၅၀/က)၊ ပထမထပ် တိုက်ခန်းအား ဒေါ်မြတ်အိမွန်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းလွင်ထူးနှင့် ဒေါ်ယဉ်ယဉ်ကြည်တို့မှ ဝယ်ယူရန် စရန်ငွေအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိုးဇာဇာဟန် (LL.B)**
**စဉ်- ၃၂၆၇၉**
**အထက်တန်းရှေ့နေ**
**ဖုန်း-၀၉-၆၉၅၀၅၄၂၄၅**

## ပတ်စ်ပို့ပျောက်

ကျွန်မ မရီမိုးဝင်း ၈/တတက(နိုင်) ၂၃၅၃၈၄၅၏ နိုင်ငံကူးလက်မှတ် အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၁၉၂၉၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဆန်းလင်းအောင် ၈/တတက(နိုင်)၁၆၂၇၅၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၉၅၁၄၆၄**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5A/3995 Nissan Condor 3GH 40/Light Truck(4x2)R ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1K/1497 SUBARU SAMBAR TT P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းပြည့်စုံထွန်း ၉/ပဥလ(နိုင်)၀၆၁၈၈၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/90955 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးလင်းထိန်ဦး ၉/သပက(နိုင်)၀၄၇၉၃၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3P/4641 Mitsubishi Mini CAB U61T Pickup (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်ထွေး ၉/မရမ(နိုင်)၀၆၁၀၂၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၇၆) နေထိုင်သူ မကြွယ်ကြွယ်မြင့် ၉/မရတ(နိုင်)၁၁၆၈၃၃ ရီမွန်ဇယန်း လက်ဖက်ညွန့်နှင့် ပဲနှစ်ပြန်ကြော် ရောင်းဝယ်ရေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏မိတ်ဆွေ မကြွယ်ကြွယ်မြင့် ၉/မရတ(နိုင်)၁၁၆၈၃၃သည် ကိုအောင်မျိုးဝင်း ၉/စကတ(နိုင်)၀၀၀၆၇၈နှင့် ၁၇-၁၂-၂၀၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ မကြွယ်ကြွယ်မြင့်သည် ကိုအောင်မျိုးဝင်းသို့ မရွှေ့မပြောင်းနိုင်သောပစ္စည်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် ငွေကြေးများကို အပြီးအပြတ် ခွဲဝေပေးအပ်ခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ဖြစ်၍ ကိုအောင်မျိုးဝင်းသည် မကြွယ်ကြွယ်မြင့်နှင့် မည်သို့မျှသက်ဆိုင်ခြင်း၊ ပတ်သက်ခြင်းမရှိတော့သည့်အပြင် ရီမွန်ဇယန်းလက်ဖက်ညွန့်နှင့် ပဲနှစ်ပြန်ကြော် ရောင်းဝယ်ရေးလုပ်ငန်းနှင့်လည်း တစ်စုံတစ်ရာ အကျိုးသက်ဆိုင်ခြင်း မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | | |
|---|---|---|---|
| **ဦးမင်းထွဋ်ဝေ** | **ဒေါ်လှိုင်နီလာဝေ** | **ဒေါ်သန္တာထွန်း** | **ဒေါ်သန္တာထွန်း** |
| **(ဥပဒေဘွဲ့)** | **(မဟာဥပဒေဘွဲ့)** | **(မဟာဥပဒေဘွဲ့)** | **(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၇၉၉/၂၀၁၃)** | **(စဉ်-၈၆၄၃/၂၀၁၂)** | **(စဉ်-၁၀၇၈၁/၂၀၁၆)** | **(စဉ်-၁၃၉၁၉/၂၀၁၇)** |

**အမှတ်(၇၉၈)၊ လမ်း ၆၀၊ ၂၇x၂၈ လမ်းကြား၊ ပြည်ကြီးမျက်မှန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၂၉၈၃၊ ၀၉-၂၀၁၂၇၁၀၊ ၀၉-၂၀၃၈၂၀၆၊ ၀၉-၇၆၀၆၄၄၅၄၅**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ်နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | အငယ်တန်းစာရေး (စီမံ) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၇) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| ( ခ ) | အငယ်တန်းစာရေး (ထုတ်လုပ်) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| ( ဂ ) | စာရင်းကိုင် – ၄ (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၃) နေရာ | လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်C.PA(သို့)ဝါဏိဇ္ဇဘွဲ့ B.Com(သို့)ဘွဲ့တစ်ခုခုရရှိပြီး စာရင်းကိုင် ဒီပလိုမာ D.A အောင်ရမည်။ (သို့မဟုတ်) L.C.C.I Level II (London) Chamber of Commerce and Industryမှ ချီးမြှင့်သော အောင်လက်မှတ်ဖြစ်ရမည်။ |
| (ဃ) | ယာဉ်မောင်း – ၄ (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၁) နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိရမည်။ယာဉ်မောင်း လိုင်စင် (င) ရှိရမည်။ |
| ( င ) | ပုံနှိပ်ကျွမ်းကျင် (၄)(နှုန်းတွက်) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၂) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| ( စ ) | စက်မှုကျွမ်းကျင် – ၄ (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၇) နေရာ | အနည်းဆုံးအစိုးရစက်မှုလက်မှု အထက်တန်းကျောင်းအောင်မြင်ပြီးသူဖြစ်ရမည်။ |
| (ဆ) | ပုံနှိပ်ကျွမ်းကျင် – ၄(စာစီ) (၁၈၀၀၀၀ – ၂၀၀၀ – ၁၉၀၀၀၀) | (၈) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု ရရှိပြီးသူဖြစ်ရမည်။ ကွန်ပျူတာအခြေခံကျွမ်းကျင်ရမည်။ |
| ( ဇ ) | ယာဉ်မောင်း – ၅ (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၁) နေရာ | အခြေခံပညာအလယ်တန်း အဆင့်ရှိရမည်။ယာဉ်မောင်း လိုင်စင်(ခ)သက်တမ်း(၂)နှစ် ရှိရမည်။ |
| ( ဈ ) | ပုံနှိပ်ကျွမ်းကျင် – ၅ (စက်) (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၅) နေရာ | အခြေခံပညာအလယ်တန်း အောင်ရမည်။ |
| (ည) | ပုံနှိပ်ကျွမ်းကျင် – ၅ (စာအုပ်ချုပ်) (၁၆၂၀၀၀ – ၂၀၀၀ – ၁၇၂၀၀၀) | (၅) နေရာ | အခြေခံပညာအလယ်တန်း အောင်ရမည်။ |

၂။ လျှောက်ထားသူသည် –

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

( ဂ ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ( ၁ – ၇ – ၂၀၂၂ )ရက်နေ့တွင် အသက် (၂၅)နှစ်ထက်မကြီးရ။ ဝန်ထမ်းဖြစ်ပါက (၃၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။(ယာဉ်မောင်း– ၄ရာထူးအတွက် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက်(၃၅)နှစ်နှင့် ဝန်ထမ်းဖြစ်ပါက အသက်(၄၀) နှစ်ထက်မကြီးသူ ဖြစ်ရမည်။)

(ဃ) အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာကို ကိုယ်ရေးအကျဉ်းနှင့် အောက်ပါအထောက်အထားများ ပူးတွဲလျက် "ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်"ဟု လိပ်စာတပ်၍ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်သို့လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး၊ အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲသို့လည်းကောင်း၊ အမှတ် (၄၈) လမ်း ၊ (၁၀၅) (၁၀၆)ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်ရှိ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံသို့လည်းကောင်း၊ ( ၃၁ – ၇ – ၂၀၂၂ ) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်–

(က) ဘွဲ့လက်မှတ်မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ/ ရာထူးများအလိုက် သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ (လူတွေ့စစ်ဆေးခြင်း ဖြေဆိုသည့်အခါ အောင်လက်မှတ် မူရင်းတင်ပြရန်)။

( ခ ) ဒီပလိုမာအောင်လက်မှတ်များရှိပါကမိတ္တူ။

( ဂ ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓါတ်ပုံ(၃)ပုံ(နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)။

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်းတို့မှ ပြစ်မှု၊ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

( င ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

( စ ) ပြင်ပမှ လျှောက်ထားသူများအတွက် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ။ (ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုသည့်အခါ မူရင်းပြသနိုင်ရမည်။)

(ဆ) (၁) လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

( ဇ ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်မူရင်းနှင့် ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း။

( ဈ ) ယခင်ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏ နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ။

၄။ လျှောက်လွှာပိတ်ရက် ( ၃၁ – ၇ – ၂၀၂၂ ) ရက်နေ့ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၅။ အရည်အချင်းစစ်ရေးဖြေစစ်ဆေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၆။ အပိုဒ်၁၊ (က)( ခ )( ဂ )( င )( စ )(ဆ) ပါ ရာထူးများအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များပါဝင်သော အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား (၂) နာရီမေးခွန်းဖြင့် (၁ –၉ –၂၀၂၂) ရက်နေ့ (နံနက် ၁၀:၃၀ နာရီ) ၌ ဖြေဆိုရမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးမှုနှင့် ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်ပါသည်။

၇။ အပိုဒ်၁၊ (ဃ) (ဇ) ပါ ရာထူးများအတွက် ယာဉ်မောင်းကျွမ်းကျင်မှု စစ်ဆေးခြင်းနှင့် လူတွေ့ စစ်ဆေးခြင်းတို့ကို (၂ – ၉ – ၂၀၂၂)ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)၌ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၈။ အပိုဒ် ၁၊ (ဈ)(ည)ပါ ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းကို (၂–၉–၂၀၂၂)ရက်နေ့ (နံနက် ၁၀:၃၀ နာရီ)၌ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၂၂၈)၊ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၉။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၉ – ၈ – ၂၀၂၂) ရက်နေ့တွင် ရုံးအမှတ် (၇)၊ နေပြည်တော်၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၂၂၈)၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၌လည်းကောင်း၊ ဖြေဆိုမည့်သူကိုယ်တိုင် နိုင်ငံသားစိစစ်ရေး ကတ်ပြားပြသ၍ ရုံးချိန်အတွင်း ထုတ်ယူရပါမည်။

၁၀။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့် အစီအစဉ်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီးအသေးစိတ်သိရှိလိုပါက ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ တယ်လီဖုန်းအမှတ် – ၀၆၇ – ၄၁၂၂၀၃/ ၀၆၇ – ၄၁၂၂၀၅၊ ၀၁ – ၂၅၁၈၉၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန**

# ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု)မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ် အိတ်ဖွင့်တင်ဒါခေါ်ယူရန်အတွက် သက်ဆိုင်ရာ တံတားစီမံကိန်း၏ ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့်တံတားများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါစက်ပစ္စည်း(၂)မျိုး ဝယ်ယူခြင်းအတွက် နိုင်ငံပိုင်မြန်မာ(ကျပ်)ငွေ ဖြင့် တင်ဒါခေါ်ယူလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်–

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| 1 | Automation.Concrete Batching Plant, 35 $m^3$ (Belt Type) | (4)Set | All Country |
| 2 | 150 kVA Generator (Silent Type) | (3)Nos | |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့် ရက်/အချိန်** – ၄–၇–၂၀၂၂ ရက်၊ နံနက်(၁၀:၀၀)နာရီ

၃။ **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့် ရက်/အချိန်** – ၁၅–၇–၂၀၂၂ ရက်၊ ညနေ(၃:၀၀)နာရီအထိ

၄။ **တင်ဒါဖွင့်မည့် ရက်/အချိန်** – ဆက်သွယ်အကြောင်းကြားပါမည်။

၅။ **တင်ဒါဖွင့်မည့် နေရာ** – ရုံးအမှတ်(၁၁)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်–

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

ဖုန်း–၀၉–၅၁၄၇၁၂၉၊ ၀၉–၅၀၀၇၀၅၄၊ ၀၉–၅၀၉၁၄၄၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## (ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီးဌာန၊ တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် လှည်းကူးမြို့၊ လှည်းကူး–ဆားတလင်းလမ်းဘေး ရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း၏ လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါဝယ်ယူရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း ဖွင့်ဖောက်သွားမည် ဖြစ်ပါသည်–

(က) **လျှောက်လွှာစတင် ဝယ်ယူနိုင်သည့်ရက်** – ၆–၇–၂၀၂၂ ရက်

( ခ ) **တင်ဒါ ဖွင့်ဖောက်စိစစ်မည့် ရက်နှင့် အချိန်** – ၂၀–၇–၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ

( ဂ ) **တင်ဒါဖွင့်ဖောက်စိစစ်မည့် နေရာ** – ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရန်ကုန်တိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၆–၇–၂၀၂၂ ရက်မှစတင်၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းဝယ်ယူနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း– ၀၉–၄၀၂၆၈၆၀၅၉၊ ၀၉–၇၈၂၇၅၂၇၇၅၊ ၀၉–၇၈၃၆၆၉၆၆

**တင်ဒါကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့**

# ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၁/မရမ်းကုန်း)၊ ဦးပိုင်အမှတ်(၉၅/ခ)၊ မြေချိန်ရေိယာ(၀ ဒသမ ၀၃၉)ကေနှင့် ဦးပိုင်အမှတ် (၉၅/ဃ) မြေချိန်ရေိယာ(၀ ဒသမ ၀၃၉)ကေရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးသည် ဒေါ်ဌေးဌေးရီ ၁၀/မလမ(နိုင်)၀၃၇၅၈၉ အမည်ပေါက်ပိုင်ဆိုင်ပြီး မော်လမြိုင်မြို့မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်အမှတ်– ၉၈/၂၀၂၂ အရ ဦးဝင်းနိုင်အား ရောင်းချခဲ့၍ ဦးဝင်းနိုင် ၁၀/မလမ(နိုင်)၀၁၉၉၆၉ ၎င်းအမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ အကွက်အမှတ်(၆၈/မောင်ငံ)၊ ဦးပိုင်အမှတ်(၉၉)၊ မြေချိန်ရေိယာ ၀ ဒသမ ၀၇၈ ကေရှိ ဘိုးဘပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးသည် မဆလီနှင့် RMဆူဘန် အမည်ပေါက်ပိုင်ဆိုင်ပြီး အမွေဆိုင်များထံမှ စာချုပ်အမှတ်–၂၈၀/၇၀ အရ ဒေါ်ထားခင်မှ ဝယ်ယူခဲ့ပြီး ဒေါ်ထားခင်၏ အမွေဆိုင်ဖြစ်သူ ဒေါ်လှသွယ်မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် – ၈၃၂ / ၂၀၂၀ အရ ကျမ်းကျိန်ဆိုပြီး မော်လမြိုင်ခရိုင်တရားရုံးတွင် အမွေထိန်းလက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့ရာ (၂၀–၁၂–၂၀၂၁)ရက်စွဲဖြင့် အမွေထိန်းလက်မှတ်စာရရှိပြီး မော်လမြိုင်ခရိုင်တရားရုံး တရားမအထွေထွေမှုအမှတ် ၁/၂၀၂၂ အရ (၁၁–၂–၂၀၂၂)ရက်စွဲပါ ရောင်းချမိန့်ထုတ်ပေးခဲ့၍ ဒေါ်လှသွယ်မှ မော်လမြိုင်မြို့ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အိမ်နှင့် မြေအရောင်းအဝယ်စာချုပ်အမှတ်– ၁၀၃/၂၀၂၂အရ ဦးသန်းအောင်စိုးနှင့် ဒေါ်ဒီလှလှယဉ်(ခ)ညိုညိုသွင် ရောင်းချခဲ့၍ ဦးသန်းအောင်စိုး ၁၃/နဆန(နိုင်)၀၂၂၅၂၂နှင့် ဒေါ်ဒီလှလှယဉ်(ခ)ညိုညိုသွင် ၁၃/နဆန(နိုင်)၀၀၀၇၉၄ ၎င်းအမည်သို့ပြောင်းလဲပေးရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မော်လမြိုင်မြို့ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ရန်မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ဇာနည် (၁၁) လမ်း၊ မြေကွက်အမှတ် ၄၃၂/ခ၊ မြေရှင်ဦးဖုန်းမော်နှင့် ကန်ထရိုက်တာဒေါက်တာလှလှခိုင်တို့ အခန်းပေးအခန်းယူဆောက်လုပ်ထားသော (၆)ထပ်တိုက် တိုက်ခန်းများအနက်မှ (၆)လွှာ (၆)ထပ်၊ အကျယ်အဝန်း(၁၈x၅၄) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ယခုပိုင်ဆိုင်သူ ဦးတေဇသစ်နိုင်နှင့် ဒေါ်ဇာဇာထိုက်၏ တိုက်ခန်းအားမိခင်ဖြစ်သူ ဒေါ်ခင်ထူးထူးရွှေမှ တာဝန်ယူရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မွန်ရည်ဝင်း ၁၂/ဥကတ(နိုင်)၁၃၉၉၇၄ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်မွန်ရည်ဝင်း**
**၁၂/ဥကတ(နိုင်)၁၃၉၉၇၄**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုအောင် (LL.B)**
**(စဉ်– ၁၃၄၉၈/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၉၉၉)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း–၀၉–၇၇၈၉၄၀၂၀၆**

# ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ် – ၉၉
### ကွယ်လွန်သူ ဦးသန်းဆွေ ၏ ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးသန်းဆွေ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ တောင်ကိုင်းကျေးရွာ၊ တောင်ကိုင်းကွင်းအမှတ် (၅၇၄)၊ ဦးပိုင်(၆၁) ဧရိယာ ၀ ဒသမ ၅၈ ကေ အကျယ်အဝန်းရှိ ဥယျာဉ်ခြံ မြေကွက်နှင့် တောင်ကိုင်းကွင်းအမှတ် ၅၇၄(F)၊ ကျားကိုက်အရှေ့၊ ဦးပိုင်အမှတ်(၃၇/၃)၊ ဧရိယာ ၆ ဒသမ ၉၃ကေ အကျယ်အဝန်းရှိ လယ်မြေအနက် တစ်ဝက်ဖြစ်သော ဧရိယာ၃ ဒသမ ၄၆၅ ကေ အကျယ်အဝန်းရှိ မြေများပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်စုနန္ဒာမျိုးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသန်းဆွေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၂ ခုနှစ် ဇူလိုင် ၁၅ ရက် (၁၃၈၄ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်း မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်စုနန္ဒာမျိုး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၂ ခုနှစ် ဇွန် ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မာဦး)**

**ဒုတိယခရိုင်တရားသူကြီး(၁)**

**မန္တလေးခရိုင်တရားရုံး**

# အများသိစေရန် ကြေညာခြင်း

မုံရွာမြို့၊ စက်မှုဇုန်(၁)၊ အဝေးပြေးလမ်းမ၊ အကွက်အမှတ်(၈၄/၉၀)တွင် နေထိုင်သော ဦးမိုးကျော် ၅/မရန (နိုင်)၀၂၄၅၃၁ သည်

(၁) ချန်ပီယံ ဂျုံမှုန့် (၂) ယူရို ဂျုံမှုန့် (၃) အသောက ဂျုံမှုန့်

(၄) ကြိုက် (Like) ဂျုံမှုန့် (၅) ကရဝိတ် ဂျုံမှုန့် (၆) တက်နေဝန်း ဂျုံမှုန့်

(၇) စူပါစတား (Super Star) ဂျုံမှုန့်

အမှတ်တံဆိပ်များကို မုံရွာမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ပြီး၊ ကြိတ်ခွဲထုတ်လုပ်ပြီး မြန်မာပြည်တစ်ဝှမ်းလုံးသို့ ထုတ်လုပ်ဖြန့်ချိရောင်းချမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမိုးကျော်**

**ဖုန်း–၀၉–၇၆၅၁၁၂၂၀၂**

# ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း–၂၊ မြေကွက်အမှတ်(၃၃၅)၊ ဧရိယာ ၀ ဒသမ ၀၉၉ ကေရှိ ဦးလွင်မောင်သိန်း အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၆၉၀/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ခင်မြအေး ၉/ပမန (နိုင်)၀၁၉၄၅၃ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်ကြည်ကြည်ဌေး ၉/ပမန(နိုင်)၁၂၆၅၉၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ လှိုင်သာယာမြို့၊ ကျန်စစ်သားလမ်း ၊ အမှတ်(၁၂)နေ ဒေါ်ခင်ခင်စိုး ၁၂/လသယ(နိုင်)၀၂၈၂၀၆ ၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ပြည်မြို့၊ နဝဒေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အင်ကြင်းမြောင် ၄၀၄A ၊ အကွက်အမှတ် (၄၁၀၊ ၄၁၁) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်တိုက် ဆိုင်ခန်းအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ၂၆–၆–၂၀၂၂ ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ခင်စိုး တစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်သော လက်ရှိပစ္စည်းဖြစ်ပါသည်။ ထို့ကြောင့်ဖော်ပြပါ ပစ္စည်းနှင့်ပတ်သက်၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းခွင့်မရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်စိုး၏ လွှဲအပ်ချက်အရ–**

**ဒေါ်ခင်နှင်းသစ် B.A (IR),H.G.P,P.G.D.L,M.P.A,PCT& IP (W.I.P.0,Swiss)**

**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၆၆၃၆)**

**အခန်း၁၁၊ တိုက် ၂၁၀၁ ၊ ဇမ္ဗူသီရိမြို့နယ် ၊နေပြည်တော်**

**ဖုန်း–၀၉– ၄၂၃၆၆၀၁၉၃**

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ–၈)၊ ဦးပိုင်အမှတ်(၆၂)၊ ၆၄x၆၅ လမ်း၊ ဇော်ဂျီနှင့် ကုသိုလ်တော်လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ် (၁၄၉၃/၂၀၂၁) ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းစွမ်မိုင်း ၁၃/သနန(နိုင်)၀၂၈၀၁၀ က မြေကွက်၏ မြေဖိုး(၄၀၀ဝိ/–) ငွေသွင်းပြေစာပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ မြေချထားမိန့်၊ တောဂရန်စာချုပ်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ–၁၂)၊ ဦးပိုင်အမှတ်(၈၉)၊ ၆၁ x ၆၂လမ်း၊ သာယာဝတီနှင့် ပျူစောထီးလမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးနေဝင်း ၁၃/နဆန(နိုင်)၀၀၂၆၀၄ က မြေကွက်၏မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာလက်ဝယ်တွင် အထားအသိုများယွင်းပြီးပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဧရိယာအမှန်ပြင်ဆင်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀/ပေါင်းလောင်း–၁၊ ဦးပိုင်/မြေကွက်အမှတ် (၁၀၈/၃၅၈)၊ ဧရိယာ (၀ ဒသမ ၀၅၅)ကေရှိ ဦးခင်လှိုင်အမည်ပေါက် ပါမစ်မြေကွက်အား ဦးစည်သူကျော်ဝင်းလွင် ၇/ဖမန(နိုင်)၁၃၆၄၆၄ မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထားရေးကော်မတီ၏ ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးနှစ်ဖက် သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ခင်ပွန်းအဖြစ်မှ စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်မ မသီတာမွန် ၁၀/ပမန(နိုင်) ၁၉၃၃၉၃ သည် ခင်ပွန်းသည်ဖြစ်သူ ဦးညီညီထွန်း ၁၀/ပမန(နိုင်) ၁၇၀၉၈၁ နှင့် (၂)နှစ်ခန့် ပေါင်းသင်းခဲ့ပြီး နောက်ပိုင်းတွင် ကျွန်မနှင့် အဆက်အသွယ်လုံးဝမလုပ်တော့ဘဲ ခင်ပွန်းသည်၏ ဝတ္တရားများ ပျက်ကွက်ခြင်း၊ ထောက်ပံ့ပေးကမ်းခြင်းကိစ္စများလည်း မရှိသည့်အပြင် ကျွန်မ ခွင့်မလွှတ်နိုင်သောကိစ္စများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့သောကြောင့် ယနေ့မှစ၍ ခင်ပွန်းသည်အဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စများ ကျွန်မ မသီတာမွန်နှင့် လုံးဝပတ်သက်ခြင်း မရှိပါကြောင်း ကြေညာအပ်ပါသည်။

**မသီတာမွန်**

**ကဒုံစီးရပ်ကွက်၊ ပေါင်မြို့၊ မွန်ပြည်နယ်**

# သွေးသည် အသက်

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါက်တာ သောင်းလင်း(ဆမ-၁၅၈၈၄)**
**ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး)**
**ကယားပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**အသက်(၅၁)နှစ်**

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အခြေခံကျန်းမာရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအေးသော်တာမွန်၏ခင်ပွန်း ဒေါက်တာသောင်းလင်း(ဆမ-၁၅၈၈၄) အသက်(၅၁)နှစ် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး(ရောဂါနှိမ်နင်းရေး) ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ၂-၇-၂၀၂၂ရက် (စနေနေ့) နံနက် ၀၀:၂၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## ဦးသန်း
**အသက် (၈၇)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ချောင်းစံပြကျေးရွာနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ (O-50)နေ ဦးသန်း အသက် (၈၇)နှစ်၊ သားသမီး ခုနစ်ယောက်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၂-၇-၂၀၂၂ရက် နံနက် ၆: ၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၇-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာမည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၂)လမ်း၊ အမှတ်(၈၅၂)၊ (၆)လွှာ၊ တိုက်ကိုမျက်နှာမူလျှင်(ဝဲ)၊ (၂)ခန်းတွဲ၊ RC(၅)ထပ်တိုက်အဆောက်အအုံ၏ ပထမထပ်(၂)လွှာ၊ ဧရိယာ(၅၁၇)စတုရန်းပေရှိ တိုက်ခန်းနှင့်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်း ရောင်းချ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မြင့်မြင့်စိန် ၁၂/သဃက(နိုင်)၀၄၇၈၅၆ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော ဒေါ်မြတ်စောသန့် ၁၂/တမန(နိုင်)၁၂၈၈၄၆၊ ဦးဌေးလှိုင် ၁၂/တမန (နိုင်)၀၂၄၇၇၇၊ ဒေါ်ခင်ခင်ထွေး ၁၂/တမန(နိုင်)၀၀၆၇၃၈ တို့က အပြီးအပြတ် ဝယ်ယူရန် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်မြတ်စောသန့်၊ ဦးဌေးလှိုင်၊ ဒေါ်ခင်ခင်ထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်နန္ဒာ**
**အထက်တန်းရှေ့နေ (စဉ်-၄၇၆၂၂)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်းကြယ်စင်မြို့တော်အိမ်ရာ၊သန်လျင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဆဆ-၄)၊ ဦးပိုင်အမှတ်(၂၈)၊ ၅၆x၅၇ကြား၊ အောင်ဇေယျနှင့် အောင်ဆန်းကြားရှိ ဦးချစ်ထွန်း အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်)ဦးချစ်ထွန်း (မိခင်)ဒေါ်ကြင် တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၇၁၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်ခင်ခင်၊ SKG -၀၃၁၆၈၆ ၉/စကတ(နိုင်)၀၃၁၆၈၆ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၀၇၀/၂၀၁၄ ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဆုံးဆမ် ၁၃/လရန(နိုင်)၀၆၃၃၆၈ က မြေကွက်၏ မြေဖိုး၊ လမ်းဖိုး ငွေသွင်းပြေစာ မူရင်း၊ ဘဏ်ချလန်မူရင်း၊ မြေချထားမိန့်မူရင်း၊ တောဂရန်မူရင်းတို့မှာ အိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံး ကျမ်းကျိန်ချက်များတင်ပြ၍ တောမှ မြို့ပြောင်း ၊ သက်တမ်းတိုး၊ အမည်ပြောင်း၊ ဂရန်မိတ္တူ လျှောက်ထားရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန်နှင့် အမှုတွဲဖွင့်လှစ်ခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် (၁)၊ ဦးပိုင်အမှတ်(၉၈)၊ လမ်း ၂၀ နှင့် ၂၁လမ်းကြား၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ အခလွတ် ဂရန်မြေကွက်အမည်ပေါက်သူ မကျော်(အပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ ကျန်ရစ်သူ တစ်ဦးတည်းသောမောင်ဦးတော်သည် ဒေါ်မြကြိုင်နှင့် အိမ်ထောင်ကျပြီး ဦးပြေအေး ၊ ဒေါ်လှမေ ၊ ဒေါ်အုံးကြင်၊ ဒေါ်မိုးမိုး၊ ဒေါ်သန်းသန်းထွေးတို့ကို မွေးဖွားခဲ့ပါသည်။ ဦးတော်၊ ဒေါ်မြကြိုင်၊ ဦးဌေးဌေး(လူပျိုဘဝ) အသီးသီး ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး ဦးပြေအေး ၉/မနမ(နိုင်)၀၅၅၉၂၁ ၊ ဒေါ်လှမေ ၉/မနမ(နိုင်)၀၅၄၉၁၃ ၊ ဒေါ်အုံးကြင် ၉/ မနမ(နိုင်)၀၅၅၁၅၁၊ ဒေါ်မိုးမိုး ၉/မနမ(နိုင်)၀၅၄၈၉၀၊ ဒေါ်သန်းသန်းထွေး ၉/ မနမ(နိုင်)၀၅၅၂၁၆ တို့က သေစာရင်း၊တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်၊ ခဲစင်းစွန့်လွှတ်စာချုပ်နှင့် ခဲစင်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ ၁လမ်း၊ အမှတ် ၈၁၅/ခ နေ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော (၁)ဦးဇော်ဝင်းလှိုင် ၁၂/သကတ(နိုင်)၁၆၀၈၁၀၊ (၂) ဒေါ်ဇင်မာခိုင် ၁၂/သကတ(နိုင်)၁၆၈၀၃၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ ၁လမ်း၊ စုပေါင်းအဆောက်အအုံအမှတ် ၈၅၊ အခန်း အမှတ် ၀၀၁၊ မြေညီထပ် တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးစောဝင်းအောင် ၁၂/သကတ(နိုင်)၁၂၂၇၉၉ မှ စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်လာခဲ့ပြီး ၎င်းသာလျှင် လိုအပ်သလို စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်သော (၁)ဦးဇော်ဝင်းလှိုင် ၁၂/သကတ(နိုင်)၁၆၀၈၁၀၊ (၂) ဒေါ်ဇင်မာခိုင် ၁၂/သကတ(နိုင်)၁၆၈၀၃၈ တို့မှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**U Zaw Myint(Law Firm)**

| | |
|---|---|
| ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B) (စဉ်-၁၂၉၈၆/၂၀၁၇) | ဦးရဲမြင့်အောင်(LL.B) (စဉ်-၄၁၇၀၃/၂၀၁၃) |
| ဒေါ်သဲသဲဦး(LL.B)(စဉ်-၁၈၀၇၇/၂၀၂၂) | ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅/၂၀၁၄) |
| (တရားလွှတ်တော်ရှေ့နေများ) | ဒေါ်သူဇာဝင်း(LL.B)(စဉ်-၅၁၇၇၃) |
| | (အထက်တန်းရှေ့နေများ) |

**အမှတ် ၃၊ သုမနလမ်းနှင့် မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်**

## ကျေးဇူးအထူးတင်ရှိခြင်း

(၂၀-၆-၂၀၂၂)ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ရှိခဲ့သည့် ကျေးဇူးရှင်မိခင်ကြီး ဒေါ်ခင်မြ အသက်(၉၃)နှစ် (ကျောင်းကုန်း)၏ နာရေးကိစ္စအဝဝတွင် လူဘွယ်ဝတ္ထုပစ္စည်းများ ပေးပို့ကုသိုလ်ပြုပေးပါသော အဘ၊ အမေနှင့်တကွ ပျဉ်းမနားစီမံကိန်း(နေပြည်တော်တည်ဆောက်ရေး)မှ လုပ်ဖော်ကိုင်ဖက်မိတ်ဆွေများ၊ သီဟ(၅၈)မှ သူငယ်ချင်းများ၊ စစ်အင်ဂျင်နီယာတပ်ဖွဲ့နှင့် အထူးဆောက်လုပ်ရေးတပ်ဖွဲ့မှ မိသားစုများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ မိတ်ဆွေများအားလည်းကောင်း၊ နာမကျန်းစဉ် ပြုစုကုသပေးခဲ့ကြသော သီရိသုခအထူးကုဆေးရုံနှင့် တဆရ(၂/၁၀၀၀)မှ ပါရဂူများနှင့် ဝန်ထမ်းများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ ဝိုင်းဝန်းကူညီပေးခဲ့ကြသော လူပုဂ္ဂိုလ်များအားလည်းကောင်း၊ ဖုန်း၊ ဆိုရှယ်မီဒီယာများမှ ဝမ်းနည်းစကား၊ အားပေးစကားပြောကြားခဲ့ကြပါသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ကွယ်လွန်သူအားရည်စူး၍ ကုသိုလ်အစုစုတွင် ပါဝင်လှူဒါန်းကြပါသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## အမွေဆက်ခံရန် သက်သေခံ လက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၆**
**ကွယ်လွန်သူ ဦးသန်းဆွေ၌ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အကြောင်း**

ဦးသီရိဆွေ — လျှောက်သူ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အမရပူရမြို့၊ တောင်ကိုင်းကျေးရွာ၊ ကွယ်လွန်သူ ဦးသန်းဆွေ အမည်ပေါက် အမရပူရမြို့နယ်၊ တောင်ကိုင်း၊ ကွင်းအမှတ် ၅၇၄(F)၊ (ကျားကိုက်အရှေ့)၊ ဦးပိုင်အမှတ် (၃၇/၃)၊ ဧရိယာ ၆-၉၃ကေ လယ်မြေအနက် ဧရိယာ ၃ဒသမ ၄၆၅ ကေ မြေအစိတ်အပိုင်း နှင့် ပတ်သက်၍ အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းလက်မှတ်စာရလိုကြောင်း၊ ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးသန်းဆွေမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှ တို့သည် ဤရုံးသို့ ၂၀၂၂ ခုနှစ် ဩဂုတ်လ ၁ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၅ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးသီရိဆွေ၏ လျှောက်ထားချက်ကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝင်းအောင်)**
**ဒုတိယခရိုင်တရားသူကြီး**
**မန္တလေးခရိုင်တရားရုံး**

## အမည်မှန်

ဦးသိန်းနိုင်ဦး ၁၃/ဟပတ(နိုင်)၀၁၉၄၉၈ ၏သမီး ဟိုပန်မြို့၊ အထက Grade-5 မှ မနန်းဆိုင်အွန် ၏ အမည်မှန်မှာ နန်းမေလင်းဦး ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ဟိုပန်မြို့၊ အထက စိုင်းအောင်ဆာ Grade 5 နှင့် စိုင်းအောင်မိန်း Grade-6တို့၏ မိခင်အမည်မှန်မှာ ဒေါ်ရှမ်းဆွေ ၁၃/ကလတ(နိုင်)၀၃၈၄၄၄ ဖြစ်ပါကြောင်း။

## အမည်မှန်

ဦးမြတ်ကိုကို ၇/ပမန(နိုင်)၁၀၈၀၆၇ ၏သမီး မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင်ရွာ အထက(ခွဲ) G.8 မှ မမြတ်ဆုပို၏ အမည်မှန်မှာ မမြတ်စုပို ဖြစ်ပါသည်။ **မမြတ်စုပို**

## အမည်မှန်

တန့်ယန်းမြို့၊ အခြေခံပညာအလယ်တန်းကျောင်း၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မနန်းဌေး(ဘ)ဦးဆန်မောင်၏ အမည်မှန်မှာ မနန်းဆိုင်ဌေးဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၁၁)၊ နယ်မြေ (၇)၊ အကွက်အမှတ် (အောင်စေတနာတိုးချဲ့)၊ ဦးပိုင် (အေ/၁၆၅/ခ)၊ ဧရိယာ ၀ဒသမ ၁၈၃ ကေရှိ အမှုတွဲအမှတ် ၄၃၈-၅/၂၀၁၀-၂၀၁၁(စီ)ဖြင့် ဦးသန်းနိုင် ၁၃/လရန (နိုင်)၀၀၂၈၈၈မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၂၉-၄-၂၀၂၂ရက်တွင် စာချုပ်အမှတ် (၁၃၈၊/၂၀၂၂) ဖြင့် ဒေါ်ရှီရှန်း ၁၃/လရန(နိုင်)၁၂၆၂၀၀မှ ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်၍ ဒေါ်ရှီရှန်းအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုပါက ၁၅ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အသိအမှတ်ပြု အကြီးတန်းလိုင်စင်ရ ကန်ထရိုက်တာ ဦးကျော်ဝင်း (LC-၃၆၄) ၁၂/တမန(နိုင်)၀၄၉၁၁၅ ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်နီနီဝင်း ၁၂/တမန(နိုင်)၁၄၀၀၉၉ မှ ကန်ထရိုက်တာလိုင်စင် အာမခံကြေး သိန်း(၅၀၀) ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ထုတ်ယူခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**အင်ဂျင်နီယာဌာန (အဆောက်အအုံ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၃၂ကေရှိ ဦးကျော်ခင် ၈/မဘန(နိုင်)၀၃၅၀၉၇ (ဘ)ဦးဘဇံ အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၂၂၄၂၉)ကို မြေကွက်အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ချိုချို ၈/မဘန(နိုင်)၀၃၅၀၉၈ (ဘ) ဦးချစ်ခင်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၃၀**

| | | | |
|---|---|---|---|
| ၁။ ဒေါ်မိုးခင်ခင် နှင့် | ၁။ ဦးရန်ရှင်း | ၉။ မသင်းသင်းခိုင် | |
| ၂။ ဒေါ်မိုးသူ | ၂။ ဒေါ်တင်တင်ဌေး | ၁၀။ မသူဇာမင်း | |
| ၃။ ဒေါ်မေစန္ဒာ | ၃။ ဒေါ်တင်တင်အေး | ၁၁။ မအေးအေးလွင် | |
| ၄။ ဒေါ်မေသော်တာ | ၄။ ဒေါ်ခင်ဝင်းသစ် | ၁၂။ ဒေါ်ခင်မြင့်ဆွေ | |
| | ၅။ ဒေါ်ခင်ဦးလွင် | ၁၃။ ဒေါ်အေးလုံ | |
| | ၆။ ဦးခင်မောင်သိန်း (ခ)ဦးသိန်းလွင် | ၁၄။ ဒေါ်မိုးမြင့်နွယ် | |
| | | ၁၅။ ဒေါ်တင်ကြည် | |
| | ၇။ ဦးမြသောင်း | ၁၆။ ဒေါ်မြင့်မြင့်စန်း | |
| | ၈။ မောင်ထိန်လင်း | ၁၇။ ဒေါ်မိုးဝါ | |
| တရားလိုများ | တရားပြိုင်များ | | |

ဦးခင်မောင်သိန်း(ခ)ဦးသိန်းလွင်၊ တောင်ကချင်ရပ်၊ အိမ်အမှတ်-၁၁၂၊ မိုးကုတ်မြို့၊ ဒေါ်မြင့်မြင့်စန်း၊ အမှတ်-မ/၇၀၀၊ ကျပ်ပြင်မြို့မရပ်၊ မိုးကုတ်မြို့ (ယခုနေရပ်လိပ်စာမသိ)သူများ သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်မိုးခင်ခင်ပါ ၄ ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၂ ခုနှစ် ဇူလိုင် ၂၉ရက် (၁၃၈၄ ခုနှစ် ဝါခေါင်လဆန်း ၂ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇူလိုင် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(မိမိသန်း)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးဇေယျာမင်း ၉/မထလ(နိုင်)၂၃၁၉၂၇၏သမီးဖြစ်သူ မိတ္ထီလာမြို့၊ အမက (၁၄၉) ရထပ(၁) Grade-2မှ မနန်စင်အား မခိုင်ဇင်သက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

မိတ္ထီလာမြို့နယ်၊ ရေဝေအုပ်စု၊ အမက (ကျောက်အိုး-၁) Grade-5 မှ မမေဦးခင်၏ဖခင်အမည်မှန်မှာ ဦးစိုးရွှေ ၉/မထလ(နိုင်)၂၃၀၆၄၄ ဖြစ်ပါသည်။

**ဦးစိုးရွှေ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၇၇-အေ၊ ၄၇၇-ဘီ၊ ၄၇၈-အေ)၊ ဧရိယာ(၀.၁၆၅)ကေရှိ ဒေါ်ရွှေစင်ထိုက် အမည်ပေါက် ပါမစ်မြေကွက်အား ဦးကြည်စိုး ၉/ပမန(နိုင်)၀၃၃၂၅၁ နှင့် ဒေါ်အေးအေးဝင်း ၉/ပမန(နိုင်)၀၃၃၂၅၂ တို့မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူဝယ်သူ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကပြုချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ ရပ်ကွက်/ ရဲစခန်း ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်၊

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၂)၊ တပင်ရွှေထီးလမ်း၊ မြေတိုင်းအမှတ် (၃)၊ အမှတ် (၂၆၀) ဟုခေါ်တွင်သော ဧရိယာ ၀ဒသမ၀၅၅ကေ ကျယ်ဝန်းသည့် ဦးရွှေအုန်းအမည်ပေါက်ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်လူနေအိမ် တစ်လုံးအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဖြူလွင်အောင် ၉/ပမန(နိုင်)၁၇၃၉၁၅ ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများအနေဖြင့် ဤကြေညာပါသည့်ရက်မှ ၁၄ ရက်အတွင်း ခိုင်မာသည့်စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီသီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၁၄/၂၀၂၀)**
**ဖုန်း-၀၉-၇၉၁၈၄၉၀၀၈**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/တောင်ရပ်ကွက်၊ ရန်ပြေ(၃)လမ်း၊ အမှတ်(၈၉၂/က)ဟုခေါ်တွင်သော (၆)ထပ်တိုက် အဆောက်အဦး၏ ဒုတိယထပ်၊ တတိယအလွှာ၊ အကျယ်အဝန်း(၁၈ ပေX ၅၄ပေ)ရှိ တိုက်ခန်းတစ်ခန်း အပါအဝင် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ တိုက်ခန်းမှာ မြေရှင် ဦးအဒူမော်တလောက် ၁၂/တမန(နိုင်)၀၉၉၈၄၁ အမည်ပေါက်သောနှစ်(၆၀)မြေငှားဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တိုက်ခန်းဖြစ်ပြီး ယခုရောင်းချရန် ကမ်းလှမ်းလာသူ ဒေါ်နီနီမြင့် နိုင်ငံသားအမှတ်- (လျှောက်ထားဆဲ)မှာ မြေရှင် ဦးအဒူမော်တလောက်၏ ဇနီးဖြစ်ကြောင်းနှင့် ခင်ပွန်းဖြစ်သူ မြေရှင် ဦးအဒူမော်တလောက်သက်ရှိ ထင်ရှားရှိစဉ်က (၂-၁၀-၂၀၁၃)နေ့စွဲပါ ကန်ထရိုက်တာနှင့် မြေရှင်တို့ အခန်းပေးအခန်းယူ တိုက်ခန်းဆောက်လုပ်ခဲ့ပြီး ယခုရောင်းချသော တိုက်ခန်းအား မြေရှင်တစ်ဦးအနေဖြင့် ပိုင်ဆိုင်လာခြင်းဖြစ်ကြောင်းနှင့် မြေရှင် ဦးအဒူမော်တလောက်မှာ (၁၂-၄-၂၀၂၂) ရက်နေ့တွင် ကွယ်လွန်သွားသောကြောင့် ၎င်းပိုင်ဆိုင်လာခြင်းဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ ထုတ်ဖော်ဝန်ခံလျက် ၎င်း၏ကိုယ်စား ဦးခင်မောင်စိုး ၁၂/သကတ(နိုင်)၁၄၆၂၄၄ မှ အလုံးစုံတာဝန်ယူလက်မှတ်ရေးထိုး၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးဝေဖြိုးပိုင် ၁၂/သကတ(နိုင်)၁၈၆၄၅၃ မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါကခိုင်လုံသောမူရင်းစာရွက်စာတမ်းအထောက် အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေဖြိုးပိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နီလာဝင်း (LL.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၂၃)**
**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-778434507, 09-772766 716**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် 13U/4228 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းအောင် ၉/တမန(နိုင်)၁၀၃၇၃၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/73810 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၁၄/ညတန(နိုင်)၀၉၅၀၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/38425 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုး ၁၂/ကမန(နိုင်)၀၀၂၇၅၀ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၉ယ/၆၉၂၃၉ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ 34 Shwe Mandalar Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၅)၊ ဦးပိုင်အမှတ် (၅၂-ခ)၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ ၆၃လမ်းနှင့် ၆၄ လမ်းကြားရှိ ဒေါ်ကြင်ရီ အမည်ပေါက် ဂရန်မြေကွက်အား (မွေးစားဖခင်) ဦးမြစိုး၊ (မွေးစားမိခင်) ဒေါ်ကြင်ရီတို့အသီးသီးကွယ်လွန်၍ ကိတ္တိမမွေးစားစာချုပ်အမှတ် (၆၃/၂၀၀၄) ဖြင့် မွေးစားခြင်းကို လက်ခံခဲ့သည့် ကျန်ရစ်သောမွေးစား သမီးဖြစ်သူ ဒေါ်မြင့်မြင့်စိုး ၉/မနမ(နိုင်)၀၆၇၁၉၇က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ် (ဌ-၁၀)၊ ဦးပိုင်အမှတ် (၁၃၇)၊ ၆၁ လမ်းနှင့် ၆၂ လမ်းကြား၊ ကျန်စစ်သားလမ်းနှင့် ဇော်ဂျီလမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးခင်မောင်လွင် ကွယ်လွန်၍ ကျန်ရစ်သော ဇနီးဖြစ်သူ ဒေါ်နန်းမြနွင်း ၉/မကန(နိုင်)၀၁၈၅၈၉က မြေကွက်၏ မြေချထားမိန့်မူရင်း၊ ငွေရပြေစာမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မြေရာဇဝင်(၁-က) စာရင်းတွင် ဦးခင်မောင်လွင် အမည်အား မှတ်သားခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

**ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့်တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှုမပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့်အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

## CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား ကြိုဆိုရေးစခန်းများ ဖွင့်လှစ်လက်ခံခြင်းနှင့် နီးစပ်ရာလုံခြုံရေးစခန်းများ၌ လက်ခံခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၂**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် လူငယ်၊ လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားကြောင်း သိရှိရသည်။ ကြေညာချက် အပြည့်အစုံမှာ -

**ပြည်တွင်း၊ ပြည်ပရှိ အချို့သော ကျောင်းသား၊ ကျောင်းသူ၊ လူငယ်လူရွယ်နှင့် CDM ဝန်ထမ်းများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့အပြင် အခြားကဏ္ဍ

*စာမျက်နှာ ၁၁ ကော်လံ ၁ ❍*

---

## အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်းကြေညာ

၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် (၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်) တနင်္ဂနွေနေ့သည် "အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၁၇/၂၀၂၂ ဇူလိုင် ၂ ရက်စွဲဖြင့် ကြေညာထားသည်။

---

## (၁၁) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားသမားများ ရွှေတံဆိပ် ၁၀ ခုကျော် မျှော်မှန်း

**ရန်ကုန် ဇူလိုင် ၂**

(၁၁) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ (Asean Paragame) ကို အင်ဒိုနီးရှားနိုင်ငံ ဆိုလိုမြို့ Central Java တွင် ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*စာမျက်နှာ ၂၅ ကော်လံ ၁ ❄*



မြန်မာမသန်စွမ်းအားကစားသမားများ ရေကူးလေ့ကျင့်နေစဉ်။

---



## အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း ဂိုးပြတ်နိုင်ပွဲရရှိ

အားကစားသတင်း စာ - ၂၅

---

**စစ်ကိုင်းတိုင်းဒေသကြီးရှိ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး**

ပြည်တွင်းသတင်း စာ - ၉

**တောင်တရုတ်ပင်လယ်အတွင်း တိုင်ဖွန်းမုန်တိုင်းတိုက်ခတ် သင်္ဘောတစ်စင်း ထက်ပိုင်းကျိုး၍ ၂၄ ဦး ပျောက်ဆုံးနေ**

နိုင်ငံတကာသတင်း စာ - ၁၃